
# ကြည်အေး၏ကဗျာများ



**ကြည်အေး၏ ကဗျာများ**

* * *

အားမာန်သစ်စာပေ
အမှတ် ၁၄၃၊ မြန်မာ့ဂုဏ်ရည်လမ်း
ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့။

* * *

**စာမူခွင့်ပြုချက်**
၂၈၀/၉၁ (၁၀)
**မျက်နှာဖုံးခွင့်ပြုအမှတ်**
၄၅၈/၉၁ (၁၂)
**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ်
**အုပ်ရေ**
၁၀၀၀
**ထုတ်ဝေသည့်လ**
၁၉၉၂၊ မတ် လ
**တန်ဖိုး**
၄၀ ကျပ်
**ကွန်ပျူတာစာစီ**
နေရီရီ
**အတွင်းပုံနှိပ်**
ဦးဘကြည် (၀၂၈၉၀)
ချင်းတွင်းအော့ဖ်ဆက်
၁၁၀၊ ၄၇ - လမ်း
ရန်ကုန်မြို့။

**မျက်နှာဖုံးပုံနှိပ်**
ဦးတိုးဝင်း (၀၂၄၃၁)
နေလရောင်အော့ဖ်ဆက်
၉၆/ခ၊ ၁၁ လမ်း
ရန်ကုန်မြို့။
**ထုတ်ဝေသူ**
ဦးတင်အုန်း
မိုးမင်းစာပေ ၉၃၊ ရိပ်သာလမ်း
လေးဒေါင့်ကန်
သင်္ဃန်းကျွန်းမြို့နယ်
ရန်ကုန်မြို့။

* * *

**စီစဉ်သူ**
ခွန်ဂျာမိုင်း
**မျက်နှာဖုံးပန်းချီ**
စံတိုး

* * *

## မာတိကာ

ဒဂုန်တာရာ၏ အမှာ ၃
ထင်လင်း၏ သုံးသပ်ချက် ၈
ကဗျာရေးသူ၏ စကား ၁၂

၁။ မြစ်လယ်မှာ ချစ်လှယ်တုန်းက ၃၃
၂။ မျက်လုံးတာရာ ၃၅
၃။ မိခင်မျက်နှာ ၃၆
၄။ ဆောင်းပေါက်တော့မည် ၃၇
၅။ ခရီးဝေယံ ၃၈
၆။ ဖြေရခက်တယ် ၄၀
၇။ ရွှေလှိုင်း ၄၂
၈။ ရောမှာ ဗေဒါပွင့် ၄၅
၉။ အငြင်း ၄၇
၁၀။ မိုးတိမ်ကိုမှာ ၅၀
၁၁။ အို လွမ်းသူရယ် ၅၂
၁၂။ တသက်သက် ၅၄
၁၃။ ဘဝဟောင်းကချစ်သူ* ၅၆
၁၄။ သချိုင်းအစ* ၅၈
၁၅။ ဘဝကူး* ၅၉
၁၆။ ရှင့် ကဗျာဆရာ ၆၀
၁၇။ တစ္ဆေ * ၆၂
၁၈။ စိတ်သိအိပ်မက်* ၆၄
၁၉။ ထွက်ပြေးချင်တယ်* ၆၆
၂၀။ ကြွေရွက်ဆင် ၆၈
၂၁။ အတ္တရုပ်ပုံလွှာ ၇၀
၂၂။ မယ့်သခင် ၇၃
၂၃။ နင်းဆီ ၇၅
၂၄။ အနုပညာကျွန်း ၇၇
၂၅။ မေ ကြယ်လေလား ၇၈
၂၆။ ခေါ်ထူးတမ်း* ၈၁
၂၇။ မိုးနှင့်မြေ ၈၃
၂၈။ စောင့်ခေါ်ပါမောင် ၈၄
၂၉။ အချည်းနှီးမီးအိမ်* ၈၆
၃၀။ မီးဖိုလှည့်ပါ ၈၇
၃၁။ ခွင့်လွှတ်ပါဖုန်း* ၈၉
၃၂။ လူမသိသော ကဗျာ* ၉၁
၃၃။ ဘဝအကွေ့* ၉၃
၃၄။ လွှင့်ပစ်လိုက်စမ်း ၉၅
၃၅။ နွမ်းလျအိမ်ပြန် ၉၆
၃၆။ အုံ့ဖွယ်ခန်း* ၉၇
၃၇။ ကဗျာချစ်သူ* ၁၀၂
၃၈။ သိစေချင်သည်* ၁၀၄
၃၉။ ခွင့်လွှတ်တတ်တယ်* ၁၀၆
၄၀။ ပြုံးမျက်ရည်ဖြိုင်အေး* ၁၀၇
၄၁။ မာနကို တောင်းဆိုခြင်း* ၁၀၉
၄၂။ မောင့်ဥယျာဉ်* ၁၁၀
၄၃။ နိဗ္ဗာန်လမ်းဆုံး* ၁၁၁
၄၄။ ပုံပြောမယ်* ၁၁၃
၄၅။ ထွေပြားသူ* ၁၁၅
၄၆။ ကလေးတို့မိုး* ၁၁၉
၄၇။ ညှိုးထန်သူ* ၁၂၁
၄၈။ မာနကိုပေးခြင်း* ၁၂၂
၄၉။ မျှော်လင့်ခြင်း* ၁၂၃
၅၀။ နှုတ်နေးခဲ့သည်* ၁၂၄
၅၁။ သမီးအလိမ္မာ* ၁၂၅
၅၂။ မေ့သားလိုချင်သည်* ၁၂၆
၅၃။၂၀ ရာစုနှစ် အလွမ်းသစ်* ၁၂၈
၅၄။ တရားသခင်* ၁၂၉
၅၅။ မွန်းနစ်စိမ်းကား* ၁၃၁
၅၆။ သစ္စာသစ်* ၁၃၅
၅၇။ လွတ်မြောက်ခြင်း* ၁၃၇
၅၈။ ပထမအဆင့်* ၁၃၉



P r o o f - t h a n t h a n n a i n g , p d f & D e s i g n - G ! V E R

၅၉။ နှင်းဆီရဲ့ အချစ်တရား* ၁၄၁
၆၀။ ဟန်ဆောင်သူများ* ၁၄၂
၆၁။ စံပယ်နီးသောအတိတ်* ၁၄၄
၆၂။ လယ်တော၏ အချစ်တေး* ၁၄၆
၆၃။ လရိပ်ပြုံးမြ* ၁၄၇
၆၄။ ဆေးရုံစောင့်၏မှတ်တမ်း* ၁၄၉
၆၅။ သူ* ၁၅၂
၆၆။ ကျန်ရစ်သူအတွေး* ၁၅၃
၆၇။ ကျွန်မ၏ မိတ်ဆွေများ* ၁၅၅
၆၈။ မြို့လယ်လမ်း* ၁၅၈
၆၉။ ဒုတိယည* ၁၆၁
၇၀။ သံသရာချစ်သူ* ၁၆၅
၇၁။ ချစ်သူလိုက်မယ်လား* ၁၆၇
၇၂။ အိမ်ပြန်ချင်သူ* ၁၇၀
၇၃။ ငယ်ကမွေးမြ* ၁၇၂
၇၄။ ဘဝကမ်းစပ်* ၁၇၃
၇၅။ ပထမအမြင်* ၁၇၄
၇၆။ မောင့်တောအုပ်မှာ* ၁၇၈
၇၇။ သိမြင်ခြင်း* ၁၈၀
၇၈။ ခွန်အားသစ် ၁၈၁
၇၉။ ပွင့်သစ်* ၁၈၂
၈၀။ စကားသင်ချင်သည်* ၁၈၃
၈၁။ တစ်ပိုင်းတစ်စအဆုံးသတ်မရသည့်ကဗျာ* ၁၈၅
၈၂။ လန်ဒန်အခါတစ်ပါး ၁၈၆
၈၃။ ငါလူသား (၁)* ၁၈၉
၈၄။ ငါလူသား (၂)* ၁၉၂
၈၅။ ငှက်နှင့်လူ ၁၉၄
၈၆။ အသိုက်ဖျင်း ၁၉၉
၈၇။ အိပ်မက်မောသူ* ၂၀၁
၈၈။ တမ်းတစိတ် ၂၀၂
၈၉။ ဆည်းဆာစကား* ၂၀၃
၉၀။ မေ့မည်ထင်သည်* ၂၀၅
၉၁။ နှုတ်ဆက်သွားသူ* ၂၀၇
၉၂။ ရာသီပြောင်း ၂၀၈
၉၃။ ယုံမှားသူသံသရာ* ၂၁၀
၉၄။ တရေးနိုးသူ* ၂၁၁
၉၅။ အချည်းနှီးပိတောက်* ၂၁၃
၉၆။ စံပယ်မနာလိုတော့မည်* ၂၁၄

---

** ကြည်အေး ကိုယ်တိုင် ရွေးချယ်ပုံနှိပ်လိုသော ကဗျာများ*

* * *

## ဒဂုန်တာရာ၏ အမှာ

(က)

အမှန် အားဖြင့် ကျွန်တော်သည် ကြည်အေး၏ ကဗျာစာအုပ်တွင် အမှာရေးရန် မလိုဟုထင်သည်။ သို့သော် ထုတ်ဝေသူများက အမှာစာ ရေးပေးစေချင်ကြသည်။ ထို့ကြောင့် ကျွန်တော် ရေးရသည်။

ကြည်အေးသည် ကဗျာဆရာ အသစ်ပေါက်စ မဟုတ်။ သူမ၏ စာရေးသက်ပင်လျှင် နှစ် ၄၀ ကျော်ပေပြီ။ သူမနှင့် မိတ်ဆက်ပေးစရာလည်း လိုမည်မထင်။ သို့သော် စာဖတ် ပရိသတ်တို့သည် ခေတ်အဆက်ဆက် ဖြတ်သန်းလျက် အဟောင်း အသစ်တို့ဖြင့် ရောပြွမ်းလျက်ရှိသည်။

စာဖတ် ပရိသတ်ဟောင်းတို့က ကြည်အေးကို ကောင်းစွာ သိကြသည်။ ပရိသတ် အသစ်တို့က သိသူလည်း ရှိသည်။ မသိသူလည်းရှိသည်။ သို့သော် လူငယ်များက ကြည်အေးကို တမ်းတ နေသည်ကို တွေ့ရပေသည်။ ကြည်အေး ဝတ္ထု၊ ကဗျာကို ပြန်လည် တွေ့ရှိနေသော ခေတ်ကာလဟု ဆိုနိုင်သည်။

(ခ)

၁၉၄၉ ခုလောက်က ရှုမဝတွင် စတင် ပါရှိသော ကြည်အေး၏ `မီ´ ဝတ္ထုတွင် ကျွန်တော် ရေးခဲ့သော အမှာစာမှာ ပထမအကြိမ်။ ယခု ဒုတိယအကြိမ်။ နှစ်ပေါင်း ၄၀ ပင် ကွာခြားခဲ့ပြီ။ ကြည်အေး၏ ကဗျာများကို ပုံနှိပ်ထုတ်ဝေရန် ကြိုးစားသည်မှာ အကြိမ်ကြိမ်။ အထမမြောက်ခဲ့ပေ။ ၁၉၇၁က ကျွန်တော်၏ မိတ်ဆွေ ဟင်္သာစာပေမှ ကိုအုန်းစိန် (ရွှေပြည်စိုး) က **ကြည်အေးကဗျာ** ဟူသောစာအုပ်ထုတ်ဝေရန် စီစဉ်ခဲ့ဖူးသည်။

ကိုအုန်းစိန်က ကြည်အေး၏ ကဗျာများကို ကြိုက်နှစ်သက်သူ ဖြစ်သည်။ သို့သော် ကျွန်တော်၏ `အယ်ဒီတာစားပွဲ၊ စာပေ၊ အနုပညာ ဝေဖန်ရေးနှင့် ပန်းနုရောင်အို´ ထုတ်ပြီးကတည်းက မထုတ်တော့ပေ။ ဒီအထဲတွင် ကြည်အေး၏ ကဗျာစာအုပ်လည်း မထုတ်ဖြစ်တဲ့ အထဲတွင် ပါသွားတော့သည်။ ကျွန်တော့် `တို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ´ သည်လည်း ကိုအုန်းစိန်က ထုတ်ဝေရန် ဖြစ်သည်။

ထို့နောက်တစ်ဖန် တောင်ငူမှ အမောင်က ကြည်အေးကဗျာများကို ထုတ်ဝေရန် အစီအစဉ် လုပ်ထားပြီးဖြစ်သည်။ သူသည်လည်း စာအုပ်ထုတ်ရန် ပိုက်လာသောငွေများ ကုန်ခန်းသွား၍ မထုတ်ဖြစ်တော့။ စာအုပ်လည်း မရိုက်ဖြစ်။ ထို့ကြောင့် ကြည်အေး၏ ကဗျာစာအုပ်လည်း ထွက်မလာနိုင်တော့ပေ။

ယခု အားမာန်သစ် စာပေမှ မောင်မြင့်မြတ်နှင့် စီစဉ်၍ ကြည်အေးကဗျာ ထုတ်ဝေတော့မည် ဖြစ်၍ ကျွန်တော် ဝမ်းသာရသည်။ ယခုမှ အထမြောက်ပြီ။

ဝတ္ထုတို ပေါင်းချုပ်၊ ကဗျာပေါင်းချုပ် ထုတ်ဝေခြင်းသည် ယင်းစာရေးဆရာ၏ မှတ်တိုင်ကို စိုက်ထူခြင်းပင် ဖြစ်သည်ဟု ယူဆသည်။ စာပေတစ်ရပ်ကို စုပေါင်းထုတ်ဝေလိုက်သောအခါ ယင်းစာပေရေးသူ၏ ရုပ်ပုံလွှာသည်လည်း ပို၍ထင်ရှား လာသည်။ သူ၏ စာပေသည် ခေတ်များဖြတ်သန်း၍ မတ်မတ်ရပ်နိုင်မည်ဆိုလျှင် သူ၏ စာပေ မှတ်တိုင်အဖြစ် ပေါ်လွင်ထင်ရှားလာပေမည်။

အကယ်၍ မတ်မတ်မရပ်နိုင် ဆိုလျှင်တော့ ပေါ်ထွန်းလာမည် မဟုတ်ပေ။

ကြည်အေးသည် ကဗျာသက် နှစ် ၄၀ ခန့်ရှိပြီးကာမှ သူမ၏ ကဗျာမှတ်တိုင်ကို စိုက်ထူလိုက်ပေပြီ။

(ဂ)

ယနေ့ခေတ်သည် အသစ်ပွင့်ဖူးနေသော ခေတ်ဖြစ်သည်။ အတွေးအခေါ်သစ်၊ လှုပ်ရှားမှုသစ်တွေ ပေါ်ထွန်းလျက်နေပြီ။ မျိုးဆက်သစ်တွေလည်း မွေးဖွားလျက် ရှိပေသည်။ ယင်းသို့ အသစ်များ ပွင့်ဖူးနေသော အချိန်တွင် ကြည်အေး၏ ကဗျာစာအုပ်ပွင့်ဖူးလာရသည်။ ပြန်လည်ပွင့်ဖူးခြင်း (သို့) ပြန်လည်တွေ့ရှိခြင်းဟု ဆိုရပေမည်။ ကြည်အေးသည် နှစ်အနည်းငယ်ကြာ အသံမကြားပဲ မြုပ်နေရာ လူတွေက တူးဖော်သဖြင့် တွေ့ရှိလာရာ ပြန်လည်တွေ့ရှိခြင်း အသစ်ဟု ဆိုနိုင်သည်။

ယခု အမှာစာတွင် ကျွန်တော်သည် ကြည်အေးကဗျာကို အကဲဖြတ်ရန် မဟုတ်။ ခေတ်တိုင်းတွင် စာပေအကဲဖြတ်လုပ်ငန်း ကို ဆောင်ရွက်နေသော တက္ကသိုလ်မှ စာပေဗေဒ ပညာရှင်များက မှန်သားပေါ်တွင် တင်၍ ကြည်အေးကို ဆန်းစစ်ကြည့်ကြမည်။ သို့မဟုတ် ခေတ်များကို ဖြတ်သန်းလျက်ရှိသော စာဖတ်ပရိသတ်တို့က ကြည်အေး၏ ရင်ခုန်သံကို ခံစားကြမည်။

ကျွန်တော် ကြည်အေးကို သိတာတစ်ခုပဲရှိသည်။ သူမသည် ကဗျာဆရာမ၊ သူမ၏ ခံစားမှု(ဝါ) ရင်ခုန်သံကို ဖွဲ့နွဲ့သူ ဖြစ်သည်။ ထို့ကြောင့် ကြည်အေးသည် ကဗျာဆရာမ။ ခံစားမှုကို လိမ်၍မရ။ အတုလုပ်၍မရ။

စစ်မှန်သော ကဗျာသည် ခံစားမှုမှ စီးဆင်းလာသည်။ ကဗျာစကားလုံးသည် ခံစားမှုမှ အသစ်မွေးဖွားလာသည်။ ခံစားမှုမှ လှပသော၊ သစ္စာရှိသော ကဗျာစကားလုံးများ မွေးဖွားပေးလိုက်သည်။

ကမ္ဘာ့စာပေသမိုင်းကို ကြည့်လိုက်လျှင် ယနေ့တိုင် ကျော်ကြား ထင်ရှားလျက်ရှိသော ကဗျာဆရာ၊ စာရေးဆရာတို့သည် အချစ်ကဗျာ၊ အချစ်ဝတ္ထုကို မဖွဲ့နွဲ့သည်မရှိ။ ကြည်အေးသည် အချစ် ခံစားမှု ကဗျာများဖြင့် စာပေမွေ့သူတို့၏ ကြိုက်နှစ်သက်ခြင်းကို ခံရသူ ဖြစ်ပေသည်။ အချစ်ကဗျာတွင် အလှအပ၊ ငြိမ်းချမ်းရေး၊ သစ္စာတရား စသော ဝိသေသများဖြင့် ခြယ်သထားသော နောက်ခံကား ပါရှိသည်။

ယင်း နောက်ခံကားတို့ လှပမှ အချစ်ကဗျာတို့ တောက်ပနိုင်သည်။ ငယ်ရွယ်နုပျိုသော အခါများတွင် အချစ်ခံစားမှုကို လှပစွာ လှုပ်ရှားနေစေသည်။ အနှစ် ၄၀ ခန့် ကြာသောအခါ အချစ်သည် လူသားတို့အပေါ် ချစ်သောမေတ္တာတရား (ဝါ) ငြိမ်းချမ်းရေး တရားဖြင့် ထုံမွှမ်းလာပေသည်။

လူတို့၏ တိုးတက်သော သိပ္ပံပညာဖြင့် လက်နက်များထုတ်ရာ အသက်ပေါင်းများစွာ သေကျေဆုံးရှုံးခဲ့ရသည်။

ဤအဖြစ်ကို သုံးသပ်ကာ ငှက်ကလေး၏ အသစ်ဖြစ်ပေါ်ခြင်း၊ ပြန်လည်ဖူးပွင့်ခြင်း စသော မေတ္တာတရားကို ရှုမြင်လာသည်။ သူမ၏ ကျေးငှက်အပေါ် ခံစားသော အချစ် (ဝါ) မေတ္တာကဗျာတွင် တွေ့နိုင်သည်။ ဤသည်မှာ သူမက လူ့အတွေ့အကြုံ (Human Experience) ဟု ဒဿန စကားဖြင့် ပြောသည်ကို တွေ့ဆုံခန်း တစ်ခု၌ ကြားခဲ့ရသည်။

စစ်ကိုဖန်တီးသူ စစ်လူထက်၊ ဥ ခင်မင်သော ငြိမ်းချမ်းရေး ငှက်ကလေးကို တန်ဖိုးထားသည်ကို ယင်းကဗျာ၌ တွေ့နိုင်သည်။ ။

ဒဂုန်တာရာ

## ကြည်အေး၏ ကဗျာများနှင့် ပတ်သက်၍ သုံးသပ်ချက်

ကြည်အေး၏ စာများသည် ဒုတိယ ကမ္ဘာစစ်ပြီးစ ခေတ်ဆီက လူကြိုက်များခဲ့သလိုပင်ဝေဖန်သူလည်း များခဲ့သည်။ ကြိုက်ကြသည်မှာ ယခုအခါ လူကြီးပိုင်းသို့ ရောက်လာကြပြီဖြစ်သော လူငယ်များ။ ဝေဖန်ကြသည်မှာ ထိုစဉ်အခါက လူကြီးများ။ လူငယ်များကကြည်အေး၏ `*ကဗျာ*´ အယူအဆ `*အမြင်*´ တို့ ဆန်းသစ်သည်ကို ကြိုက်ကြသည်။ လူကြီးများက ကြည်အေး၏ ကဗျာဖွဲ့ပုံ၊ ကာရန်၊ အယူအဆ၊ အထားအသိုကို အများဆုံး ဝေဖန်ကြသည်။ ကဗျာအပေါ်၌ သဘောထားအမြင် မတူကြသည့် လက္ခဏာပေတည်း။ သဘောထားအမြင်တို့သည် လူအလိုက်၊ ခေတ်အလိုက် ပြောင်းတတ်သည့် သဘောရှိသည်။

ကဗျာသည် ကဗျာလင်္ကာဟု ဆိုအပ်သော အလှအပ အနုပညာ ဖန်တီးမှုသဘောနှင့် နီးနွယ် ပေါက်ဖွားလာသော လောကတန်ဆာဟု ဆိုလျှင် ကဗျာတွင် `*နှစ်လိုဖွယ် အခြင်းအရာ*´ သည် ရှိသည်ဟုလည်း ဆိုရမည်။ နှစ်လိုဖွယ် အခြင်းအရာဆိုသည်ကိုမူ သာမန်အားဖြင့် အတိအကျ ကန့်သတ်ဖေါ်ထုတ် ရှင်းလင်းပြဖို့ ခက်သည်။ ကဗျာသည် သစ်ပင်မှ သစ်ရွက်များ ထွက်လာသလို အလိုအလျောက် ပေါ်ထွက်လာရမည်။ ထိုသို့ မဟုတ်ပါက လုံးဝ ထွက်မလာသင့်ချေဟု ကဗျာဆရာကြီး ကိစ် ( Keats ) ကဖွင့်ဆိုခဲ့သည်။

ထိုအဆိုအမိန့်ကို ထပ်မံဖွင့်ဆိုစရာမရှိ။ ကဗျာ၏ သဘောကို ဆင်ခြင်ရာတွင် သိသာရုံမျှ အခြေခံ စဉ်းစားရန် ရည်ညွှန်းရခြင်း ဖြစ်သည်။ ၁၉ ရာစု ကဗျာစာဆို အကျော်အမော် ဝီလျံဝ့ါစ်ဝသ် (William Wordsworth) က သံချိုတေး ကဗျာစု (Lyrical Ballads) စာအုပ်အတွက် အမှာရေးရာတွင် `*ကဗျာသည် ပြင်းထန်သော ခံစားချက်မှ အလိုအလျောက် လျှံထွက်လာသော အရာဖြစ်၏။ ယင်းသည် ငြိမ်သက်စွာ ပြန်လည် အောက်မေ့သော ခံစားမှု၌ မြစ်ဖျားခံသည်*´ ဟု ရေးသားခဲ့သည်။ ထိုအဆိုအမိန့်သည်လည်း ကိစ်၏ ဖွင့်ဆိုချက်နှင့် သဘောချင်းတူသည်။

ကြည်အေး၏ ကဗျာများကို ဆင်ခြင်လျှင် ကြည်အေး၏ ကဗျာဉာဉ်ကို ခန့်မှန်းနိုင်သည်။ အချို့ကဗျာတို့သည် ကြည်အေး၏ `*ပြင်းထန်သော ခံစားချက်*´ မှ အလိုအလျောက် လျှံထွက်လာသည်ဟု ဆိုနိုင်လောက်သည်။ ကြည်အေးသည် မြန်မာကဗျာတို့၏ ဖွဲ့စည်းတည်ဆောက်ပုံ အခြေခံကို နားလည်သည်။ ကဗျာဖွဲ့နည်း ကျမ်းများမှ စည်းကမ်းနည်းလမ်း များကို လိုက်၍ဖွဲ့သည် ဟူ၍တော့ မဆိုသာ။ မြန်မာစာပေလောက မြန်မာစာပေ သမိုင်းတွင် ထင်ရှားကျော်ကြားခဲ့သော ရှင်ဥတ္တမကျော် တောလား၊ ကိုးခန်းပျို့ အစရှိသော ကဗျာလင်္ကာတို့ကို အလွတ်ကျက်၍ သူ့အသွေးအသားထဲသို့ `*ကဗျာ*´ ထည့်ထားပြီး သူ၏ ခံစားချက်များ လျှံထွက်လာခိုက်တွင် ဤကဗျာဖြင့် ထုံသော သူ၏အသွေးအသားမှ ဉာဉ်သည် အတူ ရောနှောပါလာသည့် သဘောဟူ၍တော့ ဆိုနိုင်မည်ထင်သည်။ ကြည်အေး၏ ကဗျာဉာဏ် ကဗျာဟန်သည် ကြည်အေး၏ ကဗျာဆည်းပူးမှု၊ ကဗျာ့သဘော ခံစားမှုတို့မှ အလိုအလျောက် လျှံထွက်လာသည့် အဖူးအပွင့်များဟူ၍ ဆိုနိုင်ပါလိမ့်မည်။

နောင်းခေတ် ကဗျာရှင်အတော်များများသည် ကြည်အေး၏ ပရိသတ်ဖြစ်ပြီး ထိုကဗျာရှင်တို့တွင် အတော်များများသည် ကြည်အေးကဲ့သို့ပင် ကဗျာဆည်းပူးမှု၊ ကဗျာ့သဘော ခံစားမှုများဖြင့် ကဗျာဖန်တီးကြသူများဖြစ်၍ သူ့နည်းသူ့ဟန်နှင့် သူနှစ်သက်ဖွယ် ကဗျာများ ပေါ်ထွက်လာကြသည်။ သို့ရာတွင် အချို့သော ကဗျာတို့မှာ မူကားရှေးရိုးနည်းစနစ်များကို ဦးစားပေးလွန်းသလား သို့မဟုတ် ကြည်အေးကို ပုံတူကူးလွန်းသလား မသိ။ "*အလိုအလျောက်*" လျှံထွက်လာသော `*ကဗျာ*´ များဟု ဆိုရန်ခက်သည်ကို တွေ့ရသည်။

ကြည်အေးအား ကဗျာဆရာအဖြစ် ကြည့်ရှုရာတွင် သူ့အား `*ဒဿနိကပညာရှင်*´၊ `*အတွေးအခေါ် တီထွင်သူ*´ ဟူ၍တော့ ဆိုနိုင်မည်မထင်။ သို့သော် `*ကဗျာစာဆို*´ ဟူ၍တော့ ခေါ်ဆိုနိုင်ပါလိမ့်မည်။ သို့ရာတွင် ကြည်အေး၏ နောက်ပိုင်း ကဗျာအချို့တွင် အတွေးအခေါ်များ ရင့်ကျက်၍ လူသားနှင့် အခြားသက်ရှိသတ္တဝါ ငှက်

စသည်တို့၏ မေတ္တာတရား၊ ကရုဏာတရား တို့ကို ဆင်ခြင်သည့် ဒဿနသဘောများ ပါလာသည်ကို တွေ့ရသည်။ ဤကမ္ဘာမြေအပြင်ဝယ် သက်ရှိသတ္တဝါများ ပေါ်ပေါက်ရောက်ရှိလာချိန်မှ စ၍ တဖြည်းဖြည်း တိုးတက် ရင့်ကျက် ပြောင်းလဲလာရာတွင် သတ္တဝါတို့၏ မေတ္တာတရား ကရုဏာတရားဆိုသည်တို့ကို သားငယ်အား အစာရှာဖွေ ခွံ့ကျွေး စောင့်ရှောက်သည့် ငှက်တို့၌ တွေ့မြင်ရပုံကို စာဖွဲ့သည့် ကဗျာမျိုးတွင် ကြည်အေး၏ ဒဿနအမြင်ပါသည်။ `*ငါလူသား*´ကဗျာတွင်လည်း `*ဒဿန*´ပါလာသည်။

ဤမျှဆိုလျှင် ကြည်အေး၏ ကဗျာများသည် မည်ကဲ့သို့သော အရည်အသွေး ရှိသည်ကို သိသာလောက်ပြီ ထင်ပါသည်။ ဤသုံးသပ်ချက်သည် ကြည်အေးအား သော်လည်းကောင်း၊ ကြည်အေး၏ ကဗျာများကို သော်လည်းကောင်း အမွှမ်းတင်၍ ချီးမွမ်းရန် မဟုတ်ပါ။ ကဗျာနှင့် ကဗျာသဘောကိုလည်းကောင်း၊ ကဗျာဖန်တီးသူနှင့် ကဗျာဖန်တီးမှု သဘောကို လည်းကောင်း မှတ်သားခံယူမိသ၍ကို တင်ပြ၍ ထိုထိုသော ကြည်အေးကဗျာစုကို အကဲခတ်နိုင်ကြစေရန်သာ ရည်ရွယ်ပါသည်။ ။

ထင်လင်း

## ကဗျာရေးသူ၏ စကား

ကျွန်မရဲ့ ကဗျာစာအုပ် ထုတ်ဖြစ်တယ်လို့ ကြားပြီး တစ်လလောက်ကြာတော့ ကိုထင်လင်း ပို့လိုက်လို့ စာအုပ်ငါးအုပ် ရပါတယ်။ သပ်သပ်ရပ်ရပ် အိန္ဒြေရရကလေးမှ ဖြစ်ပါ့မလား၊ ဒီက နိုင်ငံခြားသား မိတ်ဆွေများကိုမှ ပြဝံ့ပါ့မလားလို့ နည်းနည်းပူမိတာ အမှန်ပါပဲ။ စာအုပ်ရတော့ မဆိုးပါဘူး ထင်မိတယ်။

ကဗျာစာအုပ် ထုတ်တဲ့ကိစ္စမှာ ကျွန်မက လုံးဝ မပါနိုင်။ ခင်မင်တဲ့မိတ်ဆွေ ကိုထင်လင်းနဲ့ ကိုဒဂုန်တာရာတို့ကလဲ အပင်ပန်း ခံနိုင်တဲ့အရွယ် မဟုတ်ကြပြီမို့၊ ထုတ်ဖြစ်တာကိုပဲ ဝမ်းသာရမယ် ထင်ပေမယ့် ကျွန်မ ဆောင်းပါးရေးချင်စိတ် ပေါက်လာတာတော့ ဝန်ခံရမယ်။

စာအုပ် ထုတ်ဖြစ်အောင် ကြိုးစားကြတဲ့လူတွေကို မမြင်ဖူး မသိဖူးပေမယ့် ကျေးဇူးအရင် တင်ရပါတယ်။

ကျွန်မ တကယ် လုပ်ချင်တာကတော့ ကိုယ်တိုင်ရွေးချယ်ပြီး ကိုယ်တိုင်ကြိုက်တဲ့ ကဗျာများ ဆိုပြီး၊ တတ်နိုင်ရင် ကိုယ်တိုင်ပန်းချီ ရေးဆွဲပြီး ထုတ်ဖို့ပေါ့။ အချိန်လဲ မပေးနိုင်သေးတော့ မလုပ်ဖြစ်သေးပါဘူး။ ဒါပေမဲ့ မာတိကာ အစီအစဉ် ရှိရမယ်။ ထုံးစံက အချိန်ကာလ ပိုင်းခြားပြီး ကဗျာတွေကို တန်းစီရမယ် ထင်ပါတယ်။ ဥပမာ ၁၉၄၇ မှာ ရေးခဲ့တဲ့ ကဗျာတွေက ရှေ့ဆုံးက နေနိုင်တယ်။ ၁၉၈၉ ခုမှာ ရေးတဲ့ ကဗျာတွေက နောက်ဆုံးမှာပေါ့။ ဒါမှမဟုတ် ခုခေတ် Curriculum Vitae ဟန်မျိုး၊ နောက်ဆုံးရေးတဲ့ ကဗျာက ရှေ့ဆုံးနေပြီး၊ အစောဆုံး ကဗျာဆီကို နောက်ဆုတ် ပြန်သွားရင်လဲ ဖြစ်တယ်။ ကဗျာရေးသူကို လေ့လာရာမှာ နည်းနှစ်နည်း စလုံး အသုံးကျပါတယ်။ ဒုတိယနည်းက ပိုကောင်းတယ် ဆိုရမလား မသိဘူး။ အရင့်မာဆုံး အဆင့်ကို လက်ဦးတွေ့ဆုံပြီး ဒီအဆင့်ကို ရောက်အောင် ဘယ်ကစသလဲ၊ ဘယ်လောက်အချိန်ယူ ရသလဲဆိုတာ အကဲခတ်နိုင်တယ်။ ပြီးတော့ ပျင်းစရာလဲ မကောင်းဘူးလို့ ထင်ပါတယ်။ ရှင်းရှင်းပြောရရင် ရှေ့ပိုင်းက ကျွန်မ ငယ်ငယ်က (Teenager) အနေနဲ့ ရေးခဲ့တဲ့ ကဗျာတွေကို ပြန်ဖတ်ရတာ သိပ်ပျင်း တကယ်ပျင်းပဲရှင့်။

နောက်တစ်ခုက စာလုံးပေါင်း မှားတာရယ်၊ ကျွန်မရေးလိုတဲ့ စကားလုံးတွေကို မရိပ်မိတာရယ်လဲ တွေ့ရတယ်။ ဒါကတော့ ခုမှမဟုတ်ဘူး။ ရေးသရောအခါက ကျွန်မရဲ့ ကဗျာတွေ စပြီးရေးစ ကဗျာတွေ ပုံနှိပ်ကတည်းက ဖြစ်လာတဲ့ ကိစ္စပါပဲ။ ကျွန်မရဲ့ အပြစ်တစ်ခုက စာဖတ်သူကို ရှိသေတဲ့ သဘောနဲ့ဖြစ်ဖြစ် ရှင်းလင်းဖို့၊ အမှားပြင်ပေးဖို့ မလုပ်ပေးနိုင်ခဲ့တာပါပဲ။ ခုတော့ အသက်ကြီးလာတော့ စာဖတ်သူတွေ ကျွန်မရဲ့ ကဗျာကို ကြိုက်သူများကို လေးစားတဲ့ စိတ်အရင်းခံနဲ့ လုပ်စရာ ရှိတာကို မပျင်းနေဘဲ လုပ်ရမယ်လို့ စိတ်ထားတတ်လာတယ်။ ဒါကြောင့်လဲ ဒီဆောင်းပါးကို ရေးတာပါ။

အဲဒီတော့ ဒီစာအုပ်ထဲက အထူးသဖြင့် ကျွန်မကြိုက်တဲ့ ကဗျာတွေကို ဥပမာပေးပြီး ရှင်းလင်းပြင်ဆင်ဖို့ လိုလာတယ်။ ဒီဆောင်းပါးဟာ အရှည်ကြီး ဖြစ်လာနိုင်တယ်။ ရေးမယ့်အတူတူ ကဗျာကို ကျွန်မဘယ်လို စရေးပြီး ဘယ်ငယ်ဆရာများဆီက အမွေခံခဲ့တယ် ဆိုတာပါ ပြောပြ ရေးချင်လာတယ်။

ခွင့်လွှတ်ရခက်တဲ့ အမှားတွေကိုလဲ ထောက်ပြရဦးမယ်။ ပထမ အကြိမ်ထုတ်စာအုပ် စာမျက်နှာ ၇၁ မှာ လေးချိုး တစ်ဝက်တစ်ပျက်ကို တခြားလေးချိုးတစ်ခုနဲ့ရောပြီး ရိုက်ထားတယ်။ ပြီးတော့ ကဗျာ ၃၊ ၄ပုဒ်လဲ နှစ်ခါစီ စာမျက်နှာခြားပြီး ရိုက်နှိပ်ထားပြန်တယ်။ ကျွန်မ တော်တော် စိတ်ညစ်သွားတယ်။ အထူးသဖြင့် စာမျက်နှာ ၇၁ ပေါ့။

နောက်ဆုံး တစ်ချက်က ကျွန်မသေသေချာချာ မစစ်ဆေးရသေးလို့ စေ့စေ့ငှငှ မပြောနိုင်သေးပေမယ့် သေချာတာက 'အို-ငှက်ကလေး' ဆိုတဲ့ ကဗျာပါမလာဘူး။ ကိုဒဂုန်တာရာရဲ့ အမှာစာမှာတော့ အဲဒီ ကဗျာ အကြောင်း ပြောပြထားတယ်။

ဘာပဲဖြစ်ဖြစ် စာအုပ်ထုတ်ဖြစ်အောင် ကြိုးစားကြတဲ့ လူတိုင်းလူတိုင်းကို ကျေးဇူးများစွာ တင်ပါရစေ။

(ကျွန်မ စာရေးဖို့၊ ကဗျာရေးဖို့ကို တိုက်တွန်း လှုံ့ဆော်နေတတ်သူ တစ်ယောက်ကတော့ စာရေးဆရာ ထင်လင်း ဖြစ်ပါတယ်။ ကျွန်မရဲ့ ကဗျာစာအုပ် ထုတ်ဖြစ်တာလဲ သူ့ကြိုးစားချက်ကြောင့် ဖြစ်ပါတယ်။ သူ့ဆီကို ကျွန်မ စာရေးလေ့ရှိတော့ စိတ်ကူးရလို့ ထရေးတဲ့ ကဗျာမှန်သမျှ စာနဲ့ရောထည့်လိုက်တတ်တယ်။ ခဲနဲ့မင်နဲ့ ဆွဲဖြစ်တဲ့ ရုပ်ပုံများလဲ သူ့ဆီပို့တတ်တယ်။ ဒီဆောင်းပါးလဲ ရေးရင်း တစ်ဝက်တစ်ပျက် ပစ်ထားလိုက်တာ၊ သူရောက်လာ၊ ဖတ်ကြည့်ပြီး ဆက်ရေး အပြီးသတ်ဖို့ နှိုးဆော်နေတာနဲ့ တစ်ည တရေးနိုးထပြီး ဆက်လက်ရေးဖြစ်တာ အမှန်ပဲ။ ကိုထင်လင်းနဲ့ ကျွန်မတို့ မိသားစုချင်း ချစ်ခင် ရင်းနှီးလေတော့ စာအကြောင်း၊ ကဗျာအကြောင်း စကားပြော ကောင်းရုံမက သတင်းအဖျင်းလဲ အပျင်းပြေ ပြောပြ နားထောင်လေ့ရှိတယ်)

***

ကျွန်မ ငယ်ငယ်က (အသက် ၇ နှစ်လောက်) ကဗျာနဲ့ သီချင်းကို မခွဲတတ်ဘူး။ ကျွန်မရဲ့ အမေနဲ့ အဖေက သိပ်သီချင်း ဆိုကြတယ်။ ကျွန်မ အစ်ကိုကြီး၊ အစ်မကြီးနဲ့ ကျွန်မ ကိုယ်တိုင်ကလဲ အားတိုင်းဆိုတာပဲ။ အမေနဲ့အဖေက ရတုတို့၊ ဘောလယ်တို့၊ သံချိုတို့လဲ ဆိုကြတယ်။ သူတို့ခေတ်က ဖိုးစိန်ကြီး သီချင်းတို့၊ ရုပ်သေးစင်က သီချင်းတို့၊ အငြိမ့် သီချင်း တို့လဲ ဆိုကြတယ်။ နောက်ကာလပေါ် လေပါတီမြရင်၊ မကြည်အောင်၊ ဦးဩဘသောင်၊ စိန်ပါတီ သီချင်းတွေလဲ နည်းနည်း ဆိုကြတယ်။ ပြီးတော့ ကျွန်မ အထင် အရ လူပြက်တွေရဲ့ ရယ်စရာ သီချင်းတွေလဲ ဆိုကြတယ်။ ကျွန်မ မှတ်မိသမျှ အဖေကဆိုရင်-

`စိန်ခြူး ကြာညောင် ကြာညောင်
လရောင်ငယ် လင်းပါလို့
မှန်ရွှေပြတင်းရယ်က
မယ်ခုမျှော်
သုံးချက်စည်တော်- စည်တော်
ရိုက်ဆော်ကာ ညင်းတယ်လေး
လင်းပြန်လုနော် ..... ´

စသဖြင့် ကျကျနနဆိုတယ်။ သူ ငယ်ငယ်က ပတ္တလား တီးတယ် လို့လဲဆိုတယ်။

အမေကဆိုတာ ကျွန်မ မှတ်မိသမျှ

`ဒေါနလေလေ့ န-က, န-က
ဒေါနလေလေ့ န-က, န-က
ဒေါနက သင်းတယ်, သင်းတယ်
သင်းတယ်လေလေး ..... ´

ပြီးတော့ အခုအရွယ်ထိ ကျွန်မ မမေ့နိုင်တဲ့ သီချင်း တစ်ပိုင်းတစ်စက-

`ငန်ပြာရည် ငြုပ်သီးစပ်တယ်
ပန်ချာပီ ကျုပ်ရီးစားရယ်
ဘယ်သူကဆိုတယ်
သူကဆိုတယ်
တူတူရေဝါး ......´ တော်တော်လဲ ရယ်စရာကောင်းတယ်။

ဘယ်လိုလဲတော့မသိ။ ကာရန် ဆိုတာကို ကျွန်မ နားလည်လာတယ်။ စကား ပြောရင် ကာရန် ထည့်ထည့် ပြောတယ်။ အသက် ၇နှစ်လောက်မှာ ကျွန်မ ချက်ချင်း စပ် လိုက်တဲ့ ပထမဆုံး ကဗျာက-

`ပိုက်ဆံ- ပိုက်ဆံ
အမှန်တကယ်ပျောက်
ဘယ်သူပျောက်ပျောက်
ဘယ်သူကောက်ကောက်
အမအိတ်ထဲရောက်- ဂျောက် ´

ကျွန် မ အမေက မုန့်ဖိုးပေးတဲ့ ပြားစေ့၊ ပဲစေ့၊ မူးစေ့တွေကို ကျွန်မ အစ်မကြီးနဲ့ အစ်ကိုကြီးနဲ့ ပျောက်ကြတာ ကျွန်မရဲ့ အဒေါ် (အမလို့ ခေါ်ပါတယ်) အိတ်ထဲရောက် နေတာ ကျွန်မ တွေ့ရလို့ပါပဲ။ အဒေါ်က အိမ်သိမ်းဆည်းသူဆိုတော့ တံမြက်စည်းလှဲယင်း တွေ့တော့ ကောက်သိမ်း ထားတာပေါ့။

ကျွန်မ အသက် ၉ နှစ်လောက်မှာ ကျွန်မ ဘဝကို ပုံစံ ဖန်တီးလိုက်တဲ့ အဖြစ် တစ်ရပ်ဖြစ်တယ်။ တစ်နေ့မှာ ကျွန်မ ဆတ်ဆော့ပြီး ကုလားထိုင် နှစ်လုံးဆင့်ပြီး မှန်ဗီရိုကြီးကို သစ်သားပန်းပုနဲ့ ကာရံထားတဲ့ ခေါင်မိုးပေါ်ကို တက်ပြီး ဖုန်ပေနေတဲ့ စာအုပ်မျိုးစုံကို ဆွဲချလိုက်ပါတယ်။ စာအုပ်တွေက ရှေးမြန်မာ စာကြီးစာကောင်းတွေပေ့ါ။ ငါးရာငါးဆယ်ဝတ္ထု၊ ဦးပုညဝတ္ထုပေါင်းချုပ်၊ သခင်ကိုယ်တော်မှိုင်း လေးချိုးများ၊ မဃဒေဝ၊ ကင်းဝန်မင်း ကြီး ခရီးသွားမှတ်တမ်း၊ နတ်သျှင်နောင်ရတုများ၊ ရှင်မဟာရဋ္ဌသာရပျို့များ၊ တခြားစာအုပ် တွေတော့ သိပ်မမှတ်မိဘူး၊ ကျွန်မ အစ်ကိုကြီး စာအုပ်တွေလို့ ထင်တာပဲ။ အဲဒီစာအုပ်တွေကို အိပ်ရမှန်းမသိ၊ စားရမှန်းမသိ စတင်ဖတ်ပြီး၊ စာဖတ်တာဟာ ကျွန်မရဲ့ ဘဝမှာ အသက်ရှင်ဖို့ စားရသောက်ရ၊ လေရှူရသလို မရှိမဖြစ်တဲ့ အာဟာရ ဖြစ်သွားတယ်။

ကျွန်မက ကျောင်းမနေသေးဘူး။ အသက် ၉ နှစ်ပေမယ့် ကလေးလုပ်ပြီး အဒေါ်ပေါင်ပေါ် ထိုင်ပြီး ချွဲနေတာပဲ။

အဒေါ်က ...

'ဖိုးလမင်းကြီးရေ
ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့
ပေးလိုက်ပါ'

ဆိုပြီး ကျွန်မကို ချိုမိုင်မိုင်တောင် ကခိုင်းလိုက်သေးတယ်။ အစ်ကိုနဲ့ အစ်မက လှောင်ပြောင်ကြတယ်။ ဒါပေမယ့် အစ်မနဲ့ အဒေါ်က စာသင်ပေးတယ်။ အစ်ကိုက စာအုပ်တွေ ယူလာတယ်။ သတင်းစာ၊ စနေနဂါးနီ၊ ဂျာနယ်ကျော် မှန်မှန်ဖတ်ရတယ်။ အိုင်ယာလန်ပြည် တော်လှန်ရေးနဲ့ ပတ်သက်တဲ့ စာအုပ်တွေ အလွတ်ရနေတာပဲ။ မိုက်ကယ်ကောလင်းဆို ကျွန်မရဲ့ သူရဲကောင်းပေ့ါ။

အဲဒီခေတ်က အင်္ဂလိပ်ကို တော်လှန်ချင် နေကြတာတော့ ကိုလိုနီ နိုင်ငံသားတွေ ပြန်လှန် ပုန်ကန်တာနဲ့ ပတ်သက်တဲ့ စာအုပ်တွေ အများကြီး ထွက်ပြီး အစ်ကိုကြီးတွင်မက ဦးလေးငယ် တစ်ယောက်ကပါ အဲဒီစာအုပ်တွေ သယ်လာတာ ကျွန်မက ဒိုင်ခံဖတ်ပါတယ်။

အထူးသဖြင့်တော့ ကဗျာစာအုပ်များကို သိပ်ကြိုက်တယ်။ အသံနေ အသံထားနဲ့ သီချင်းလို ဆိုပြီး ဖတ်တယ်။ ပြည်လှဖေ၊ နတ်သျှင်နောင် ရတု ဆိုတာနဲ့ ခပ်ဆင်ဆင်လို့ ပြောရပါမယ်။ သိပ်ကျေနပ် နေတာပဲ။ မိုးရွာရင် အော်ဆိုလို့ သိပ်ကောင်းပေ့ါရှင်။

စာအုပ်ဆိုင် မသွားတတ်တဲ့ အရွယ်မို့ ရှိသမျှကိုပဲ ထပ်တလဲလဲ ဖတ်ရတော့ အလွတ်ရနေတယ်။ ဥပမာ သခင်ဘသောင်းရဲ့ ပန်းသာမစာဥ ဆိုရင် ၅၆ ခါ ဖတ်ပြီးတော့ ဆက်မရေတွက်တော့ဘူး။ အခါ တစ်ရာလောက် ဖတ်မိမယ် ထင်တာပဲ။ ငါးရာငါးဆယ် ဝတ္ထုနဲ့ ဦးပုညရဲ့ ဝတ္ထုပေါင်းချုပ်ဆို အလွတ်ရပြန်တာပဲ။

အဖေက ကျွန်မကို ကျောင်းသွားရမယ်လို့ စီစဉ်လိုက်ပါတယ်။ ပထမတန်းက စနေရတယ်။ စာရေးစာဖတ် တတ်နေပြီကို။ အပေါင်းအနုတ်လဲ တတ်နေတော့ အင်္ဂလိပ်စာ တစ်ခုပဲ ကျက်မှတ်ဖို့ ရှိပါတယ်။

ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်တော့ ကျွန်မ ၁၁နှစ်လောက်ရှိပြီ။ ကျောင်းနေတာ ၂ နှစ်ပဲ ရှိပေမယ့် စစ်ဖြစ်တော့ ၃ တန်းမှာရောက်နေတယ်။ နှစ်ဝက်မှာ အတန်းတင် ပေးလိုက်တယ်။ အတန်းထဲမှာ ကျွန်မက ဘာမှ မကြိုးစားဘဲ ထိပ်မှာရောက်နေတယ်။ တခြား ကလေးငယ် ရွယ်တူတွေနဲ့ ပြေးလွှား ကစားမနေတတ်ဘူး။ အတန်းကြီး သမားတွေနဲ့ ခင်မင်စကား ပြောနေလေ့ရှိတယ်။ ဆရာ၊ ဆရာမများ အနားမှာ ကပ်နေတတ်တယ်။ ကိုယ့် အတန်းထဲက ရွယ်တူကျောင်းသားတွေကို ကလေးဆန်တယ်၊ `ညံ့´တယ်လို့ ထင်ပြီး ဘာကြောင့်ပါလိမ့်လို့ အံ့ဩလေ့ ရှိပါတယ်။

မှတ်မှတ်ရရ စာမေးပွဲ တစ်ခုမှာ မြန်မာစာ မေးခွန်းက `သင်ဘုရား ရှိခိုးသည့်အခါ မည်သည့်ဆုကို တောင်းသနည်း´ လို့ပါလာတာကို၊ ကျွန်မရဲ့ ကပ်ရက်ခုံနားက ကလေးမ ကလေးက `ကျွန်မ အိမ်ကြီး၊ ခြံကြီးနှင့် နေနိုင်အောင်၊ ပိုးထဘီ၊ ပိုးအင်္ကျီ နေ့တိုင်းဝတ်နိုင်အောင်၊ အခုထက် ပိုလှအောင် ချောအောင် ဆုတောင်းပါသည်´လို့ ရေးထားတာ လှမ်း မြင်ရတော့ ကျွန်မ စိတ်ညစ်လိုက်တာ။

ကျွန်မကတော့ `အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုး ငါးပါး၊ ဝိပတ္တိ တရားလေးပါး၊ ဗျသနတရား ငါးပါးတို့မှ အခါ ခပ်သိမ်း ကင်းလွတ်ငြိမ်းသည် ဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို ရပါလို၏´ လို့ ခပ်တည်တည် ဆုတောင်းပြလိုက်ပါတယ်။ သိပ်နားလည်လို့တော့ မဟုတ်ပါဘူး။

တစ်ခါတော့ ကျွန်မ ဆုစာအုပ် လေးငါးအုပ် ရတယ်။ (အင်္ဂလိပ်စာအုပ်) ဝက်ကလေး ၃ ကောင်နဲ့ မြေခွေးတို့၊ ဝတ်ရုံနီဝတ်တဲ့ ကလေးမကလေး ဖွားအေဆီ သွားလည်တာတို့ပါတဲ့ ရောင်စုံ အရုပ်ကား တွေနဲ့ပေါ့။ ကဗျာတွေလဲ အများကြီးပါတယ်။ ကျွန်မက အဲဒီ စာအုပ်တွေကို ညှော့သည်လာတိုင်း ထုတ်ပြလေ့ရှိတော့ ကျွန်မ အစ်မက 'ရှက်စရာကြီး စာအုပ်တွေက ကလေး စာအုပ်တွေ' လို့ ပြောင်တယ်။

ဒါပေမဲ့ ကျွန်မကတော့ Nursery Rhymes တွေကိုကျက်၊ သီချင်းလုပ်ဆိုပြီး ဘယ်ဘာသာမှာမဆို ကာရန်ကို အသံတူအားဖြင့် သတ်မှတ် ဆောင်သွင်းရတဲ့ သဘောကို စောစောစီးစီး နားလည်လာတယ်။ ကဗျာဆိုတဲ့ ထူးခြားလှပတဲ့ စာရေးနည်း တစ်မျိုးကို စုံမက်ကြည်နူးတတ်လာတယ်။

အဲဒီ အချိန်မှာ အေဝမ်းက မေရှင်၊ တင်မောင်၊ ပြည်လှဖေတို့ရဲ့ သီချင်းဓာတ်ပြားတွေကိုလဲ ထွက်သမျှ ကျွန်မနဲ့အစ်မ ညီအစ်မနှစ်ယောက် နားထောင်၊ အလွတ်ရအောင် ကျက်ကြတယ်။ သီချင်းစာအုပ် အထူကြီး ၂ အုပ်ရှိတယ်။ အစ်မက သီချင်းကူးရေးပြီး ကျွန်မက အရုပ်ဆွဲ ချယ်လှယ်ပါတယ်။

အဖေ့မိတ်ဆွေ တစ်ယောက်ရဲ့ သမီး 'မလှမင်း' ဆိုတာ ကျွန်မတို့ အိမ်သားတွေနဲ့ သိပ်ခင်တယ်။ သူက ငယ်ငယ်ရွယ်ရွယ်နဲ့ မိဘအိမ်ထောင်ချ ပေးထားလို့ ကလေးတစ်ယောက် ရှိပေမယ့် ကျွန်မတို့ ညီအစ်မနဲ့ လာပြီး စကားပြော၊ ဝတ္ထုစာအုပ်ဖတ်၊ သီချင်းဆိုလုပ်တယ်။ သူက လက်ထဲမှာလဲ ပိုက်ဆံများများ ကိုင်သုံးနိုင်တယ်။ သူက ဝတ္ထုအသစ်ထွက်တိုင်း ကျွန်မကို သွားဝယ်ခိုင်းတယ်။ တစ်အုပ်ကို သုံးပဲ၊ တစ်မတ် ပေးရတယ်လို့ ထင်တာပဲ။ ကာလပေါ် ဝတ္ထုအညွှန့်စားတွေပေါ့။ ကျွန်မ မှတ်မိသမျှ ဝတ္ထုနာမည်တွေကတော့ တကျော့မ၊ မတကျော့ စသဖြင့်ပဲ။ မလှမင်းက အဲဒီ စာအုပ်တွေ ကိုယ်တိုင်သွားဝယ် ရမှာရှက်တော့ ကျွန်မကို ကလေးဆိုပြီး ဝယ်ခိုင်းတာပေါ့။ အဲဒီတုန်းက လူငယ်တွေ ဝတ္ထုဖတ်တာကို အပြစ်ဆိုကြ၊ တားမြစ်ကြတော့ သတင်းစာထဲက ရက်ဆက်ပါတဲ့ ဝတ္ထုရှည်တောင် ခိုးဖတ်ရတယ်။

ဒီလိုနဲ့ သိမ်ကြီးဈေး 'စီ'ရုံအောက်က ဝတ္ထုဆိုင် တစ်ဆိုင်နဲ့ ကျွန်မ ဖောက်သည် ဖြစ်ပါတယ်။ အဲဒီဆိုင်မှာ ရောင်းမရ 'မှိုတက်'နေတဲ့ ဒဂုန် မဂ္ဂဇင်းတွေ၊ ကြီးပွားရေး မဂ္ဂဇင်း၊ တိုးတက်ရေး မဂ္ဂဇင်းတွေ ပုံထားတာ ရှိတယ်။ အဲဒီ စာအုပ်ပိုင်ရှင်ကို ကျွန်မကပ်ပြီး အဲဒီ စာအုပ်ဟောင်းတွေကို မတ်တတ်ရပ်ပြီး အလကားဖတ်တာ နေ့စဉ် အနည်းဆုံး ၃ နာရီ၊ စနေနေ့၊ တနင်္ဂနွေနေ့ဆို မနက် ၁၁ နာရီက စဖတ်တော့ ၇ နာရီလောက် ဆက်တိုက်ပဲ။

(ကျွန်မတို့ ကျောင်းတက်ပြီးရင် အိမ်မပြန်ဘဲ အမေအဖေရဲ့ သိမ်ကြီးဈေးက ပိုးထည်ဆိုင်ကို သွားကြတော့ ကျွန်မ စာအုပ်ဆိုင်ကို နေ့စဉ်ရောက် နိုင်တာပေါ့။ ကျွန်မရဲ့ အစ်မက မိဘဆိုင်မှာ ကူညီလုပ်ကိုင်ပါတယ်။ ကျွန်မကိုတော့ သူတို့ ရှာမတွေ့တော့ဘူးပေါ့။ မုန့်လည်ဝယ်စား နေတယ်လို့ ထင်ကြတယ်။ ကျွန်မရဲ့ မောင်လေးကလဲ အလိုလိုက်ထားတော့ ပိုက်ဆံကိုင်ပြီး မုန့်ဝယ်စား၊ ကစားစရာ အမျိုးစုံ လျှောက်ဝယ်နဲ့ ဆိုင်မှာ မရှိဘူး။ အဲဒီခေတ်က အေးချမ်းအန္တရာယ် ကင်းတဲ့ခေတ်)

အဲဒီ ထူးဆန်းတဲ့နည်းနဲ့ ကျွန်မ မြန်မာစာ တော်တော်ဖတ်ရတယ်။ ဒဂုန် ခင်ခင်လေးရဲ့ စာဆိုတော် ဝတ္ထုရှည်ကြီးကို သိပ်ကြိုက်တာပဲ။ ပီမိုးနင်း ဝတ္ထုတွေလဲ အများကြီး ဖတ်ရတယ်။ ပီမိုးနင်းရဲ့ ပီမိုးနင်းလဲ ဖတ်ရတယ်။ ဆရာဦးမောင်ကြီးရဲ့ ဆောင်းပါးတွေလဲ ဘယ်လိုလုပ်ပြီး ကြိုက်တတ်သလဲ မသိ။ သခင်ကိုယ်တော်မှိုင်းရဲ့ လေးချိုးရှည်ကြီးတွေကို အလွတ်ကျက်နိုင်သမျှ ကျက်ရပေမယ့် စာအုပ် မဝယ်နိုင်တော့ အလွတ်မရလှပါဘူး။ သူ့ရဲ့ အံ့သြဖွယ်ကောင်းတဲ့ ကာရန်ယူနည်းတွေကို ကျွန်မ အလွန်သဘောပေါက်ခဲ့ ပါတယ်။

မှတ်မှတ်ရရ အစ်ကို ဝယ်လာပေးတဲ့ ကင်းဝန်မင်းကြီး ခရီးသွားမှတ်တမ်းဆိုတာ ထပ် တလဲလဲ ဖတ်ရပြန်တယ်။ တစ်နေရာမှာ ကင်းဝန်မင်းကြီးက `သိုင်းခရု´ တယ်လို့ သုံးထားတာ အောက်ကမှတ်ချက်က `ကသိုဏ်းရှု´ တယ်လို့ ဆိုလိုတယ်တဲ့။ ကျွန်မက မ ကျေနပ်ဘူး။ ဒါဟာ ကင်းဝန်မင်းကြီးက အင်္ဂလန် ရောက်ပြီး `Thank You´ ဆိုတဲ့ အင်္ဂလိပ် စကားကို ထည့်ရေးလိုက်တာလို့ အစ်မကို လက်ချာရိုက်တာပေါ့။ အစ်ကိုက ဒဂုန်တာရာရဲ့ `မေ´ ဝတ္ထုကို ဝယ်လာပေးတယ်၊ ဗကြည် ရေးဆွဲတဲ့ မျက်နှာဖုံး အရုပ်ကို ကျွန်မ ကြိုက်ရမလား၊ မကြိုက်ရဘူးလား မဆုံးဖြတ်တတ်ဘူး။ ဆန်းတယ်လို့တော့ ထင် တယ်။ အစ်ကိုက ပြောတယ်၊ မေ စာအုပ်ကို ဖတ်တော့ဖတ်၊ ဒါပေမဲ့ ကြမ်းတယ်လို့ ပြောပါတယ်။

အဲဒီ စစ်ဖြစ်ခါနီး ၂ နှစ်လောက်မှာ ကျွန်မ မြန်မာစာကို တော်တော်ဖတ်လိုက် တယ်။ ပြီးတော့ စစ်ဖြစ်သွားတယ်။ ရန်ကုန်မှာ မနေဝံ့တော့ဘဲ မြစ်ဝကျွန်းပေါ်ကို ပြေးတာ တစ်မြို့ကတစ်မြို့၊ တစ်ရွာကတစ်ရွာ၊ ပြေးလွှားနေရတော့ ကျောင်းမနေရပေမယ့် ကံ ကောင်း ချင်တော့ ကွမ်းခြံကုန်းဆိုတဲ့ ဆွေမျိုးများ ရှိတဲ့မြို့မှာမိဘများ အခြေစိုက်တုန်း ကျွန်မရဲ့ ဘဝကို ကြီးပွားစေတဲ့ အဖြစ် ၃ ရပ်ဖြစ်တယ်။

တစ်ခုက အာရှအသင်းမှာ အစ်ကိုက လူငယ်တွေကို သိမ်းသွင်းအားပေးတဲ့ အလုပ်ကို ကြိုးကြိုးစားစားလုပ်တယ်။ ကွမ်းခြံကုန်းမြို့ကို စစ်ပြေးလာတဲ့ စာပေဗိမာန် အသင်းက ဆရာ ဆရာမများ သင်တန်းပေးဖို့ စီစဉ်ပါတယ်။ အဲဒီ ဆရာတွေကတော့ `မင်းသုဝဏ်´၊ `တက်တိုး´၊ `ဒေါ်ခင်ခွေး´၊ `ဒေါ်မမကြီး´ စသဖြင့်ပေါ့။ ကျွန်မက Mathematics, Physics, Chemistry အတန်း မတက်နိုင်ဘူး။ ဦးဝန်ရဲ့ မြန်မာကဗျာ၊ တက်တိုးရဲ့ အင်္ဂလိပ်စာနဲ့ သတင်းစာ လုပ်ငန်း၊ ဒေါ်ခင်ခွေးရဲ့ Psychology ၊ ဒေါ်မမကြီးရဲ့ ကမ္ဘာ့သမိုင်း များပဲ တက်နိုင်တယ်။ အဲဒီကောလိပ် ဘာသာရပ်တွေ သင်ယူရတာ ကျွန်မအဖို့ ဘဝအသစ် ရောက်သွားသလိုပါပဲ။ အဲဒီ ဆရာ လေးယောက်လုံးက ကျွန်မကို ချစ်ကြတယ် ထင်တာပဲ။ အထူးသဖြင့် ဦးတက်တိုးက ကျွန်မ အစ်ကိုနဲ့ သိပ်ခင်တဲ့အပြင် ကျွန်မဘဝကို အများကြီးထူထောင်ပေးပါတယ်။ သူ သိမ်းထားတဲ့ ယူနီ ဗာစီတီ မဂ္ဂဇင်း၊ ဂန္ထလောက မဂ္ဂဇင်းတွေကို အကုန်လုံး ပေးဖတ်ပါတယ်။ အဲဒီမဂ္ဂဇင်းများအားဖြင့် သစ်ဆန်းထူးခြားတဲ့ မြန်မာစာနဲ့ ကဗျာကို ဖတ်ရတယ်။ သိပ္ပံမောင်ဝ၊ ဦးမျိုးမင်း၊ မောင်ဖြူး၊ တက်တိုး၊ နယည်၊ မင်းသုဝဏ်တို့ရဲ့ `စာသစ်´ `ကဗျာသစ်´ ပြီးတော့ ဘာသာပြန်ဝတ္ထု၊ ကဗျာတွေကို ဖတ်ရတော့ ကမ္ဘာသစ်ကို ရောက်သွားသလိုပဲ။

စာဆိုဦးဝန်ရဲ့ အတန်းထဲမှာ ကဗျာတစ်ပုဒ်စီ ရေးတင်မယ်လို့ ဆိုတဲ့အတိုင်း ကျွန်မ အချိုးတစ်ပုဒ် ရေးတင်လိုက်တာကတော့-

ထန်းပင်အို ငုတ်တုတ်နဲ့
တဲပုတ်ကဲ့ ပျက်ပြို
မိုးတွေကယို။
အိမ်ရှေ့မီးဖို၊
လေချိုကြောင့် ပြာတွေဖွေး။
တကြော်ကြော် အော်ကာရောင်းတယ်
မုန့်ပေါင်းတဲ့လေး။

ဆရာဦးဝန် က အဲဒီကဗျာကို ကျောက်သင်ပုန်းပေါ် ရေးချပြီး ချီးမွမ်းပါတယ်။ အသက် ၁၈ နှစ် ၂၀ ကျော် အထက်တန်း ကျောင်းသားနဲ့ ကောလိပ်ရောက်စ ကျောင်းသားတွေကြားမှာ ကျွန်မက ၁၃ နှစ်လောက် ရွယ်ဆိုတော့ ချီးမွမ်းလဲ မာနမရောက်ဝံ့ဘူး။ လူလဲ ကြောက်တတ်တော့ မလှုပ်ဝံ့ပါဘူး။

မှတ်မှတ်ရရ- တစ်ခါ ဆရာဦးတက်တိုးက ကျွန်မရဲ့ ဆောင်းပါးကလေး တစ်ခုကို ဝေဖန်ရင်း `ဂုဏ်´ ဆိုတဲ့ စာလုံးကို သုံးတာတွေ့ရတယ်။ ဂုဏ်ဆိုတာ ဘာလဲ´ လို့မေးတော့ ကျွန်မက `အဲဒါပါဠိစကား၊ `ဂုဏ´ ကလာတယ်၊ အဓိပ္ပါယ်က အရည်အချင်းပဲ´ လို့ ဖြေတော့ သဘောကျသွားတယ် ထင်ပါရဲ့။ ကျွန်မကို သူ့အိမ်ခေါ်ပြီး စာအုပ်တွေပေးပြီး ဖတ်ခိုင်းတော့တာပါပဲ။

ကမ္ဘာ့စာပေနဲ့ အကျွမ်းဝင်လာတဲ့ အခွင့်အရေးကို ရတာ ဦးတက်တိုးရဲ့ ကျေးဇူးဖြစ်တယ်။ သူက ဖတ်သင့်တဲ့ စာရေးဆရာတွေ နာမည်ကို ရွတ်ပြတယ်။ သူတို့ရဲ့ စာအုပ်တွေကိုလည်း ဝေဖန်ပြတယ်။ သူ့မိန်းမ မနယည်က ကျွန်မနဲ့ သွေးဝေးတဲ့ အဒေါ်တော်ပါတယ်။

အဲဒီအာရှအသင်းမှာ ကျွန်မနဲ့ ယုဝတီခင်ဦးတို့ တွေ့ကြတယ်၊ ကျွန်မတို့နှစ်ယောက် ကဗျာအကြောင်း စာအကြောင်း ကြီးကြီးကျယ်ကျယ်တွေ ပြောကြတယ်။ ဝတ္ထုတိုလေးတွေ ရေးပြီး အလဲအလှယ် ဖတ်ကြတယ်။ အဲဒါများ ရုပ်ရှင်ရိုက်ထားရင် တော်တော်ရယ်စရာကောင်းမယ်။ ပြီးတော့ ကျွန်မတို့ Sports Activity တွေထဲ ဝင်ပြိုင်ကြတယ်။ ယုဝတီခင်ဦးက အပြေးသိပ်သန်တယ်။ ဘယ်သူမှ သူ့ကို မပြိုင်နိုင်ဘူး။

ဒုတိယ ဖြစ်ရပ်ကတော့ K. K. Mitra ဆိုတဲ့ ကုလားကျောင်းဆရာနဲ့ တွေ့ကြုံရခြင်းပါပဲ။

ကျွန်မရဲ့ သူငယ်ချင်း မမြစီ ဆိုတဲ့ မိန်းကလေးရဲ့ ဦးလေးက ဆရာမိတ္တရာရဲ့ တပည့်ရင်း တဲ့။ စစ်ဖြစ်တော့ အဖိုးကြီး (K. K. Mitra)က ကုလားပြည် မပြန်ဘဲ အဲဒီ တပည့်အိမ်မှာ လိုက်နေတယ်။ သူ့မှာ ဆွေမျိုးအိမ်ထောင် သားသမီးရှိ မရှိ ကျွန်မ မသိပါ။ အဲဒီတုန်းက ကျွန်မက ငယ်သေးတော့ အဲဒီ ဆရာကြီးကို အသက် ၇၀ကျော် အဖိုးကြီးလို့ ထင်တာပဲ။ ခုပြန်တွေးတော့ အသက် ၅၀ ကျော်လောက်ပဲ ရှိချင်လဲရှိမယ်။

မမြစီက ပြောတယ်၊ `အဲဒီအဖိုးကြီးက အင်္ဂလိပ်စာ သိပ်သင်ပေးချင်တာပဲ။ ကြည် လာတက်မလား ကိုယ်နဲ့တူတူ´ မမြစီ စာမသင်ဖြစ်ပါ။

ကျွန်မကို ဆရာကြီး အင်္ဂလိပ်စာ ပိုက်ဆံမတောင်းဘဲ စေတနာသက်သက် သင်ပေးတာ။ ပထမတော့ တစ်နေ့ တစ်နာရီတဲ့။ နောက်တော့ မနက် ၈ နာရီ လောက်က ညနေ ၄ နာရီအထိ နေ့စဉ်သင်ပေးတော့တာပါပဲ။ သူက မြန်မာစကား မပြောတတ်၊ ကျွန်မက အင်္ဂလိပ်စကား မပြောတတ်နဲ့ ပထမ နည်းနည်း အခက်အခဲရှိပေမယ့် ခဏကြာတော့ ဟန်ကျ သွားတာပါပဲ။ (အမှန်က အဲဒီနည်းဟာ နိုင်ငံခြားစကားကို

သင်ယူဖို့ အကောင်းဆုံးနည်းပဲ။ ခုခေတ်မှာ ပြင်သစ်၊ ဂျာမန်၊ စပိန်၊ အင်္ဂလိပ်စကား စသည်များကို ဒီအတိုင်း ရင်ဆိုင်တွေ့ပြီး သင်ယူကြတယ်) ဆရာကြီးက နေ့လယ်စာ စားပြီး ခဏအိပ်တယ်။ သူအိပ်နေတုန်း ကျွန်မကို ဂရမ္မာ စာအုပ်ထဲက သင်ခန်းစာ အလုပ်တစ်ခု လုပ်ခိုင်းထားတယ်။ ပြီးတော့ ကျွန်မကို ဘီစကစ်နဲ့ လက်ဖက်ရည်တိုက်တယ်။ ကျွန်မက စာသိပ်တတ်ချင်တော့ အိမ်ပြန်ထမင်းမစားဘဲ မနက်အိမ်က မထွက်ခင် အများကြီးစားခဲ့ပြီး တစ်နေ့လုံး ဆရာကြီးကို မှီခိုနေတာပေါ့။

ဆရာကြီးက ကျွန်မကို Golden Treasury ဆိုတဲ့ ကဗျာပေါင်းချုပ်ကို ဖတ်စေပြီး ကဗျာကနေ Prose အဖြစ် ပြန်ခိုင်းတတ်တယ်။ မှတ်မိတာကတော့ ကိုယ့်အရွယ်က မကြီးမငယ်ဆိုတော့ ကျွန်မကြိုက်တဲ့ ကဗျာတွေက အမျိုးမျိုးရောနေတယ်။ John Gilpin, The Pied Piper, The Highwaymen ဆိုတာမျိုးကိုလဲ ဆိုကောင်းကောင်းရှိတိုင်း ဆိုနေတာပဲ။ Shakespeare, Shelley, Keats, Wordsworth, Doune Bunyan, Rosetti ရဲ့ ကဗျာတွေလဲ အလွတ်ရတာပဲ။ အခုအထိ မမေ့သေး၊ ရွတ်နိုင်သေးတဲ့ ကဗျာတွေ ရှိပါတယ်။ ဘယ်သူ ရေးမှန်းမသိ ကဗျာကလေး တစ်ပုဒ်က ဒီလို လာတယ်။ နာမည်က Rendeau တဲ့။ Rendeau ဆိုတာ Dictionary ထဲ လှန်ကြည့်ပြီး အဓိပ္ပါယ် နားလည်ရတယ်-

Jenny kissed me when we met
Jumping from the chairs she sat in
Time, you theife, who loves to get
Sweets in to your list, put that in!

Say I am weary, say I am sad
Say that Health and Wealth have missed me.
Say I am growing old, but add,
Jenny kissed me.

ဆရာကြီးက ၆ လလောက် ကျွန်မကို အင်္ဂလိပ်စာ သင်ပေးလိုက်တာ ကျွန်မဟာ ကမ္ဘာ့ဘာသာရပ် တစ်ခုကို အခြေခိုင်ခိုင်နဲ့ တတ်သိနားလည်သွားပြီး ရှေ့လျှောက် စာဆက်ဖတ်ရုံပဲ ရှိတော့တဲ့ အဖြစ်ကို ရောက်တော့ ဆရာကြီးရဲ့ကျေးဇူး အင်မတန်ကြီးတယ် ဆိုရပါမယ်။

တတိယ ဖြစ်ရပ်ကတော့ မခင်လေးဆိုတဲ့ အိမ်နီးချင်း မိန်းကလေးနဲ့ ခင်မင်ရတာပါပဲ။ မခင်လေးက ကျွန်မထက် ၁၅ နှစ်လောက် ကြီးတယ်။ လူကောင်ကတော့ သေးသေးလေးပဲ။ သူ ကောလိပ်မှာ တစ်နှစ် နှစ်နှစ် တက်ဖူးတယ်ထင်တယ်။ သူက စာပေဝါသနာပါတယ်။ သူ့မှာ အဖိုးတန် ရှားပါးတဲ့ မြန်မာစာအုပ်တွေ ရှိတယ်။ နတ်သျှင်နောင်၊ နဝဒေးကြီး၊ နဝဒေးလေး၊ လှိုင်ထိပ်ခေါင်တင် ဝတ္ထုများ ပြီးတော့ ကျွန်မ နာမည် မမှတ်မိတော့တဲ့ ချေင်းတွေ အစုံရှိတယ်။ သူ့ကို သူ့ဆရာ တစ်ယောက်က အမွေပေးခဲ့တယ် ပြောတယ်။ ထုံးစံအတိုင်းပဲ ကျွန်မ သူ့ဆီက စာအုပ်တွေ ငှားဖတ်ပြန်ပါတယ်။

စစ်ပြီးသွားတော့ ရန်ကုန်ပြန်တဲ့အခါ ကျွန်မ လက်ထဲမှာ ဆရာကြီး စွန့်ကြဲလိုက်တဲ့ The Golden Treasury စာအုပ်ရှိနေပြီး တစ်အုပ်လုံးရအောင် ကျက်နေတာကို မှတ်မိပါတယ်။ ကြီးလာရင် စာရေးမယ်၊ ပန်းချီဆွဲမယ်၊ သီချင်းဆိုမယ်လို့ အမြဲစိတ်ကူးတယ်။ ကျွန်မရဲ့ အစ်ကိုက ဆရာဝန် လုပ်စေချင်တယ်၊ အမေ အဖေက 'မိန်းကလေးပဲ စာရေးတတ် ဖတ်တတ် တော်ရောပေါ့' တဲ့၊ ကျွန်မက ကောလိပ်သွားပြီး English Literature ယူ M.A သင်တန်းကို အင်္ဂလန်မှာ တက်ရရင် ဘုရားမ,တာပဲလို့ ထင်တယ်။ အဲဒီတုန်းက ကမ္ဘာ့အဆင့်အတန်းမီ စာရေးဆရာဖြစ်ဖို့ အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ် ဘာသာတစ်ခုခု (ကမ္ဘာ့စာစကား တစ်ခုခု) ကို ကောင်းကောင်းတတ်ဖို့ ဖတ်ဖို့လိုတယ်လို့ ယုံကြည်ပြီးမို့ အသင့်တော်ဆုံး နည်းလမ်းကို ရှာတာကိုး။

ကျွန်မရဲ့ ပညာသင်ဘဝကိုတော့ ဒီမှာရေးရင် သိပ်ရှည်နေမယ်။ ကျွန်မမြန်မြန် ပြောချင်တာကတော့ တာရာ မဂ္ဂဇင်းမှာ 'ထိုည' ဆိုတဲ့စာတိုလေး ပါလာတာကစပြီး ကိုဒဂုန်တာရာရဲ့ အားပေးချက်နဲ့ စာရေး၊ ကဗျာရေးတဲ့ အမှုကို စတင်တော့တာပါပဲ။ ဒီ့အရင် ဆရာဦးတက်တိုးက ပဒေသာ မဂ္ဂဇင်း ထုတ်တယ်။ အဲဒီမှာ ကျွန်မရေးသေးတယ်။ သိပ်မမှတ်မိတော့ဘူး။ ကျွန်မရဲ့ 'စာ' ကိုလဲ မစုဆောင်း မသိမ်းဆည်းခဲ့တော့ ပျောက်ပျက်ကုန်ပြီ။ အဲဒီ မဂ္ဂဇင်း ပြိုပျက်သွားတော့ ကျွန်မ ယောင်ယောင်ချောက်ချောက်ဖြစ်၊ Smart & Mokerdum စာအုပ်ဆိုင်မှာပဲ ကျက်စားနေတုန်း တာရာမဂ္ဂဇင်း ပေါ်လာပြီး ကျွန်မ စာရေးခွင့် ရသွားတယ်။

ဒဂုန်တာရာရဲ့ ကျေးဇူးလဲ အင်မတန်ကြီးပါတယ်။ သူက ကျွန်မကို ရွယ်တူတန်းတူ စာပေသစ် ရေးဖော်ရေးဖက်လို့ သဘောထား အားပေးချီးမြှင့်တယ်လို့ ပြောရမယ် ထင်ပါရဲ့။ ချုပ်ချယ် တင်းကြပ်တဲ့ မိဘအိမ်မှာ အသက်ငယ်ရွယ်တာထက် အတွေ့အကြုံ အင်မတန် နည်းပါးပြီး စာအားတိုင်း ဖတ်နေတာတစ်ခုပဲ ပြောစရာရှိတဲ့

ကျွန်မကို နားလည် စောင့်ရှောက်ခဲ့ပါတယ်။ ကမ္ဘာ့စာပေ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမျိုးရေး အထူးသဖြင့် ဂီတနှင့် ပန်းချီကို ကျွန်မ စိတ်ဝင်စားသည်ထက် ပိုစိတ်ဝင်စားပြီး စိတ်အတွေ့အကြုံ ကြီးပြင်း ရင့်မာလာ နိုင်ခဲ့သမျှဟာ ဒဂုန်တာရာရဲ့ ကျေးဇူးပါပဲ။

အထူးသဖြင့် ကျွန်မ ကဗျာရေးချင်တဲ့ ဝါသနာကို ဒဂုန်တာရာက အများကြီး အားပေးအားမြှောက် ပြုခဲ့တယ်။ ခုခေတ်မှာ သံချိုနဲ့ လေးလုံးစပ်ပဲ ရေးလို့တွင်တော့ ကာရန် ဆိုတာကို ကျွန်မတို့ အရေးတကြီး ဆွေးနွေးဖို့ ဖြစ်လာတယ်။ သံချိုရေးရင် ကာရန်တစ်လုံးတည်း သုံးပြီး ဝါကျရှည်ရှည် ရေးလို့ရတယ်။ ဥပမာ-

'သူယောင်မယ် ဝေဆာသီးတဲ့
တောကြီးငဲ့အလယ်မှာ
ဒေါနသွယ် တကယ် သင်းချိန်မှ
သလင်းဖြူ မှုန်ကျောက်မှာ
ဦး မန္တာန် သူငေါက်လို့
တောင်ဝှေးထောက်ကာလွှား
ပုဆိုးနီတဖားဖားမို့
ခါးတောင်းကျိုက်ပေ့ါ တကြားကြား
ယောက်ျားဟဲ့ ဘသား
မမေးမမိုတ် အားရှာလို့
ဆေးကြိတ်ပါ သဗျား'

ကာရန်ချိတ်ဆက်ရာမှာ တော်တော်လေး လွတ်လပ်တယ် ဆိုရမယ်။

လေးလုံးစပ် ကဗျာကျတော့ တော်တော်ကျပ်တည်းတယ်။ လေးလုံးစပ် ဆိုတဲ့အတိုင်း ကိုယ်ပြောချင်တာကို စာလေးလုံး တစ်တွဲစီတွဲပြီး ပြောရရုံမက ကာရန်ကလဲ စည်းကမ်း အကြီးချင်သား။ ဥပမာ

'အိမ်ပြန်ပါလဲ
* မောင်သာလွမ်းမိုး၊ ဝမ်းနည်းညှိုးငယ်
* စိုးရွှံ့ပူပင်၊ ရိပ်ညို့ထင်ခဲ့
* အပြစ်မြင် မည်၊ ခွင့်လွှတ်မည်လား'

ကြယ်ပွင့်ပြထားတဲ့ လေးလုံးတွဲ အတွဲတွေမှာ ကာရန် ၂ ခုထည့်ထားရတယ်။ အဲဒီတော့ ကျွန်မက စည်းကမ်း မကြပ်ချင်ဘဲ ဟောသလို ဆက်ရေးလိုက်ပါတယ်။

'အပြစ်မြင်မည်၊ ခွင့်လွှတ်မည်လား
စဉ်းစားနှစ်ခွ...'
'အပြစ်မြင်မည်၊ ခွင့်လွှတ်မည်လား
မကြည်လင်လှ၊ စိတ်နှစ်ခွနှင့်...'

စသဖြင့် ရေးလဲရတာပေ့ါ။ ဒါပေမယ့် ကျွန်မက စကားလုံးပို မသုံးချင်။ ပြီးတော့ အိပ်ငိုက်နေသူကို လှုပ်ယမ်းလိုက်သလို ကာရန် ကစားချင်စိတ်လဲရှိတော့ ကျွန်မ ကြိုက်သလိုပဲ ရေးခဲ့တာ သိကြတဲ့ အတိုင်းပဲ။

ပြည်လှဖေ ဆိုခဲ့လို့ ပိုကျော်ကြားခဲ့တဲ့ နတ်သျှင်နောင်ရဲ့ ရတုကို ကိုးကားပါရစေ။

'ပေါ်နွေလလျှင်
တောင်ကခြိမ့်မြူး၊ မင်းလွင်ဦးနှင့်
ပြန့်ပြူးချုပ်သိုင်း၊ မုန်တိုင်းဆင်လို
တိမ်ညိုမှိုင်းထပ်၊ ပြက်လျှပ်ပြကာ
စိမ်းဝါမိုးပန်း၊ ထွေထွေဆန်းက
ရေသွန်းသာကြည်၊ ပျော်ရမည်ကို'

တော်တော် ကာရန်ဆိုးတဲ့ ကဗျာလို့ ဆိုဝံ့သူက ဆိုပါလိမ့်မယ်။ ပြည်လှဖေ ဆိုလိုက်တော့ ဘယ်လောက် သာယာပါသလဲ။ ပြီးတော့ အပိုစကားမပါတော့ စုတ်ချက် အနည်းဆုံးနဲ့ အလှဆုံး ထက်မြက်ဆုံး ဆွဲလိုက်တဲ့ ပန်းချီကားလိုပဲလို့ ကျွန်မ မျက်စိထဲ မြင်စားပါတယ်။

ကျွန်မကို မနာလိုတဲ့ စာရေးဆရာ တချို့က ပြောင်ကြ လှောင်ကြတာ ကျွန်မ နားမကြောင်ခဲ့ပါဘူး။ ပြန်လှန်ချေပလဲ မရေးခဲ့ပါဘူး။ ခုထိ ကျွန်မနဲ့ ပတ်သက်ပြီး မဟုတ်မဟတ် ရေးနေကြသေးတာလဲ ကြားသိရ၊ တစ်ခါတလေ ဖတ်ရပါတယ်။ သူတစ်ပါးက ပြစ်မှားတဲ့ စကားကို ကျွန်မ လက်ခံရင် ကျွန်မ စိတ်ထိခိုက် နစ်နာမှာပေ့ါ။

ကျွန်မက လက်မခံဘဲ လွှတ်ပစ်လိုက်တော့ လေလွင့် ပျောက်ပျက် သွားမှာပဲ။ အဲဒီလိုပဲ သဘောထားပါတယ်။

နောက်ဆုံး ပြောချင်တာကတော့ ကျွန်မ ငယ်စဉ်က ရေးခဲ့တဲ့ ကဗျာတချို့ကို ကျွန်မ ပြန်မဖတ်ချင်ဘူး။ မကြီးရင့်တဲ့ လက်တည့်စမ်းတဲ့ သဘောတွေ ပါရုံမက ပြန်လည် ပုံနှိပ်ဖို့တောင် တန်ဖိုးမရှိဘူး ထင်ပါတယ်။ ဒါပေမဲ့လဲ ကဗျာဆရာ တစ်ယောက် ငယ်ရာက ကြီးလာတာကို Study လုပ်ဖို့တော့ အသုံးကျနိုင်ပါတယ်။ ကျွန်မ ကိုယ်တိုင် ရွေးချယ်ပြီး ပုံနှိပ်ချင်တဲ့ ကဗျာတွေကို မှတ်သားထားပါတယ်။

ဆောင်းပါးအစက ရေးခဲ့တဲ့အတိုင်း ကဗျာဟာ ကျွန်မရဲ့ ဘာသာစကားရပ် တစ်ခု (Language) ဖြစ်တာမို့ မရည်ရွယ်လှသော်လဲ ကဗျာစပ်မိနေတာ မကြာခဏပါပဲ။ စာဖတ်သူများ ကျွန်မရဲ့ ကဗျာများကိုဖတ်ပြီး စိတ်ကျေနပ်မှု ရတယ်ဆိုရင် ကျွန်မ ဝမ်းသာတာပါပဲ။ ။

ကြည်အေး
၁၆-၉-၉၁

## မြစ်လယ်မှာ ချစ်လှယ်တုန်းက

မြစ်ရေပြင် လှေလှူးလို့
ချစ်ဦး မယ်နဲ့မောင်
ပန်းရူးရအောင်။

လမင်းကလျှောင်၊ ကြယ်ပြောင်ကပြုံး။
ညဥ့်ဦး ကဗျာတည်တဲ့
ငှက်ပလီ ချုံနွယ်ရိပ်မှာ
တိတ်တိတ်တွယ်ပုန်း။

လေအေးက ခုန်ပျံ။
ကြင်ဦး ရင်မှာမှီလို့
ဆိုတေးစီ မြစ်တစ်ရိုးမှာ
စိုးတဲ့အသံ။

လှပသည့်ကာရန်၊ ပန်းမန်မှာနား။
လဝန်း တိမ်မှာကွယ်တော့
မြစ်လယ်မှုန်ဝါး။

လဝန်း တိမ်မှာကွယ်။
မြစ်ယံလယ် မှုန်တဝါးမှာ
ရှက်အားကကြွယ်။

တက်ရေးဆန်းကြယ်၊ ကမ်းစွယ်ရိပ်အကွေ့။
ကြက်သီး တလှိုင်လှိုင်ပ
မယ့်သက်ပိုင် ချိုနှလုံးရယ်
ပြုံးတထေ့ထေ့။

ကမ်းဆီကို ဝိုက်ကွေ့လို့
တရွေ့ရွေ့ စိုက်လာ
ယက်ပန်းကဖွာ။

ရွာဦးမှာ၊ စေတီမြတ်မြင့်မား။
ဗျာဒိတ် တလွင်လွင်မို့
လက်ယှက်တင် ပျော်ပုံသစ်ရအောင်
ချစ်သက်သေထား။ ။

*တာရာ၊ အတွဲ ၁၊ အမှတ်-၅၊ ၁၉၄၇*

* * *

## မျက်လုံးတာရာ

မည်းကော့မျက်တောင်၊ ညအမှောင်ဝယ်
မြရောင်အဟပ်၊ ရောင်စုံစပ်၍
ဖျပ်ဖျပ်ပြိုးပြက်၊ တစ်ခဲနက်မျှ
ဝင်းလက်မည်လို၊ ထိန်မည်လိုနှင့်
ဆိုင့်မတန့်၊ ဆန့်တငံ့လျှင်
မဆန့်အာသာ၊ မပြေလာအောင်
တာရာမလင်း၊ ထိန်မဝင်းခဲ့
ရုတ်ခြည်းဖိတ်ဖိတ်၊ ရုတ်ခြည်းမှိတ်သို့
ချစ်စိတ်လွှမ်းဖုံး၊ ကြော့မျက်လုံးလျှင်
နလုံးစာနာ၊ တည်မေတ္တာနှင့်
ချစ်မှာလိုလို၊ သစ္စာဆိုလို့
ရွှင်ချိုဝင်းပ၊ ပြုံးရာကလျှင်
မုန်းလှသည့်ပုံ၊ ညိုးပြန်တုံ၏

မှုန်ကာသာကာ၊ မှုန်သာကာတည့်
တာရာမျက်လုံး၊ မြတနုန်းသည်
အပြုံးတစ်ချက်၊ မုန်းတစ်ချက်
မလက်ပြန်ချည်၊ လက်ပြန်ချည်။။

*တာရာ၊ အတွဲ ၁၊ အမှတ် ၆၊ ၁၉၄၇ ဩဂုတ်*

* * *

## မိခင့်မျက်နှာ

လွရရွတည့်
ဖြူစွင်ငွေမျှင်၊ ကြွေဆံပင်လည်း
ပြေစင်အလှ၊ ခြယ်မသ၍
သွယ်လျပျော့ပျော့၊ ရောင်ဖျော့ဖျော့နှင့်
မကြော့မလွှား၊ လျော့သာပါးသည်
တရားရဟန် ညှိုးနွမ်း၏။

လွန့်ရရွန့်တည့်
တိမ်ညွန့် တိမ်လှိုင်း၊ ပတ်ကွေ့ဝိုင်း၍
ပြာမှိုင်းမိုးငွေ၊ ကြောင်းရစ်ခွေသို့
အရေလျှလျှ၊ အစင်းထ၏
လျောကျချိုင့်ဝင်၊ ရိုးသားတင်သည်
ပါးပြင်မပြည့် တွန့်လိပ်၏။

ပြုံးမျက်နှာလျှင်
ဇရာနှိပ်စက်၊ မည်သို့ဖျက်လည်း
မျက်လုံးအလည်၊ `အပြုံး´ တည်၏
ချိုကြည်နူတ်ခမ်း၊ `အပြုံး´ သမ်း၏
ငြိမ်းချမ်းမေတ္တာ၊ မယှဉ်သာတည့်
မျက်နှာလပြည့်၊ ထွန်းစည့်စည့်လျှင်
မိခင့်မျက်နှာ၊ မြနှယ်သာသည်
ရှုကာမဝနိုင်တကား။ ။

*တာရာ၊ အတွဲ ၁၊ အမှတ် ၇၊ ၁၉၄၇ အောက်တိုဘာ*

* * *

မြိုင်တစဉ်မှာ
သစ်ပင်ကျေးငှက်၊ အားသစ်တက်၍
နင်းစက်ငွေရည် သောက်တော့မည်။

မြောက်ပြန်လေလျှင်
ဟေမန်ရတု၊ ကဗျာစုကို
အနအယဉ်၊ တန်ဆာဆင်၍
ရွှင်ရွှင်ကျူးတော့မည်တကား။ ။

*တာရာ၊ အတွဲ ၁၊ အမှတ် ၈၊ ၁၉၄၇*

* * *

## ဆောင်းပေါက်တော့မည်

ယခုစိုးသည်
မိုးသက်ကုန်မြောက်
ဆောင်းလပေါက်က။

လယ်ခင်းရှင်သည်
တံစဉ်ထက်ထက်၊ ချွေးစက်စက်နှင့်
လယ်ထွက်ကောက်ပင် ရိတ်တော့မည်။

ဆောင်တော်ကူးလည်း
ပွင့်ဖူးဆုပ်ခဲ၊ ကိုင်းကိုဆွဲ၍
တွဲလွဲရိုးရီ စီးတော့မည်။

## ခရီးဝေးယံ

လဆီကို လေယာဉ်စီးလို့
ခရီးထွက်ရအောင်
လိုက်လှည့်ပါမောင်။
ဇမ္ဗူဘောင်၊ ပြာရောင်ဆီမှန်း။
တေးချိုချို နှစ်ကိုယ်လွင့်မယ်
လေနင့်လိုက်ယွန်း။

နှင်းငွေ့မှုန်ပြန့်ကျဲလို့
ပုလဲအပေါ်တွင်
အထဲပြာမင်။
ဆုံးမမြင်၊ ကောင်းကင်မြက်ခင်း။
ဖိတ်ရွှန်း နဂါးငွေ့
လမ်းကွေ့ကိုဆင်း။

အဖြူမှာ ငွေဇာသတ်တဲ့
တိမ်အထပ် ဝေပြာပြာ
ရောက်တော့တဲ့ခါ။
တန့်ရပ်တေးလွှာ၊ ပျာကရာရှန်း။
တိမ်ရိပ်ခိုလျှင် လွတ်မယ်
တွတ်တွတ် တူပုန်း။

မပုန်းနိုင် အမိဖမ်းတော့
လချမ်းသူ ငါအရင်
ပြေးခဲ့ပြန်လျှင်။
လငွေမျှင်၊ ဒါန်းဆင်ကာလွှဲ။
လကွေး ငွေရည်စို့မှာ
ထိုင်လို့တူတွဲ။

ရွှက်စုံရောင်စုံကြွတဲ့
ပြုံးပပ မြဝတ်ကြည်
ပန်းရုံအလည်။
ကြယ်ပွင့်တွေစီ၊ ကြယ်ရည်တွေ လူးလို့။
ကြယ်အငုံ ကြယ်အဖူးနဲ့
ကြယ်ပွင့်တွေခူးစို့။ ။

*တာရာ၊ အမှတ် ၉၊ ၁၉၄၇*

* * *

သူ့မျက်နှာ မှိုင်တငေးကိုမှ
အတွေးနဲ့မြင်ရာမှာ
တွေလာမိစိတ်ထား။

ပျော်လည်းမရွှင်
အချစ် သည်ဟာထင်ရဲ့
သွင်စံပယ် စင်ကြယ်ချစ်လိုနဲ့
ဆင်းပလီ နှင်းဆီချစ်လေလား
သည်မေတ္တာ မည်မမှည့်နိုင်ဘု
တွေးလှည့်ပါ ပူမဆုံးပြီမို့
ဆွေးပြည့်သူ ဝေတနှုန်းရယ်နဲ့
ပြုံးရမှာလား ဖုံးရမှာလား။ ။

*တာရာ၊ အတွဲ ၂၊ အမှတ် ၁၊ ၁၉၄၇*

## ဖြေရခက်တယ်

`နှုတ်ပဋ္ဌင် ခင်မလှစ်ချင်လဲ့
ချစ်လျှင်ဖြင့် ပြုံးလှည့်ပါ´ တဲ့။

တစ်နေ့ နှစ်ကိုယ်ကြုံတော့
မေ မယုံ မပုံသေးသူက
ဖြေသာရုံ တစ်ဖုံမေးပြီမို့
အတွေးချာချာလည်လို့
စိတ်မတည် ကြည်မချမ်းနဲ့
နွမ်းမိခွေလာ။

ရင်မလင်းပေမယ့်
အသွင်တင်းပါလို့
ဟင့်အင်းကွယ် ငြင်းမယ်ပြုပြန်တော့

## ရွှေလှိုင်း

ငွေရည်စိုစို၊ လရောင်ယိုကို
သောက်ချိုပြုံးပြ၊ နှလုံးမြ၍
နံ့းလျှညွှတ်နူး၊ ညဥ့်အဦးမှာ
မေ့မူးလုလု၊ စိတ်ကူးနုနှင့်
ချစ်သူ့စံရာ၊ စောင့်မြဲခါဝယ်
ရောက်လာတစ်ကိုယ်ချင်း တကား။

အို လှပါဘိ၊ လူးလွန့်အိ၍
ငွေ၏ နုရည်၊ သွန်းလှည့်လည်မှာ
ရွှေချည်ရှင်ရှင်၊ ရွှေမျှင်ကွေးကွေး
ရွှေရေးတွန့်တွန့်၊ တွန့်ရရွန့်လျှင်
လှိုင်းညွှန့်လှဲ့မှုန်၊ လေအကြုံဝယ်
သိုင်းခြုံငွါအား ပွေ့ကြို၏။

ရွှေလှိုင်းကော့ပျံ၊ ငွေရောင်ခံလျှင်
လျှံလျှံလက်ရွှန်း၊ လှရက်လွန်းသည့်
ငွေမွန်းသည့်ရွှေ၊ ရွှေမွန်းငွေလို
နှစ်ထွေရောစု၊ လှချင်းလုသော်
ရှုမိလေလေ၊ စိုက်ငေးတွေသည်
အို ရွှေလှိုင်းလော၊ ငွေလှိုင်းလော။

အပြုံးဆွတ်ဆွတ်၊ နှလုံးလွတ်နှင့်
ကွေ့ပတ်ရစ်လည်၊ လှိုင်စည်စည်ကို
တမ်းမည်စိတ်တွင်၊ နမ်းလိုချင်၍
ငါလျှင်တုန်လှုပ်၊ မချုပ်တည်းနိုင်
ယိမ်းယိုင်တပ်မက်၊ မှားရှုသက်နှင့်
ကမ်းလက်တူရှု၊ လှမ်းလိုက်ယူတည့်။

နသည့်အတွေ့၊ လှိုင်းအကွေ့ပေါ်
ချမ်းမြေ့ကြည်သာ၊ လှမျက်နှာလျှင်
အာကာအလျှံ၊ နောက်ကားခံ၍
လွတ်ခံငွေသော်၊ ရတ်ခြည်းပေါ်သို့
မေ့ပျော်မိအောင်၊ ပြုံးအလှောင်နှင့်
ဟန်ဆောင်အကြည့်၊ လွန့်၍လှည့်စဉ်
လေ၏ အပင့်၊ လှိုင်းလည်းလွင့်၏။

ပန်းခက်စိပ်စိပ်၊ ရွှေလှိုင်းလိပ်လျှင်
ငွေရိပ်အခို၊ ရွှေမည်လိုနှင့်
အညိုသို့လု၊ တစ်ဝက်နု၍
တစ်စုအရင့်၊ ဖွာရာလွင့်သည်
ကြဲပွင့်ပျောင်းရှည်၊ လေတွင်စည်တွင်
ဝေ့လည် ချစ်သူ ဆံနွယ်တကား။
ရမွှက်ပြင်းပူ၊ စိတ်ဆုံးဆူ၍
ပြုံးမူမပျက်၊ ငွါချစ်သက်ကို

ပိုက်ဖက်ယူမိ၊ မခံချိနင့်
စိတ်၏ စေရာ၊ လိုက်အပါဝင်
ကမ္ဘာကိုမေ့၊ နှစ်ကိုယ်တွေ့မှ
မွေ့မွေ့ကြည်လျှမ်း၊ ရှိုက်ရှိုက်နမ်းသည်
လှမ်းသူကိုလည်း၊ လှိုင်းကိုလည်း။ ။

*တာရာ၊ အတွဲ ၂၊ အမှတ် ၈၊ ၁၉၄၇*

* * *

## ရေမှာ ဗေဒါပွင့်

ရေမှာ ဗေဒါပွင့်
ရွက်လွှင့်လို့ ဆိုင်ဆိုင်
ခပ်တက် ပြိုင်ပြိုင်။
နီလာခိုင်၊ ကြည်ပြာမြိုင်ပေရဲ့။

ဗေဒါ ရေကြောမှာ
မျှောလို့ ပျော်ငဲ့။

လေအကြုံ ရေစုန်ပြေးလို့
လှေကလေး ဗေဒါ
ကမ်းကွေ့လို့လာ။
ခဏတာ၊ မြနာ၀ါ သူရပ်။

ရေလယ် စေတီရိပ်ကို
ဦးထိပ် ရိုကပ်။

မုန်တိုင်းထန်တဲ့လျှင်။
လှေ ဗေဒါ လှိမ့်လူး
မြစ်ဦးဖွေတွင်။
မိုးသက်ကယ်ဆင်၊ လမ်းစဉ်ပိတ်ဖုံး။

ကိုယ်ထီး ဖော်မပါဘဲ
ထိတ်ပျာလို့ နုံး။

ဝဲကတော့ လည်တဲ့လျှင်။
လှေ ဗေဒါ လှိမ့်လူး
မြစ်ဦးဖွေတွင်။

ယက်ပန်းငယ်ဆင်၊ အားအင်နှင့်ခွေရစ်။

ရေမှာ ပေဒါမြုပ်အောင်
စုပ်တဲ့လို့နစ်။

မုန်တိုင်းတဲ့ တွေ့ကြုံ။
မြစ်ဇွေ ရစ်ခွေလှဲ့
ဝဲနဲ့လည်း ဆုံ။
လှိုင်းဖုံဖုံ၊ ဝိုင်းအုံတားဆီး။

ရေသာ လေသာ ရပြန်ငဲ့
လှေနာဝါ ပေဒါမြငယ်
ဘဝခရီး။ ။

*တာရာ၊ အတွဲ ၂၊ အမှတ် ၂၊ ၁၉၄၇*

* * *

**အငြင်း**

`ဝေဟင်မှာ ရွှေမင်ပြောက်
ကြယ်အတောက် ကြယ်အပြောင်
ရေတွက်ရအောင်။
ကြယ်ပွင့်ကုန်အောင်
မယ်မောင်ချစ်တမ်း´ လို့ဆိုတော့။

သူ့နှင်းဆီပွင့်နှုတ်ခမ်းမှာ
အပြုံးယောင်ယောင်သမ်းလို့
ခေါင်းတွင်တွင်ယမ်း။

`ပင်လယ်မှာ မေ့တမော
လှေမျောနဲ့ ရေမှာပါ။
ချစ်စို့နော် ပျော်စို့လား
နစ်ပါးကြင်နာ။
ခရီးဆုံးတိုင်သာ
ဟိုမှာဘက်ကမ်း´ လို့ဆိုတော့။

သူ့နှင်းဆီပွင့်နှုတ်ခမ်းမှာ
အပြုံးလိုလိုသမ်းလို့
ခေါင်းတွင်တွင်ယမ်း။

ချစ်ကဗျာ ကုန်စင်ထပ်လို့
တန့်ရပ် မှိုင်တွေဝေ။

`ချစ်လှည့်ပါ´ သည်တစ်လုံးကို
သူ့ပြုံးလှ္ဘာ စိတ်မှာတမ်းလို့
ယမ်းယောင်မိပေ။

သူ့စိတ်မှာထွေ၊ အဖြေနှင့်သက်ပြင်း။
ထပ်ခါခါ ဘာသာငြင်းတယ်
`ဟင့်အင်း ဟင့်အင်း´ တဲ့။

ရင်တွင်းမှာ လှိုင်းလိပ်လို့
တရိပ်ရိပ် ဝေဒနာ။
စိုက်ငေး တွေဝေရှူမိ
ချစ်သူ့မျက်နှာ။

သူလည်း ထွေလာ
မူရာလျှန္တမ်း။

အားအယူ မှားရှုသက်နဲ့
သူ မျက်ရည်လျှမ်း။

`မေ့လိုက်တော့ သက်ဝေရယ်´ တဲ့
သူတစ်ဖန် ဆိုပြန်ရက်တယ်
စိတ်စက်အပြေ။

`ချစ်ကြိုးကိုဖြေ
မေ့နေမယ်ထင်လား´ လို့ မေးတော့။
ချုပ်တည်း သူမနိုင်နဲ့
ယိမ်းယိုင် လိုက်အလျော့မှာ
မောလုသနား။

ချစ်သူကို ပိုက်ထွေးလို့
စိတ်အေး ဘဝင်ဝယ်။

`တွက်မနိုင် ရေမဆုံးတဲ့
ကြယ်ပြုံးကြယ်ပြောင်တို့
ရေရအောင် လှေအလူး
ကူးစို့ပင်လယ်´ လို့ ဆိုတော့
ရှက်အားကြွယ်ကြွယ်
ငိုတရယ် ချက်ချင်း။

ကြားပြန်ပဲ့ မူရာငြင်း
`ဟင့်အင်း ဟင့်အင်း´တဲ့။ ။

*တာရာ၊ အတွဲ ၂၊ အမှတ် ၃၊ ၁၉၄၇*

* * *

## မိုးတိမ်ကိုမှာ

တစ်ကိုယ်ငေးမိရဲ့
အတွေးဟိုသည်ခုန်လို့
နွေအကုန် ကဆုန်ကူးရင်ဖြင့်
ရှူး မိမိ ဘဝင်မှာ။

(အို နီလာလို ကြည်ပြာခိုးမှာ
တိမ်ခိုးတွေညို့
စိမ့်သည်းလှိုက်ဖို အလိုလို
စာဆို မျက်ရည်စို့မိပေ့ါ)
တစ်မြို့နေ တစ်မြေဖွားပေမို့
ပြစ်မယူ ချစ်သူသွားပေအုံ့
သနားကြင်နာပိုနဲ့
စကားထင်ရာဆိုမိတော့
သည်မယ်လို တ,ငိုတမ်းရယ်နဲ့
သူလည်းလေ ပူဝေနွမ်းပေလိမ့်မယ်
မောင့်ဌာနီ မြောက်ဆီလွမ်းကာပ
လှမ်း မျှော်မိပါ။

(ကြာကြာလေ အနေဝေးသော်လည်း
အတွေးချင်းဖြင့် နှစ်ကိုယ်ဆုံ
ချိုမြအပြုံး ကြင်မဆုံးသူမို့
စိတ်လုံး မယ်သာပုံခဲ့)
ယုံသူကို ဆုံတူတွေ့ချင်လို့
တိမ်ပွေပွေ လေအဝေ့မှာ
မြောက်မြေဆီ အောက်ခြေ ရွေ့ပြန်တော့
`သည်မေ့ သခင်ကိုဖြင့်
တမြင်မြင် မြင်ယောင်မှန်းနေလို့
ခင်းသာလျှင် ရွာစဉ်တန်းကိုဖြင့်
လှမ်းလိုက်ပ့ါ တိမ်ပြာရယ်´လို့
အမှာလက်ဆောင်ပါး။

(မယ့်ကိုယ်စား သွားရှာတဲ့တိမ်ညို
မြောက်ဆီကို ပြုံပေ့ါ
စိုစိုရွှဲရွှဲ မိုးပေါက်တွေကြဲလိမ့်
တသဲသဲလေ ညိုမည်းပေ့ါဝေဟောင်လုံး
မိုးဟန်ပြင်ဆုံးနိုင်ဘု)
ပြုံးမိနေစဉ်
အိပ်မက် တယဉ်ယဉ်ပေ့ါ
သည် ဇွဲမှာ ထွေရာတွေးပါမိ
မေးရှာလိမ့် သူလည်းလေ

`မိုးဆွေရယ် ညို့နေလျှရာက
လွမ်းမောင့်ကို ပန်းအောင်တလေသလား´လို့
တိမ်မြပြာ မိလ္လာနှောရယ်က
စကားလွှာ ကြားမှာတဲ့သဘောကို
ပြောနိုင်ပဲ့မလား။ ။

*တာရာ၊ အတွဲ ၂၊ အမှတ် ၄၊ ၁၉၄၈*

* * *

## အိုလွမ်းသူရယ်

အို လွမ်းသူရယ်
ပြုံးမှုပျက်၍၊ မျက်ရည်ဝေ့နှင့်
မေ့လျော့သနှင့်၊ စိတ်လုံးလွင့်သည်
ကြွေရင့်မည့်နှယ်၊ တစ်အားငယ်သည်
ဘယ်သခင့်တွက် ဖြစ်သနည်း။

ပြတင်းဝဝယ်
ငြိမ်လုလွန်းသည်၊ ကျောက်ရုပ်တည်သို့
မှုန်ရည်နွမ်းအောင်၊ စိတ်ယမ်းယောင်နှင့်
ကြောင်၍ရပ်နေပါတကား။

ရင်မှပွင့်သည်
ကြောက်ချင့်စဖွယ် သက်ပြင်းများ။

လေဝယ်လွင့်သည့်
ညိုရင့်ဆံပင် ရွှေမျှင်လိုင်း။

သည်နှစ်ခုသာ
လွမ်းသူ့ပတ်လည်၊ လှုပ်ရှားသည်တည့်။

အို လွမ်းသူရယ်
ပူသည်ကိုဖျောက်၊ ကြောက်သည်ကိုပယ်
စိတ်ဝယ်မလျှော့၊ စောင့်ဦးတော့လော့။

တစ်နေ့နေ့မှာ
တွေ့မည်ရှင်ချို၊ သခင်ကိုတည့်
မေ့ကိုမုန်းထား၊ အဝေးသွားလည်း

လွင့်ပါးမရှည်၊ ပြန်ခဲ့လည်က
စောင့်သည်တွေ့မူ၊ ချစ်စိတ်ဆူနှင့်
လွမ်းသူရှေ့မှောက်၊ သူဒူးထောက်လိမ့်။

သည်အခါမှာ
ကြာနှုတ်အပြုံး၊ ဖြူနုလုံးနှင့်
မရုန်းမပယ်၊ ငိုတရယ်လျှင်
စင်ကြယ်ခွင့်လွှတ်၊ ချစ်သက်မှတ်ကို
ကြည်ညွတ်ချဝန်၊ သခင်ပန်က
ပြန်လည်လိုလိုက်၊ ချစ်သူမိုက်ကို
ထွေးပိုက်ပါယူ၊ အိုလွမ်းသူရယ်။ ။

*တာရာ၊ အတွဲ ၂၊ အမှတ် ၆၊ ၁၉၄၈*

* * *

## တသက်သက်

အမိုက်မှောင်တွင်း
တယောင်ယမ်းယမ်း၊ ဖွေရှာစမ်းသော်
လမ်းပန်းမတွေ့၊ မူးမိုက်မေ့လည်း
လဲ၍နေရာ၊ တွားသွားကာလျှင်
ရှေ့သာအတင်း၊ ဖွတ်တိုးခြင်းဖြင့်
အလင်းလိုက်လံ ရှာသည်တကား။

ငါ့ကိုယ်လက်ကို
ပြက်ရယ်ပျော်ပါး၊ လူအများလျှင်
ဖြတ်သွားကျော်နင်း၊ နှိပ်စက်ညှဉ်းက
တင်း၍ခံယူ၊ မညည်းညူလည်း
သည်းအူနာကြည်း၊ ဒဏ်ရာသည်းသည်
သွေးလည်း အလိမ်းလိမ်းကပ်၏။

သက်ရှိုက်ပန်းစွာ
လမ်းခုလတ်တွင်၊ ရေးရေးမြင်သည်
ရွှေစင်လိုတောက်၊ ငွေပြောက်လိုထိန်
စိန်တနှုန်းခြယ်၊ ငါလျှင်ကယ်အံ့
ဖြူကြယ်တစ်ပွင့် လက်သတည်း။

ရွှန်းရွှန်းပသည်
ကြယ်တ(တစ်)ပွင့်ပြက်၊ ရောင်ခြည်လက်ကား
ဝေသက်ချစ်သူ၊ ကြိုအယူမှာ
မွှေးကြူနီရင့်၊ နှင်းဆီပွင့်လျှင်
မြင့်မြတ်နလုံး၊ ပုလဲကုံးလုစ်
ပြုံးသည့်အလင်းရောင်တကား။

ချစ်သူခြေရင်း
စင်းလျောင်းရာမှ၊ အားယူထသော်
ထူမကြိုထွေး၊ သူ့ကိုယ်နွေးကို
မေး၍ရပ်စဉ်၊ အားသစ်ဝင်သည်
စိမ့်ကျဉ်အသည်း၊ ဝမ်းပန်းနည်းနှင့်
ပျော်လည်းရယ်ကာ၊ တုန်လှုပ်စွာလျှင်
သည်ခါကျမှ၊ မျက်ရည်ကျသတည်း။ ။

*တာရာ၊ အတွဲ ၂၊ အမှတ် ၇၊ ၁၉၄၈*

* * *

## ဘဝဟောင်းက ချစ်သူ

ညနေအေးမှာဖြင့်
ဆွေးမိသလိုလိုနဲ့
စာဆိုမောင် တယောင်ယမ်းရယ်နဲ့
လျှောက်ခဲ့တယ် တစ်ကိုယ်တမ်းပေပေါ့
ဘယ်ချစ်သူ ကြိုယူကမ်းမယ်လည်း
ခြေလှမ်းက မသွက်ချင်။

အလို ဘုရားသာပ
ဆို မှား တွေဝေကြောင်မိ
ညိုမှောင်မှောင် နှင်းရည်သိပ်ပါတဲ့
လမ်းမြောင်မြောင် သစ်ပင်ရိပ်မှာလ
အိပ်မက်ထင်စရာပ
ကညာယဉ် ပြာပြာညက်ရယ်က
ပျာကရာ ပြေးလာထွက်ပါလို့
ငိုတရယ် နှုတ်ဆက်
လှမ်းဖက်ခင်မင်။

`အို ပြုံးယောင်ပြပါမောင့်
ကွဲရကြာလေပြီ´တဲ့
ဆည်မပြေ ချုပ်မတည်းနိုင်လို့
ငိုညည်းနေရှာတော့
ထိတ်ပျာပျာ စိတ်သာများမိပါရဲ့
ကြံ့သူကို ပုံတူမှားရှာထင့်
သနားငြိမ်နေတောင်မှ
`မေ့မောင်ရယ် ကွေ့ရှောင်တိမ်းရက်ပေ့
စိမ်းမေ့ပြီပေါ့ ဟင်´တဲ့
ပြစ်တင်လို့မဆုံး။

အတွေးခက်ပါရဲ့
အေးကွက်မမြင်ပြီဘု
ယခင်ဆီ ပြန်လည်မှန်းသော်လည်း
ဘယ်ခါဝယ် ဘယ်စခန်းဆီက
ဘယ်ညောင်ရေ ဆုယူသွန်းပါ၍
ချစ်ပန်းနှစ်ကိုယ် ဆင်ခဲ့တယ်လို့
မမြင်နိုင် စိတ်သာပျက်မိပါရဲ့
ခေါင်းညင်သာ ခါကာထွက်ခဲ့ရ
သူ့ခမျာ လွမ်းရာခက်ရှာပေ့ါ
ကြက်သေ သေလို့ နံးရာက
(စောင့်ရှာသူမှာ)
မျက်ရည်နဲ့ပြုံး။ ။

*တာရာ၊ အတွဲ ၂၊ အမှတ် ၈၊ ၁၉၄၈*

* * *

## သချိုင်းအစ

အုပ်စုလိုက်ပင်
လေတိုက်လွင့်တိုင်း၊ ကြမ်းတမ်းရိုင်းရင့်
သစ်ကိုင်းညိုခြောက်၊ အိုရင့်ကောက်လိမ်
မြေအောက်ကြွေကျ၊ ပါးလျလျနှင့်
တစ်ရွက်တလေ၊ သစ်ရွက်လေလွင့်
ချောင်းရေစုန်မျော၊ လေကြောဝေ့သက်
တစ်ဝက်တချို့၊ ဝေးသို့ပို့ဆောင်
ညို့ဝါမြခြောက်၊ လေးငါးခြောက်ပုံ
ကောက်ကြောင်းလေပွေ၊ မြေပေါ်ပုံကြ။

ရွက်တဝေ့ကို
လှမ်းပွေ့မထိ၊ စမ်းမမိ၍
မျက်စိစူးစမ်း၊ ဆုံးစခန်းမြင်
မေးမြန်းလိုပါ၊ ဤရွက်ဝါ၏
ဇာတိဘယ်မှာ စသနည်း။ ။

*(၁၉၄၈)*

* * *

လူရိပ်ရေးရေး
ကလေးငိုသံ၊ တေးဆိုဟန်လို
အသံဗလံ၊ မြစ်ရေလျှံမှာ
စုန်ဆန်မျှောစီး၊ တီးတိုးညည်းလာ
အနီးကပ်အော်၊ လိုက်ခဲ့ခေါ်လို
ရမ်းရော်စိတ်ညစ်၊ မှုးယစ်ယစ်မြင်
ပြောင်းသစ်မြို့ရွာ တစ်ဖက်ကမ်း။

သတိဝေ့လည်
မေ့လျော့ဖြည်းညင်း၊ ရေကိုဆင်းပြီး
စမ်းနင်းလျှောက်ခဲ့၊ ကျောက်ပဲ့ရွှံ့စူး
မူးနစ်မွန်းနောက်၊ လွယ်ကူရောက်သည်
ရေအောက်ဖြတ်လမ်း တိတ်တခိုး။ ။

*တာရာ၊ အတွဲ ၃၊ အမှတ် ၁၈၊ ၁၉၄၉*
* * *

**ဘဝကူး**

မိုးရွာပြီးစ
မြေကြီးညှံ့သိပ်၊ တိမ်ရိပ်မှောင်ဖျော့
ညွှတ်ကော့သစ်ရွက်၊ ရေစက်စက်အောက်
မိုးသက်လေမှာ မေတစ်ယောက်တည်း။

မြစ်ရေစပ်၌
မတ်ရပ်တင်းတောင့်၊ ရင်ဟင်းလင်းဟာ
ငွေကွင်းဂယက်၊ ခြေကိုပက်မှ
ပင့်သက်ရှိုက်ငင်၊ လျော့ဆံပင်လည်း
လေတွင်ပြေသွား၊ လွင့်ပါးလိုက်တာ။

## ရှင့် ကဗျာဆရာ

သူ့နားကပ်ပြီး
စပ်စမ်း ကဗျာတစ်ပုဒ်လောက်။

သူက ပြုံး၍
ကုန်းကာလှမ်းရူး၊ ရွက်စိမ်းဆူးနီ
အဖူးကြမ်းကြမ်း၊ တောရိုင်းပန်းလို
နမ်းလိုက်သည်နှင့်၊ ချက်ချင်းပွင့်လာ
ပုလဲဝါဝါ၊ သဇင်လွှာသို့ ပြောင်းလဲသွား၏။

`ကဗျာစပ်လေ
ထပ်ဖို့ကာရန်၊ အသံရှာလေ
စာလုံးစက္ကူ၊ ခဲတံယူလေ´။

သူထွက်သွားပြီး
မြိုင်ကြားကျောက်စက်၊ ရေတစ်စက်ကို
လက်နှင့်တောက်ရာ၊ စိတ်စိတ်ဖွာပြီး
ဆပ်ပြာပူဖောင်း၊ အသွင်ပြောင်းသွား
ကောင်းကင်သို့လွင့်၊ အရောင်ရင့်လာ
တိမ်နှင့်ငြိတွယ်၊ ကြယ်တွေဖြစ်သွား။
မျက်မှောင်ကုပ်မိ
`ဘာလုပ်နေတာလဲကွယ်´။

သူ တိတ်ဆိတ်စွာ
ရိပ်ပြောက်မြက်ခင်း၊ လေဟင်းလင်းမှာ
သက်ပြင်းညင်သာ၊ မောဖြေလာသည်
ကဗျာမစပ်တတ်ဘူးလား။ ။

*တာရာ၊ အတွဲ ၃၊ အမှတ် ၁၉၊ ၁၉၄၉*

* * *

## တစ္ဆေ

အိပ်လို့မရ
ညကြီးမင်းကြီး၊ ထပြီးထိုင်နေ
မွေ့ရာတွေလည်း၊ ကြေမွတွန့်လိပ်
သိပ်စိတ်ညစ်တယ်၊ သတိပြယ်လွင့်
ခိုတွယ်စရာ အတည်မကျ။

အပြင်ဘက်မှာ
သစ်ရွက်တွေကြား၊ ကြယ်လေးငါးပွင့်
စကားပင်အို၊ ကန်ရေစိုစွတ်
ဟိုမှာလှုပ်လှုပ်၊ ငုတ်တုတ်လက်ကမ်း
စမ်းလျှောက်သွားနေ၊ မြက်ချုံတွေထဲ
တစ္ဆေငါကိုယ်တိုင်ပါပဲ။

ခုတင်ခြေရင်း
ဖြည်းနင်းရှပ်ရှပ်၊ မတ်တပ်ထလိုက်
ခန်းဝကိုလာ၊ ဝရန်တာမှာ
သည်မှာတစ်ယောက်၊ တစ္ဆေခြောက်လှန့်
ကြောက်ကြောက်နှင့်ကြည့် ၊ မျက်နှာလှည့်စမ်း
တည့်တည့်လှမ်းမြင်၊ အော်ဖို့ချင်မိ
တစ်ဆင်တည်းပဲ သူနှင့်ငါ။

မြစ်နက်ထဲမှာ
ငါ ရေနစ်မြုပ်၊ ချမ်းပြီးကုပ်နေ
ကုက္ကိုကိုင်းကြား၊ ငါနေနားလိုက်
ဘုရားရှေ့မှောက်၊ ဒူးထောက်ရောက်ပြန်။

မောပန်းလျှနင့်
တစ်ယောက်သောငါ၊ ငါများစွာမှ
ထလာလွင့်ပါး၊ မောင့်အနားကို
စကားထွေရာ၊ ငိုသံပါနှင့်
ဘာမှမကြား၊ မောင့်အနားမှာ
`ထသွားစို့ဆို၊ မေ့ကိုအိပ်မက်
မမက်ဘူးလား ´၊ တစ္ဆေဖြားယောင်း
မှုန်မွှားစိတ်ဝယ် အရိပ်ထင်။ ။

*တာရာ၊ အတွဲ ၃ ၊ အမှတ် ၂၀ ၊ ၁၉၄၇*

* * *

## စိတ်သိ အိပ်မက်

အိပ်မက် မက်တယ်
သစ်နွယ်ရောစပ်၊ ကမ်းပြတ်မှာလို
ပိတောက်အိုအောက်၊ တစ်ယောက်တည်းပဲ
ချွံနွဲ့တော့တီ၊ မေ့ရဲ့ ဂီတ
သီပံ့မယ်တွေး၊ တယောလေးယူ
ဖြေးဖြေး(ဖြည်းဖြည်း)လျှောက်ရင်း ကြိုးကိုညှိ။

တကုပ်ကုပ်ပင်
ခလုတ်လှဲ့ပြတ်၊ တစ်ပတ်ကျော့ရစ်
အသစ်တပ်ပြန်၊ တေးမဆန်ဘူး
စိတ်ကူးကဗျာ၊ ပျက်သွားမှာစိုး
ထိုးတံကလဲ(လည်း)၊ မညက်ဘဲကွယ်
ခက်ခဲလိုက်တာ ကူလာပါဦး။

တေးမဖြစ်လို့
စိတ်ညစ်ထိုင်ပြီး၊ သီချင်းညည်းမယ်
စည်းဂျပ်သံလွင်၊ ကောက်ယူငင်လိုက်
ရင်မှာပြည့်ညပ်၊ ကျပ်နေတာတွေ
ငွေသံကျော့ရွှ၊ မလှ လှအောင်
ဂီတအဖြစ်၊ ကူးပြောင်းဖြစ်ဆဲ
ဆန်းသစ်ကာရန်၊ ပြန်ကာကောက်။

အယောင်လွန်ပြီး
သံအန်ထွက်သွား၊ လန့်တကြားနိုး
မေ့မှာစိုး၍၊ တိုးတိုးတေးဆက်
ဆိုတစ်ဝက်မှာ၊ မေ့လက်ဆုပ်ကိုင်
ဘေးမှာထိုင်တာ မောင်ပါကော။

မောင်က ပြောသည်
`တယောကြိုးသီ၊ ညှိမညီလို့
ဂီတမဖြစ်၊ ဖြစ်ပြန်ပါလည်း
ကာရန်မလှ၊ စည်းမကျဘူး
မေကဆိုလှဲ့၊ တေးနွဲ့နွဲ့လေး
ဂျပ်နဲ့သံလွင်၊ ကောက်ယူငင်လျက်
ရင်မှာပြည့်ညပ်၊ ကျပ်နေတာတွေ
ငွေသံကျော့ရွှ၊ မလှ လှအောင်
ဂီတအဖြစ် ပြောင်းပစ်ချင်တယ်´။ ။

*တာရာ၊ အတွဲ ၃ ၊ အမှတ် ၂၁၊ ၁၉၄၇*

* * *

## ထွက်ပြေးချင်တယ်

မိုးလင်းလင်းချင်း
သီချင်းလိုက်လိုက်၊ ပန်းငုံကိုက်ဆိတ်
ချိုးသိုက် ဖိုမ၊ ချိုမြအေးလည်း
စိတ်လေးကျပ်ညပ် ရှူးချင်တယ်။

မြို့လုံးနေရောင်
အိမ်ခေါင်မိုးတွေ၊ မီးခိုးဝေညစ်
နွေမိုးဆောင်းတိုင်း၊ အိုကိုင်းညွတ်လာ
ရပ်ရွာလူသူ၊ စကားဆူညံ
အူချာလည်ပြေး၊ အသက်မွေးကြ
ရင်လေးကျပ်ညပ်  ရှူးချင်တယ်။

တစ်ညချိန်၌
မီးအိမ်ငြိမ်းလိုက်၊ ညဥ့်ဦးမိုက်မဲ
ကြယ်လဲ(လည်း)မပွင့်၊ လ မမြင့်မှာ
လွတ်ခွင့်ကိုရှာ၊ စိတ်ချမ်းသာခြင်း
မှောင်မှာတွေ့ပြား၊ ထွက်လာမိ။

မှောင်ကြီး မဲ(မည်း)ကြီး
မရဲတရဲ၊ တစ်ယောက် ထဲ(တည်း)ပင်
ဘာလဲ(လည်း)မမြင်၊ စမ်းသပ်ဝင်ခဲ့
မြေပြင်သိပ်သဲ(သည်း)၊ မောပန်းလှဲချ
ရွက်မြကြပ်ပိတ်၊ သစ်အေးရိပ်၌
အိပ်မယ်ကြံမှာ၊ မောင့်ကိုသာတွေး
ဘယ်ခါ လွတ်ပါ့မလဲကွယ်။ ။

*တာရာ၊ အတွဲ ၃၊ အမှတ် ၂၂၊ ၁၉၄၉*

* * *

## ကြွေရွက်ဆင်

ညို့ခြေရင့်ကို
လေလွင့်ပတ်ချာ၊ မြေညံ့ပြာထက်
ရွှေဝါတစ်ဝက်၊ စိမ်းရော်ဖက်စပ်
ဆက်တိုက်ပြုတ်ကြွေ၊ စောင်းရွှေရွှေစီ
ရွာစွေသွန်းသည့် ကြွေရွက်မိုး။

ပျော်တပျက်လေ
ကြွေရွက်တစ်လိပ်၊ အသွားစိပ်နှင့်
ညှာထိပ်မခြောက်၊ မြကွက်ပြောက်နှင့်
လက်အောက်ကျလာ၊ အနားမှာမို့
အသာလှမ်းပြီး တိတ်တိတ်ကောက်။

လန့်ဆုတ်မိရဲ့
ညှံ့အိစက်စက်
ထိတွေ့လက်၌
သစ်ရွက်ရုပ်ပုံ
အဆစ်စုံလေး
လေကြုံမှာလွန့်
ပြာတစ်ကန့်နှင့်
ဝါဖန့်ရော်ရွှေ
ခပ်ပွေပွေရယ်
မေကာ နီးကပ်
မိုးပြီး ရပ်နေ
ဇာသတ်ပိုးပျော့ ဆင်ထဘီ။ ။

*တာရာ၊ အတွဲ ၃၊ အမှတ် ၂၃၊ ၁၉၄၉*

* * *

## အတ္တရုပ်ပုံလွှာ

ဟင်းလင်းပွင့်မှာ
လေသာတိုးငွေ့၊ ထိတွေ့နေရ
ပျပျကလေး၊ အဝေးကြီးလား
နီးနီးလားဟု၊ ခွဲခြားမသိ
မြင်မိသည်ကား၊ တစ်လျားခုံးခုံး
အဆုံးမထင်၊ ပြာကောင်းကင်သို့
ငါလျှင်ထီးတည်း၊ တစ်ယောက်တည်းသည်
မညည်းမညူ ထိုင်နေ၏ ။

အဆုံးမရ
အစမထင်၊ အတွေးယဉ်ကို
ညင်ညင်အလျော၊ မျောစေမျော၍
ပေါလောလွှတ်ကာ၊ တွေးတောရာဝယ်
ကမ္ဘာတစ်ဝှမ်း၊ ထက်အောက်မွှမ်းအောင်
ပတ်ပြွမ်းစုံစေ့၊ ငါမမေ့ဘူး
မကွေ့မထောင့် ရောက်ဘိ၏။

အို . . . အို . . . အို . . .အို
ဘယ်ကိုသွားမလဲ၊ ရေထဲညွန့်အောက်
ရေညှိပြောက်လား၊ ငါ ရောက်သွားသေး
ညွတ်ကွေးကော့ကော့၊ ရေစက်လျှော့တွဲ
ရွက်ပျော့ မျှင်ကြား၊ ငါ နေနားလိုက်
တွားသွားစမ်းရှုံ့၊ တိမ်ဖြူညွန့်ထက်
လွန့်လွန့်လက်လက်၊ ရင်ခွင်ထက်မှာ
မေးစက်အိပ်တာ၊ ငါသာပါပဲ
ဝါဝါနတ်သီး၊ အမြီးစိမ်းယွန်း
ပျံသန်းငှက်လည်း၊ ငါပါပဲကွယ်
အမြဲ `ငါ´တွေပါကလား။

ဆက်တွေးပါဦး
အပြာအနက်၊ အဖြူစက်၍
စပ်ဖက်တစ်မျိုး၊ တိမ်ခိုးရောင်ဆိုင်း
မှိုင်းမှိုင်းညှိုမှာ၊ ငါခိုနားမိ
မြိုင်ကြားပင်ယှက်၊ သရက်သီးဝါ
ရသာချိုမြ၊ မှည့်ရွှမ်းစမှာ
ငါပင်ရောက်လေ၊ ကူးလူးနေခဲ့
မောင့်ရဲ့ရင်ခွင်၊ ငါပဲဝင်၏
ဘယ်တွင်ရယ်မှ၊ ထွက်လို့ရဘူး

အစမတုံး၊ ငါလုံးလုံးသည်
အဆုံးအစ မရှိသည့်ငါ။

ထို့နောက်တွင်ကား
`သင်´ကိုတွေးစမ်း၊ မှန်း၍ကြည့်ရာ
သင်မှာ ငါ့ကို၊ စဉ်းစားလိုတိုင်း
တိုးလျှိုယက်ဖောက်၊ စိတ်ကူးပေါက်ကြည့်
ဘယ်လောက်များများ၊ ပွားသွားပါစေ
တွက်ရေမရ၊ ဆုံးစမရှိ
`သင်တွေရှိလည်း၊ ကြွင်းသည့်အမြဲ
တစ်ခုထဲ(တည်း)သာ၊ ငါပဲထွင်းဖောက်
ငါတစ်ယောက်မှာ၊ ကျန်ရစ်ပါသည်
ဘယ်ခါမှ ငါမပျောက်ဘူး။

ထိုသဘောကို
ညှိနှောတရား၊ သင်္ချာသားသော်
သင်ကားညီမျှ၊ `ဆုံးစမရှိ´
နတ်ဘိတစ်ခု၊ ထိုတစ်ခုကား
ငါဟုပင်လျှင်၊ ငါတွက်မြင်သည်
သင်္ချာကဗျာ လင်္ကာတည်း။ ။

*တာရာ၊ အတွဲ ၄၊ အမှတ် ၂၄၊ ၁၉၄၉*

* * *

**မယ့်သခင်**

မိုးအောက်မြေဝယ်
တစ်ကိုယ်ရေချင်း၊ အဖော်ကင်းနှင့်
အပြင်းပတ်ချာ၊ လှည့်သွားလာ၍
ဖွေရှာမိ၏ သခင်ကို။

အို လာလှည့်ပါ
အေးသည့်အပြုံး၊ သခင်သုံး၍
ကွယ်ပုန်းဝှက်လာ၊ ပွင့်သည်းလွှာကို
လိုရာပြုဖို့ ယူပါတော့။

သည်အသဲ(သည်း)သည်
ဆိုမြဲထက်ပင်၊ ချိုသာရွှင်သည်
ပဥ္စင်တေးစု၊ ပျော်ခုန်မှုဖြင့်
ပိုင်သူ့အားကို ဖျော်ပါ့မည်။

မြမျက်လုံးကို
ဆုံးစ မတည်၊ အချစ်ရည်ဖြင့်
ဝေ့လည်ဝင်းလက်၊ ကြယ်ပွင့်ခက်ကို
ပြိုးပြက်ထင်အောင် တင်ပါမည်။

ကြော့နှုတ်ခမ်းကို
သမ်းစိမ့်အပြုံး၊ တစ်သက်လုံးလျှင်
ပြိုင်နှုန်းကင်းစေ၊ ပြုံးပန်းခွေဖြင့်
မကြွေသာအောင် ဆင်ပါမည်။

ပတ္တမြားရည်
စီးသည်သို့ပင်၊ သွေးအလျဉ်သည်

စို့ရှင်သွန်းဝေ၊ သင့်မြေကို
မြေတွင်အိုင်အိုင် ဆေးပါမည်လေ။

အိပ်မက်ယာဉ်နှင့်
ဝိညာဉ်ကိုစေ၊ မိုးအောက်မြေဝယ်
တစ်ကိုယ်ရေချင်း၊ အဖော်ကင်းနှင့်
အပြင်းပတ်ချာ၊ လှည့်သွားလာ၍
ဖွေရှာမိ၏ သခင်ကို။ ။

*တာရာ၊ အတွဲ ၄၊ အမှတ် ၂၅၊ ၁၉၄၉*

* * *

## နင်းဆီ

ရွှေလည်မော့ကာပ
နေခြည်ပျော့လိုနှင့်
ရည်ကျော့ပေ့ နင်းဆီ။

ဖြာစရွက်
မြခက်တဝေဝေနှင့်
ဆင်းပြေပြေ တင်းခြွေလှည့်လျှင်ဖြင့်
ဝင်းထွေထွေ နင်းငွေလှဲ့လိုပ
ကြွေမယ့်ပုံပမာနှင့်
မှုန်သန္တာ ငုံလွှာဆင့်သော်ကော
ထုံခန္ဓာ ကြုံရာလွင့်တယ်
ပွင့်သစ်ပလီ။

မွှေးကြူနမ်းချင်ပေါ့
ပွေ့ယူလှမ်းမယ်ပ
စိတ်တမ်းကို ဆိုရည်လို့
နှစ်ကိုယ်ကြည် စိုပြည်ကြပါစို့
ရှက်သလို မျက်ချိုစပါနဲ့
ခက်အလှ ကြော့ကေသီ
ချော့ချီလို့ အထွေး။

ဆွတ်မယ့်သူရယ်
ညွတ်လှည့် ဘယ်လိုမြူတဲ့
မကြည်ဖြူ ရည်တူချစ်နိုင်ဘူး
ကြူလှစ်သည့်မေတ္တာ ဖော်လို့
သစ္စာတော် ချစ်ဖော်ညှိချင်နှင့်
ထိလာလျှင် မြရှင် ဆူးတွေပ

ထွေးနီနီ သွေးရည်လူးတဲ့အောင်
စူးလိုက်မယ်လေး တဲ့။ ။

*တာရာ၊ အတွဲ ၄၊ အမှတ် ၂၆၊ ၁၉၄၉*

* * *

## အနုပညာကျွန်း

ရောက်ခဲ့ဖူးတယ်
ယစ်မူးငြိမ့်လျော၊ လေ့အမျောမှာ
တယောလဲ့လဲ့၊ တီးတိုးနွဲ့ရင်း
ဆိုဖွဲ့သီချင်း၊ ဖြည်းညင်းညည်းဆို
ပဟောဟိုမြေနု၊ သစ်ပင်စုနဲ့
အနုပညာကျွန်းကိုပေါ့။

အဲသည်မှာလေ
စာပေကိုဖတ်၊ ကဗျာစပ်လိုက်
ဆောက်အပ်တွေစု၊ ရုပ်တုထုလိုက်
နုရင့်ရောင်တွဲ၊ ပန်းချီဆွဲလိုက်
ရင်ထဲ ခုတောင် ခုန်သေးတယ်။

နေရစ်တော့နော်
ကြော့ကြော့ကလေး၊ လအေးအေးအောက်
ငှက်တေးသံညင်၊ မြေပေါ်စဉ်ဖိတ်
ရေပြင်ညှို့အိ၊ သစ်နွယ်ငြိချိန်
စိတ်၏အစာ၊ ငတ်ပြတ်ဆာတော့
ပြန်လာလည်ပတ်ပါဦးမယ်။ ။

*တာရာ၊ အတွဲ ၄၊ အမှတ် ၂၇၊ ၁၉၄၉*

* * *

## မေ ကြယ်လေလား

မြေဇာခင်းမှာလ
စိတ်တွင်း ထွေတလည်နဲ့
မတည်မငြိမ် လျောင်းကာပ
ထက်ကောင်းကင် ပြာမင်ညို့ဆီသို့
မေးလို့လို့ မျှော်ပါယောင်။

(မိုးတိမ်တောင်ငယ်
နီရောင်တဖျော့ ညိုတကျော့နဲ့
ပြိုတော့မယ်လေ
ဝါခြည်အသွန်း ပြာရည်ရွှန်းမှာ
တငယ်ဆန်း ထွေတော့ကို)

ရွှေစင်ကို ငွေမင်နှောက်
ရွှေထည်ကို ငွေရည်ပြောက်သလိုပ
ရွှေလွှာမှာ ငွေဇာဖောက်မယ်လို့
ဆည်းဆာရီ ဝါနီတောက်ချိန်မှ
တိမ်အောက် မှောင်ခိုရာက
အထောက်ပေါ်လာသတဲ့
ရွှေဝါမှာ ငွေကြာဖူး
ညနေမယ် ကြယ်ပွင့်ဦးရယ်က
ပြုံးသရော် ပျော်သမြူးနဲ့ပေါ့
ရှုးဖို့သူလှောင်။

(အလို ကြယ်ပြောင်ရယ်
ငွေရောင်အစို့ ရွှေရောင်ပြို့လို့
ပို့ကရို့ အမူ
ချစ်သူ့မျက်နှာ မူရာရာ
ကြာဆောင်ပုံတူလွန်းလို့)

ခြူသလို မြူချိုသွေးရှာငဲ့
ပြက်ပြောင်ပြောင် မျက်တောင်မေးပါလို့
မှုန်ရေး မိုန်တစ်ခါနဲ့
ထိန်ပြန်ပါ တာရီပွင့်ငယ်ကြောင့်
ပြုံးချိုရာမှာတောင် နှံးပိုဆင့်မိပါရဲ့
လှမ်းလင့်ကြိုယူပါ့မယ်
တစ်မူပွေ တစ်ထွေနွဲ့ပါနဲ့တော့
ရွှေလိုငွေလို လှဲ့ပါလို့
ကြွေခဲ့ပါ့ ကြယ်ငွေရောင်ရယ်
ဘုန်းမောင်ကြော့ ရင်တွင်း။

(အို အလိုချက်ချင်း
ငွေမေကြြယ် သက်ဆင်းလို့
လက်ငင်းအပွင့် မျက်စင်းများဖွင့်ပါမိ
ဖူးချင့်ချင့် မိုက်ချင်ချင်
နွေးပူကိုယ်အငွေ့ထွေးယူကြိုပွေ့ရသပေါ့
မွှေ့မွှေ့ကလေး ရင်ခွင်မှာ)

ဖျိုးဖျနေဝင်
နိုးထပြေစင်ကာမှ
တစ်မေခင် ကြင်ချစ်ဆဲရယ်နဲ့
ပခုံးဆီ အုံးမှီတွဲရာက
သီဆဲငယ် ယဉ်ကဗျာနဲ့
သည်မြေမှာ ကမ္ဘာမေ့လို့ပါကော
သာပွေ့လို့အကြူမှာ
မူမူယူယူ ပြုံးလေတော့
နလုံးဘဝင်ချိုလို့
အနုံးတမင် ပိုရချည့်
ရွှင်လိုပျော်လိုလျက်ကယ်ကလို
စိတ်စက်မရှင်း။ ။

*ပဒေသာ၊ အတွဲ ၂၊ အမှတ် ၁၃၊ ၁၉၄၉၊ ဖေဖော်ဝါရီ*

* * *

**ခေါ်ထူးတမ်း**

`ကြွေကစားပါစို့´
အပါးမှာ ကြောင်တောင်တောင်နဲ့
ဘုန်းမောင်ကို ပြုံးအောင်ချော့ပြန်တော့
ညှိုးမျက်နှာ ညင်သာမော့ကာဖြင့်
ပြုံးတော့မယ့် ဟန်ကိုပြင်။

`ဘယ်သူရှုံးမယ်လဲ´
မျက်လုံးပွေ့ပလီနဲ့
ရယ်စီစီ သူဉာဏ်ထုတ်ပုံက
ခေါင်းပုတ်တာ ချာလည်မူးပါသတဲ့
နိုင်လျှင်ခေါ် ရှုံးရင်ထူးပါစို့တဲ့
ရှုးစိတ်ပွေ့ရွှင်။

`စိန်စိန်လိုက်´သာပ
အကြိုက်အလိုတူဖြေမိရဲ့
ပွင့်ကြွေကို အစိတ်ခမ်းတွေနဲ့
ဝင်စမ်းမယ် မေဆိုကြွားစဉ်မှ
သုံးစား ပါ သာကျလေပေါ့
ဆုံးလှတဲ့ ကြွေနတ်ရှင်ကို
မတင်မိကြွေကန်း။

နိုင်သူပြုံးပါလို့
ရှုံးသူကိုခေါ်မယ် ထူးပေရော့
`ချစ်ဦးကြင်သူရေ´တဲ့
ထူးပါလေ ခေါ်ပြီကြားပါစ ဆိုတော့
ရှက်ပါး မေ့မှာနီလို့
ဉာဏ်တစ်ချီ အမိဖမ်းပုံက

စိမ့်ချမ်းတုန်ဘဝင်နဲ့
`ရှင် ရှင်´ ဆိုနိုင်ခက်လှချည့်
ပြုံးရုက်နိုင်လွန်း။ ။

*ပဒေသာ၊ ၁၉၄၉၊ မတ်*

* * *

## မိုးနှင့်မြေ

ပြုံးစရာလျှင်
မာနလည်းကြွယ်၊ အလှမယ်က
ထည်ဝါခါးထောက်၊ မာမောက်မောက်နှင့်
စိတ်မြောက်စကား ဆိုသတည်း။

"မောင့်လိုလူကို
ကြည်ဖြူလက်ကမ်း၊ ချစ်ဖို့လမ်းကား
ကွာလှမ်းပလေ၊ မိုးနှင့်မြေ" တဲ့
အခြေတင်းပါ လှသတည်း။

ပခုံးတွန့်၍
မြေပြန့်မိုးခြေ၊ ကြည့်မျှော်လေသော်
မြေလည်းအပြာ၊ မိုးလည်းပြာ၍
အပြာချင်းယှက်၊ မိုးကုပ်စက်ဝယ်
စပ်ဆက်မိုးမြေ၊ ထိတွေ့နေသည်
မြေသည် မိုးနှင့် နီးသည်တကား။

*ပဒေသာ၊ ၁၉၄၅၊ မေ*

* * *

## စောင့်ခေါ်ပါမောင်

ကြည့်စမ်းသည်မှာ
မြက်ပြာတောက၊ သဲဖြူရွှခင်း
အမျှင်ဝိုက်ကွေး၊ လမ်းကလေး လေ။

လမ်းလျှောက်လို့လာ
မေ့မှာနွမ်းယဲ့၊ ကြောက်အားနွဲ့ပြီး
ငိုမဲ့ချင်တုန်း၊ အတင်းပြုံးလည်း
ခွန်းပါပြီ၊ ဖော်လည်းမှီနိုင်
ဟိုဆီချီး၍၊ သည်မှာကွေ့ခဲ့
ဖြည်းရွှေ့လျှောက်လာ ခုထိပါကွယ်။

ပုရစ်ပေါ်လို့
ရွက်ရော်ရွှေလိပ်၊ မြေဝယ်အိပ်ပြီး
တိုးတိတ်ငုက်ဖို၊ သီချင်းဆိုစဉ်
သစ်ကြိုကိုင်းကြား၊ ငုံ့လျှိုတွားခဲ့
မြသားမိုးမြေ၊ ပူသည့်နေအောက်
နွေပွင့်ကိုရူး၊ နွေလေရူးမှာ
နွေဦးကိုလည်း တွေ့ခဲ့ပါရဲ့။

သစ်ညွန့်ထွက်၍
ရှုပ်ယှက်လမ်းမှာ၊ မြရွက်ကာဆီး
နွယ်ညှာကိုစမ်း၊ မမြင်ကန်းနှင့်
တိမ်ပန်းလျှပ်စက်၊ မှောင်မှာပြက်တုန်း
လေသက်မုန်တိုင်း၊ သစ်ကိုင်းကျိုးကျွတ်
ပစ်ခတ်ထက်ချွန်၊ ငွေမြားတံတွေ
သည်းထန်မိုးကို တိုးခဲ့တယ်မောင်။

မိုးတိမ်လေးတွဲ့
လေအေးမြောက်ပြန်၊ နှင်းသွန်ဆို့ပိတ်
ကိုင်းထိပ်သစ်ပင်၊ ညို့ညို့မြင်ရ
ပင်ပေါ်ပန်းပွင့်၊ ဆောင်းလေသင့်မှာ
ရှုပင့်သက်ဖို၊ မေ့တစ်ကိုယ်လေ
စွတ်စိုချမ်းတုန်၊ နှင်းမှုန်မှုန်တို့
ဖုန်သည့်လမ်းမှာ ပန်းခဲ့ပါ့ရှင့်။

လက်ကမ်းပါမောင်
ညင်သာမေးပွေ့၊ အဖော်တွေ့ကြောင့်
ဆွေ့ဆွေ့ခုန်ပေါက်၊ လမ်းဆက်လျှောက်မယ်
နှစ်ယောက်လက်တွဲ၊ တအားပဲ ဟင်
သဲလမ်းကျဉ်းကျဉ်း၊ လမ်းလျှောက်ရင်းကို
သီချင်းကြော်ကြော်၊ အော်ဆိုရအောင်
ချိုမြမျက်ရည်၊ ပျော်လို့လည်မိ
သည်လမ်းအဆုံး၊ တုံးမှတ်တိုင်ထိ
ပွေ့ကိုင်ဖေးကာ စောင့်ခေါ်ပါနော်။ ။

*ရှုမဝ၊ ၁၉၄၉၊ မေ*

* * *

တွတ်တွတ်ညည်း၍
ညဥ့်လည်းအေးအေး၊ ငှါလည်းဝေးမိ
ပြေးလွှားမြူးခုန်၊ အစုန်အဆန်
လေပြန်ဝှေ့နောက်၊ လေရူးပေါက်မှာ
ဂနာမငြိမ်၊ ငှါမီးအိမ်သည်
တွန့်လိမ်လူးလွန့် နေသည်တကား။ ။

*ရှမဝ၊ ၁၉၄၉၊ ဇူလိုင်*

* * *

## အချည်းနှီး မီးအိမ်

ညဥ့်မှောင်ကြီးမှာ
မီးပုံးအပြာ၊ ရှာယူလာပြီး
လသာဆောင်စွန်း၊ တိုင်ထိပ်တန်းမှာ
ကြေးနန်းနှင့်တဲ(တည်း)၊ တွဲလိတွဲလောင်း
ချိတ်ဆွဲလိုက်ပြီး၊ အချည်းနှီးပင်
ထီးတည်းထိုင်ကာ နေမိ၏။

အဘယ်သူလျှင်
အမှုညွှံ့သက်၊ ပြုံးနှုတ်ဆက်နှင့်
ဝင်းပြက်မီးခိုင်၊ ဖယောင်းတိုင်ကို
ကိုင်ဆောင်လာပြီး၊ ရှိလေးရီးနို
ဖော့စီးညင်သာ၊ မီးပုံးပြာမှာ
စိုက်လာထွန်းညှိ ပါမည်နည်း။

## မီးဖိုလှည့်ပါ

အေးစိမ့်စွဲသည်
အသဲ(သည်း)အိမ်တွင်၊ သွေးပြာမင်နှင့်
ထုံကျဉ်ခဲမည်၊ ငြိမ်ငြိမ်တည်၍
လင်းခြည်မပြက်၊ မည်းမှောင်နက်သည်
သက်ကြွေလုကို အထီးတည်း။

တုန်တခိုက်ဝယ်
မှောင်မိုက်တွင်းမှ၊ ဝမ်းနည်းလှ၍
လျလျအားမာန်၊ ညွတ်တောင်းပန်သည်
`ပြန်လာလှည့်ပါ ချစ်မီးလျှံ´။

`မီးဖိုလှည့်ပါ´
မှောင်ပြာသည့်သွေး၊ နီတတွေးနှင့်
ပူနွေးဆူပွက်၊ အသက်ဆက်အောင်
ဝင်းပြက်ပါလှည့် `သည်းအိမ်တွင်း´။

လျှမ်းလျှမ်းနီအောင်
ဤသို့ပင်လျှင်၊ မီးလျှံဝင်၍
စိမ့်ကျဉ်အသဲ(သည်း)၊ သွေးအခဲကို
နက်နဲအတွင်း၊ ပူစေလင်း၏။

ချမ်းစိမ့်ပြေ၍
နွေးခွေရာမှ၊ မီးအလှမှာ
ကြွရွတေးသံ၊ ပျော်မည်ကြံစဉ်
မီးလျှံအဖမ်း၊ သည်းခြောက်ခန်း၍
လောင်ကျွမ်းပြင်းထန်၊ ပြာသာကျန်သတည်း။

ပြစ်မမြင်သည်
ရွှေစင်အစစ်၊ ငါသာဖြစ်က
လောင်ခြစ်သည့်မီး၊ ပူရှိန်ကြီးမှ
ရောင်ညီးကြည်လင်၊ ပို၍ပင်တည့်
ညစ်စင်ပြိုးပြက် မည်တကား။ ။

*ရှုမဝ၊ ၁၉၄၉၊ နိုဝင်ဘာ*

* * *

## ခွင့်လွှတ်ပါဖုန်း

တရားနဲ့တွေးပြန်တော့
အားနွဲ့ကလေးမှာဖြင့်
ရင်အေးသယောင်နဲ့
မေ့မောင်ကို တွေ့အောင်ဖမ်းကာပ
ချစ်သူကို ပြစ်မယူတမ်းရယ်လို့
ညင်အနမ်းတွေနဲ့
မပင်ပန်းအောင်ပေ့ါ
ကြင်စမ်းချင်တယ်။

အချစ်နဲ့ထွေးပြန်တော့
အပြစ်မဲ့ ကလေးမှာဖြင့်
အဆွေးဝေရှာလို့
အရိပ်ပမာ၊ စိတ်မှာဇောတွေကြောင့်
ရုပ်ပုံကို နှုတ်မလုံအောင် စောမိတယ်လို့
ချို့သဘောကိုမှ
ကိုယ်မမေ့အောင်လို့
ကြိုပြောပါ့မယ်။

သူမေ့လျှင်ဖြင့်
ယူပွေ့ချင်ရဲ့
အတူတွေ့မယ် နောင်တစ်ခါဌ
မောင်မလာ၊ လိပ်ပြာတောင် မစေအားတာက
စိတ်နာ နေသလားရယ်နဲ့
ထေ့စရာတွေကို မေ့ကာထားမှာပေ့ါ
အသနားနှင့် ပြေလွယ်
ကြွေစံပယ်က မောင့်မမုန်း
စကားငဲ့ ရေလယ်(လည်)
ဖြေမယ်လို့ စောင့်တုန်း။

မြွေးပင့်ကူမျှင်
ပြေးသင့်ပြီ သူထင်လို့
မခင် မကြင်တတ်သူက
အမျှင် တမင်ဖြတ်လျှင်တော့
ဖွတ်လည်း မတွယ်တာဘု
ကွယ်ရာမှာ မျက်ရည်ဝဲတော့မယ်
အရုက်ပြေ သက်ဝေနဲ့ ခွဲပါရစေတော့
အပြစ်ထပ်ပုံကာ တင်မဆင့်ချင်နဲ့
အချစ်ဇာတ်ခုံမှာ အဆင်မသင့်သူမို့
ခွင့်လွှတ်ပါဖုန်း။ ။

*(မမိုးသူ အမည်နှင့် ရေးသည်။ ၁၉၅၀၊ နိဝင်ဘာလ)*

* * *

## လူမသိသော ကဗျာ

(ငြိုးသို့)

ကဗျာမဖွဲ့တာဖြင့်
ကြာခဲ့ပြီကောရယ်လို့
ပိတောက်ရွှေ ဝေတဲ့တောဆီက
တငင်ငင် ဥရွှေသြစဉ်မှ
တဆိတ်ဆို စိတ်ကို မောအောင်ရှင့်
ပြောလာတဲ့ တစ်ယောက်သောသူ။

ဩော် မောင်မသိလေဘု
ယောင်တိယောင်တောင်နဲ့
ညဉ့်မှောင်မှောင် လရောင်မဝင်းသော်လဲ့
ငွေစံပယ် ရွှေကြယ်လင်းရှာငဲ့
သီချင်းတကြော်ကြော်နဲ့
ဩော် အော်မဆုံးခဲ့ပါဘု
ပျော်တုန်းကို ဆူ။

သည်တစ်ပုဒ်ကိုတော့
ဆုတ်ပစ်မယ် တယ်နမြောပါဘု
ပေါလှတယ် ဟိုတစ်ပိုဒ်
မကြိုက်ပေါင် ခြေလို့လုံးတယ်တော့
ချစ်စရာ ကာရန်သုံးကာဖြင့်
အလင်္ကာ ပီပြင်ဆုံးကိုမှ
နလုံး၌ ကပ်လို့မြှု
ပူပင်အုံ့တနွေး။

တစ်နွေကူးမယ်လို့
နှစ်ဦးအသာလှယ်တော့ကို
စိန်ပန်းနီနီခြယ်သမို့
စိတ်ငယ်သူ အပူကြွချိန်မှ
ဆိုခဲ့တယ် သူက
ဘဝတိုတို လျှောက်ချင်သတဲ့
ဘယ်မြေပုံ မှုန်ဆီရောက်ရှာလို့
နင်းဆီပင် တစ်ပင်ပေါက်ပြီလား
ပျို့ကဗျာ အိပ်ရာအောက်ကယ်က
ပျောက်ခဲ့ပြီလေး။ ။

*ရှမဝ၊ ၁၉၅၂၊ ဇူလိုင်*

* * *

**ဘဝအကွေ့**

သူ့ကိုမှန်း၍
ခန်းကွေ့တစ်လျောက်
စမ်း၍ရောက်စဉ်
ရှက်ကြောက်ပြုံးစ
မောပျော်လျမိ
ဒဂ်ပဟန်
တွေ့ကြပြန်သည်။

သူ့အပြုံးက
နှလုံးစွဲစိမ့်
ရင်တွင်းငြိမ့်ငဲ့
ဖိုသိမ့်ကြက်သီး
ချမ်းမပြီးဘူး
ယောင်တီးယောင်တ
ရပ်ရမလို
နှုတ်ချိုခွန်းစ
ဆက်ရမလို
သူ့ကိုသာမှတ်
ပြုံးရုံတတ်သည်။

နောက်တစ်ခါတော့
ပြုံးကာဆက်လက်
မသွားရက်နှင့်၊
လွမ်းပျက်ခြေနဲ့
မထားခဲ့နှင့်၊
နွဲ့ဆိုးလိုက်ချင်
သူ့ရင်ခွင်မှာ
တုန်ယင်ရွှစမ်း
သူ့နှုတ်ခမ်းကို
အနမ်းနှင့်ပင်
ဖွင့်လိုက်ချင်ငဲ့။ ။

*ရှုမဝ၊ ၁၉၅၂။ ဒီဇင်ဘာ*

* * *

## လွင့်ပစ်လိုက်စမ်း

လွင့်ပစ်လိုက်စမ်း
တိမ်တိုက်အပြာ၊ သည်နီလာတွေ
ဝါရည်နို့ခဲ၊ သည်ပုလဲတွေ
ခဲသားရင့်ရင့်၊ သည်စိန်ပွင့်တွေ...။

လွင့်ပစ်လိုက်လေ
မြေပြင်ဟိုဘက်၊ လှိုင်းပွက်ပွက်နှင့်
ရေနက်ထဲနစ်၊ ကြဲချပစ်လိုက်။
မျက်ရည်စိုနှင့်
ငိုတော့မေရယ်
တွယ်တာစရာ
မေတ္တာကင်းမှ၊ သည်ဘဝမှာ
ဘာကို မက်မောပျော်မလဲ။ ။

*ရှုမဝ၊ ၁၉၅၃၊ ဇန်နဝါရီ*
*(`နွမ်းလျအိမ်ပြန်´ ဝတ္ထုမှ)*

* * *

## နွမ်းလျအိမ်ပြန်

ကိုင်းထိပ်ဖူးမှာ
ပွင့်ဦးအသစ်၊ ယခုလှစ်သည့်
ရွှေရစ်ပန်းပြာ၊ ခပ်မာမာလေး။

လှမ်းမီပေမယ့်
မောနေပဲ့မယ်၊ ခူးမလွယ်ဘူး
မြေဝယ်လျောင်းစင်း၊ မောင့်ခြေရင်းက
သက်ဆင်းကြွေလွင့်၊ ခရေပွင့်လေ...။

အလွယ်လိုက်ပြီး
အကြိုက်ဆင်သင့်၊ လှမ်းကြိုနှင့်သည်
ကြွေပွင့်ကိုသာ ကောက်ပါ မောင်ရယ်။ ။

*ရှုမဝ၊ ၁၉၅၃၊ ဇန်နဝါရီလ*
*(`နွမ်းလျအိမ်ပြန်´ ဝတ္ထုမှ)*

* * *

## အံ့ဖွယ်ခန်း

(၁)
ငယ်ရွယ်သေးပင်
ခြေဖြေး(ဖြည်း)ညှံ့သက်၊ ဆင့်ချင်းတက်ခဲ့
အရွက်ဟောင်းစုတ်၊ ထူထဲအုပ်နှင့်
လဲ့လှုပ်ပျော့နု၊ အသစ်စု၍
ရှုမောမဝ၊ နှုတ်ရွတ်တ,ဆို
ကြွရွလွင့်ပါ၊ အိပ်မက်လွှာလို
မီရာလက်ယမ်း၊ လေ့ကားတန်းကို
မစမ်းမမိ၊ ဖမ်းမမိပင်
လှမ်းမိမျှနှင့်၊ ခုနစ်ဆင့်ပုံ
မြင့်ကျွံနက်မြေး၊ မြေမှဝေးစွ
မြူမွှေးရစ်ဝန်း၊ အံ့ဖွယ်ခန်းကို
ဆမှန်းလုံးတည်း ဝင်ခဲ့သည်။

(၂)
တစ်ထောင့်တိုင်း၌
ညှိုမှိုင်းပြုံးအိမ်၊ အေးရိပ်ငြိမ်ကို
ခြုံးလိမ်ပန်းပု၊ ပီရုပ်ထုရှေ့
ဆေးစုခြယ်စပ်၊ ပန်းချီချပ်ရှေ့
ပြန်ဟပ်ကာရန်၊ ကဗျာ့မှန်ရှေ့
သမ်းဟန်မြင်မှ၊ ကြက်သီးမြမိ
ပန်းလျှမောချို ပျော်မိသည်။

(၃)
ပြတင်းဦး၌
သွယ်ဖြူးရုပ်ဝန်း၊ ဘဲဥချွန်းပုံ
နွယ်ပန်းရစ်ခွေ၊ ခွာညိုငွေရေး
ပေဆွေးဇာညွှန့်၊ မြူးလေကွန့်က
တလွန့်လွန့်အောက်၊ ကြာခြေထောက်နှင့်
ရွှံ့ကြောက်ပြားထွေ၊ တန့်ရပ်နေကြည့်
ရွှေရုပ်မြဝင်း၊ လှကြော့မင်းလည်း
ညစ်ဆင်းညှံ့နတ်၊ နတ်ဆိုးရုပ်သွင်
စက်ဆုပ်သစ်ဖန်၊ ထင်လင်းပြန်သော
မှန်တစ်ချပ်လည်း ထောင်ဘိသည်။

(၄)
လေရွှက်တိုက်၍
ခိုက်မိဖြည်းနု၊ မလဲလုလဲ
ရိုက်ထုကျင်နာ၊ စိတ်ဒဏ်ရာဖြစ်
ဆည်းပြာရည်ညှ၊ နေ့လည်းကခုန်
ကာလတစ္ဆေ၊ ရာထောင်ပွေသော
တစ္ဆေရုပ်ရုပ် ခြောက်ဘိသည်။

(၅)
တကြောင့်ကြစဉ်
ထောင့်မှအပြုံး၊ ငါ့အပြုံးဖြစ်
ဇာဖုံးကြေးမုံ၊ ငါ့ကြေးမုံဖြစ်
ခိုလှုံခြောက်ပွေ၊ ငါတစ္ဆေဖြစ်
နေခြည်မှုန်ပြ၊ နံနက်ထ၍
ဘဝသည်မှာ တွယ်တဲသည်။

(၆)
ပြင်မှဆိတ်ညံ
တစ်ရံတစ်ခါ၊ ဝရန်တာမှာ
သွားလာပုရွ၊ လူဟူမျှကို
ဖုန်ထမြူကြား၊ ပူးဝါးဖောက်မြင်
မျှော်ကြည့်စဉ်ကို၊ တေးညင်ရင်လှိုက်
စောင်းတပိုက်နှင့်၊
မြင်လိုက်ရသည်၊ နှောင်ကြိုးရှည်မိ
နေ့လည်ရွှေ့ပြေး၊ ညနေအေးထင်
မတွေးမှတ်မိ၊ တိမ်ပျောင်းအိသည်
မြေညှိနှံ့သက် တက်ဘိသည်။

(၇)
သည်နေရာကား
တစ်ခါတက်က၊ ဆင်းမရဘူး
မြေမှမျှော်မော့၊ ကြည့်တော့မည့်စား
လှေကားရှည်ဘက်၊ ဖြည်းစမ်းရက်ခဲ့
ကမ်းလက်ကြိုယူ ပါနင့်မည်။

(၈)
ခြေသံကြားလဲ
ထသွားမရှုံ့၊ မကြည့်ဝံ့သေး
အ,ဆွံ့နှုတ်စ၊ ခေါ်မရဘူး
ဘဝအရိပ်၊ သူရင်ထိတ်၍
တိတ်ဆိတ်ခပင်၊ မလာချင်ဟန်
ရယ်ရှင်ဟက်ပက်၊ လှောင်သံအက်လို
ချော်ပြက်စကား၊ စိတ်လှည့်စားမှာ
ရှံ့ကြားချင်တိုင်း၊ ပဲ့တင်လှိုင်းထ
သချိုင်းတိမ်မိုးယံတကား။

(၉)
သည်မှာပျော်ထွေ
အမြဲနေလဲ၊ လေရစ်သွင်း၍
ကြည်သင်းဝေလှိုင်း၊ နှင်းမြူဆိုင်းက
လွမ်းတိုင်းမနွဲ့၊ သိုင်းမချဲ့လို
ခိုးလဲ့တိမ်ရွှေ့၊ နဂါးငွေ့မျှ
ရှာတွေ့နိုင်ဘူး၊ ဆောင်းညဦးလည်
ရှိဦးညွှတ်သာ၊ တ,ရာမရှိ
တွယ်ငြိစုံမက်၊ နှစ်သက်မရ
ပြင်ပချမ်းလွန်၊ ထိဟန်မတူ
တူရူကြည့်မော၊ တုံနစ်မြောမိ
သဘောနားလည်၊ သူကြင်သည်ကို
ဆိမ့်ကြည်လေးပင်၊ မြည်းတို့ချင်ငဲ့
ကြော့ဇဉ်ခွေရှန်း၊ ကေနွယ်ကုံးလည်း
နှစ်လုံးမပွင့်၊ ရာသီလင့်တတ်
ပန်ခွင့်တွေးဆ၊ တစ်ဘဝသည်
တစ်လရာသီ၊ မလှမ်းမီနှင့်
တူညီဆင်ဖော်၊ ဘယ်မှာပျော်လဲ
မမျှော်လင့်ရဲ၊ ကြေဝမ်းကွဲမိ
သုတ်ဆဲမျက်ရည် အန်ဘိသည်။ ။

*ရှုမဝ၊ ၁၉၅၁၊ မေ*

## ကဗျာချစ်သူ

သံချိုစပ်ပါတဲ့
ကို- ထပ်ခါ တစ်ရာပြောရှာလည်း
မောရုံရှိမယ် စိုးပါရဲ့
လွန်မိတယ် ရှေ့သာတိုးမယ်မို့
မျက်ရည်မိုး အုံ့ခဲ့ပြီ။

ကဗျာမိုက်ကိုမှ
ကြိုက်လှတယ် အဆိုလောရှာသမို့
မနက်စော သီဝေနေခိုက်
စိတ်လေ လေပစေဦးရယ်နဲ့
တေချင်ပေချင်တဲ့ ထုံးစံမို့
တစ်ရယ် နှစ်ရယ် သုံးရယ်ပေါ့
ကာရန်တွေ အလွတ်မရှန်းစေဘု
လေးလုံးစပ် ကဗျာစီ။

ဘယ်သရိုက်ရင်လဲ့
ခေါင်းငိုက်ခံပွဲ့မယ်ရှင့်
ဘဝမှာ ဘာကိုတွယ်မလဲ
ကဗျာရယ်စာရယ် ရှိရင်တဲ့
ကျေနပ်မိ ကဗျာကသီ
အသာတကြည်ပေါ့ ထွက်ပြေး။

မေ့နိုင်ကောင်းပါရဲ့လို့
စိတ်ကိုပြောင်းစဉ်မှ
ငြိမ့်ညောင်းသံချိုနှောပါ ခလှည့်လို့တော့
ငိုမဲ့ချင်အောင် မဖန်နှင့်
ကံချွန်ရင် အုံ့ဖွယ်ခန်းပါတဲ့
အလှမ်းတကယ် ဟာမှ
လမသာ ညကြီးမင်းကြီးမှာပေါ့
ထပြီးထိုင် ပွေနေမရှင့်
အိပ်ရာတွေ တွန့်ကြေလိပ်ခါမှ
ငိုတိတ်မယ်လေး။ ။

*သွေးသောက်၊ ၁၉၅၃၊ ဇွန်*

* * *

ပစ်ကြဲလိုက်သော၊ ကြယ်ပွင့်တောထဲ
လျှောတိုက်လွင့်ပါ၊ လေပဝါနောက်
ပြန်လာရောက်ခက်၊ ထပ်မတက်ဝံ့
တွယ်ဖက်လက်ကမ်း၊ ယောင်ယမ်းအသွား
လေ့ကားတစ်ဆစ်၊ အောက်ဆုံးထစ်၌
စိတ်ညစ် ပိုလို့ ငိုလိမ့်မည်။

ရာသီချမ်း၍
သန်းမြည့်ယံ၊ တိမ်ရွှေ့သံတို့
ညိုးညံ့မှတိတ်၊ မောင်ပြန်အိပ်မှ
တစ်ဆိတ်ထပ်တိုး၊ သာလူပ်နိုး၍
စိတ်ဆိုးလျက်လဲ(လည်း)၊ မကျိန်ဆဲရက်
လက်ဆွဲခေါ်ခဲ့၊ ခေါင်းယှက်နွဲ့မှီ
လေးတွဲ့ခြေသံ၊ တစ်ရံတစ်ခါ
အိပ်ရာနိုးဆတ်၊ ထတတ်သူတို့
မြူစူကြားရ၊ လျှောက်ခဲ့ကြရဲ့
ညှာလျှပွင့်ဖတ်၊ ကြွေကျထပ်ခင်း
မတ်တတ်ငိုက်မျည်း၊ စိန်ပန်းသီးအောက်
အနီးကလေး၊ မြေခင်းအေး၌
တေးမြတစ်ပုဒ်၊ အတုလုပ်ဆို
စိတ်ရှုပ်နိုးထ၊ မနက်ကျတော့
ညကအိပ်မက်၊ မောင်မေ့ရက်မည်
သိလျက်မိုက်မှား သူဖြစ်သည်။ ။

*ရှမဝ၊ ၁၉၅၃၊ ဩဂုတ်*

* * *

## သိစေချင်သည်

`သိစေချင်သည်´
ညနေမှိုင်းလို့
မြလှိုင်းရင်းခွေ၊ တိမ်ဇာတ်ပွေသော
နွေပြာဆည်းမင်၊ မောင့်ဆီဝင်ပြီး
ပူပင်နွဲ့လျ၊ အိပ်ပျော်စနင့်
နရှုနမ်းသိပ်၊ နှုတ်ခမ်းတိတ်ခိုး
စိုးထိတ်ခြေဆွံ့၊ စမ်းသွားရွံ့မှ
ဆိုးဝံ့သူက၊ မနိုးထနင့်
သည်ကဝိညာဉ် လွှတ်လိုက်သည်။

မောင်ကနင်လျှင်
မြက်ပင်နင်းဆွတ်၊ ပုန်းမလွတ်လည်း
ပန်းဝတ်သောက်ဟန်၊ မခြောက်ဟန်နှင့်
ခေါက်ပြန်မရဲ၊ တ,ဝမ်းနည်းမိ

## ခွင့်လွှတ်တတ်တယ်

အပြုံး မဆင်မသီနဲ့
တည်ကြည်လို့ နေတယ်ဆိုရင်။

သိမ်မွေ့ရှာသူကလေး
ချစ်ရေးနမအထွေးမို့
အေးလှတယ်ထင်။

လေပွေလို မွှေ့သရမ်းနဲ့
မောင့်နှုတ်ခမ်းပူပင်
သူမွေးရှင်ရင်တော့။

သြော်...သဘောဖြူရှာငဲ့
ရက်စရာအကုန်မေ့လို့
အ,ကလေးပမာကွဲ့
ချစ်ရှာပလေပေါ့။ ။

*ရှမဝ၊ ၁၉၅၅၊ နိုဝင်ဘာ*
*(`ဖုန်းသက်တိုင်´ ဝတ္ထုမှ)*

* * *

## ပြုံးမျက်ရည်ဖြိုင်အေး

အစဉ်မောပါရ
မကြင်တဲ့သဘောတွေတော့
ပြောမနေနိုင်ပြီမို့
စိတ်ကူးသာ အယဉ်ထိုင်မိရဲ့
သံယောဇဉ် သူသူငါငါ မခိုင်ပြန်တော့
နားနေထိုင် မှိုင်ခဏ
ပန်းလျှလေ့ ရှိခဲ့တယ်။

ယုံပါရစေရှင့်
လှုံ့ခရာ အချစ်ဆိုသည် သည်တစ်လုမ်းသာမို့
ညီအစ်ကို မသိမှန်းသာတဲ့
ဆည်းဖြာမင်ရီ ချမ်းမှာလ
လေမှုန်ဆင်သီရမ်းစေဦး
စမ်းလက်ဆန့်တွယ်။

မိုးတစ်ခါတစ်ခါလင်းပြန်မို့
နိုးလာလာချင်းမှာတော့
ပျင်းတတ်တာ တဒင်္ဂပါပဲ
ဘဝကာရန် ရှာမလို့
အလှကဗျာ အသာချစ်ရင်တော့
အားသစ်လို့စိတ်လယ်(လည်)
ရယ်ချင်သလိုလို ကလေး။

စက်ဝန်းရွှေဝါ
ယက်ကန်းချည်ရှယ်ဖြာမှ
မိုးပြာသာတဲ့ တောဆီက
ဥသြ တစ်နွေကျော်လို့

ဖေဇော်ဟာန် ကတ္တီလွှနဲ့
ရာသီလွန် မှုန်ခြယ်သသည်မို့
စိန်ပန်းအခွေခွေ ကရာက
စီးတွေတွေ အပြီးကြွေကျချိန်မှ
နှုတ်စကြည်ဖြူနဲ့
စောင့်သသူ နွဲ့ပခုံးမှာရှင့်
(စွန့်ဝံ့ရင် ဘယ်မှာရှုံးနိုင်လဲ့
သံသရာညည်းညူလို့ မဆုံးစေနဲ့)
အုံးစက်နေနိုင်သေးပေလို့
ပြုံးမျက်ရည်ဖြိုင်အေး။ ။

*ရှမဝ၊ ၁၉၅၅၊ နိုဝင်ဘာ*
*(`ဖုန်းသက်တိုင်´ ဝတ္ထုမှ)*

* * *

**မာနကို တောင်းဆိုခြင်း**

နှစ်ညဆက်၍
အိပ်မက်ထဲမှာ၊ သူ့မျက်နှာကို
စမ်းရှာတွေ့လဲ(လည်း)၊ မသဲကွဲဘူး
သူမြဲစိတ်ထုံ၊ သက်အာရုံတွေ
ကြာငုံပွင့်ရွက်၊ နူးညံ့လက်ဖြင့်
ဖြေသက်ညင်းလျ၊ သပ်ရွရွမှာ
ရူကြွငိုရှိုက်၊ သည်းချလိုက်သတဲ့။

ပန်းကိုက်ပွင့်သေး၊ သူ့လက်ရေးလည်း
မကွေးမကောက်၊ ဖြောင့်တန်းရောက်သတဲ့။
မိုးသောက်ယံမှာ၊ သူနေပါသတဲ့။
ညခါစုလျား၊ လွှာပါးရက်သတဲ့။
မိုးသက်လေကြား၊ တိမ်ညွှန့်စားသတဲ့။
စကားနွဲ့စုံ၊ ပြောတော့ယုံမိ
အိပ်မှုန်နိုးလာ၊ ကြားချင်ပါရဲ့
မြေမှာထိုင်ချ၊ မမောကြတမ်း
မိုးစတိမ်လွှန်၊ ကဗျာစွန်လွှတ်
အိမ်ပြန်မသွား၊ လမ်းမှာနားတော့
နှုတ်ဖျားချိုမြ၊ ကြင်ယုယမယ်
ဘဝစေးမျှင် တွယ်လိုက်ချင်သည်။ ။

*ပေဖူးလွှာ၊ ၁၉၅၇၊ စက်တင်ဘာ*
*၁၉၈၂၊ ဇွန်*

* * *

တစ်နေ့ဝင်မှု
ပွေ့အင်ပူပြင်း၊ သောကညှင်းတတ်
အိမ်တွင်းပတ်လည်၊ ယောင်ချာရှည်၍
ချိုကြည်ဂီတ၊ ညင်းမြဲ့ဒွိ
ခိုလှုံမတွေ့၊ သဘောရွှေ့ခဲ့
မွေ့ဖူးခဲ့၍၊ စာပေမွေ့လည်း
ပျော်မေ့မရှိ၊ မျက်ရည်ငြိစို
ရေညှိကျင်းဖြန့်၊ သလင်းသန့်၌
ကိုက်ညွှန့်ဖူးရှင်၊ နှင်းဆီပင်အောက်
နီကျင်ဝါစွေး၊ နေရောင်ပြေး၌
ပိုက်ထွေးချစ်ယု၊ မောင်ပြုစုသော
ပွင့်နုလိပ်ပြာ၊ အလှရှာတွေ့
သစ္စာတေးမြ၊ သီမောရင့်
နှမနှောင်ချည်မိခဲ့ပြီ။ ။

*မြဝတီ၊ ၁၉၆၂၊ ဇွန်*

* * *

## မောင့်ဥယျာဉ်

တစ်နှစ်လည်၍
ဖြိုးစည်မာန၊ တစ်ထစ်ကျလည်း
ရွှင်ပျရုပ်လွှာ၊ မောင့်မျက်နှာကို
ရင်မှာပိုက်ထွေး အေးရသည်။

တစ်မိုးသောက်က
ဖြိုးမောက်ပွားစီး၊ သားသမီးတို့
ဆည်းလည်းငွေသံ၊ ဝေစည်ညံကို
နာခံနီးထ မွှေးမြသည်။

## နိဗ္ဗာန်လမ်းဆုံး

သန်းယံကျော်၍
အိပ်ပျော်ရာမှ၊ လန့်နိုးထခဲ့
ညမှောင်တိုးဝင်၊ ပြတင်းပြင်၌
ငွေစင်ကြယ်ငွေ့၊ ရှာမတွေ့နိုင်
မေ့ကျန်ပျောက်လွင့်၊ လခြမ်းပင့်ပြန်
ငါနှင့်ငါသာ၊ အဖော်ပါသော
ရှည်ကြာဘဝ၊ ပျင်းမောလှရဲ့
ယောင်တကိုယ်တည်း၊ မပြတ်ညည်းညူ
ရုံးစည်းမနိုင်၊ တွေမှိုင်ပန်းယဲ့
လှမ်းနွဲ့ခြေဖြေး(ဖြည်း)၊ ကိုယ်စိတ်လေးစွ
အဝေးရှာသို့ မျှော်မိ၏။

အပူအေးထင့်
အဝေးရှာ၌၊ ကြာရှည်နှစ်ပြောင်း
ဆောင်းဝင်ကုန်ကျွန်း၊ နွေဆန်းတော့မည်
ဖျော့ရည်မိုးတိမ်၊ လေရူးငြိမ်ဆဲ
အိမ်ရာမတည်၊ ဥဩသည်မှာ
သရှည်သံတို၊ ရာသီကြို ခဲ့
ဟိုမှာကြောင်းချင်း၊ သူငယ်ချင်းတို့
သတင်းစိုးစ၊ မပါးကြဘူး
ဘဝဆုံးက၊ နိဗ္ဗာနပင်
အေးမြခဲ့ပြီ ဆိုရမည်။

ချစ်၍ပျိုးသည့်
မိုးနှင့်လန်းရွှင်၊ မောင့်ပန်းပင်ကို
မြင်ပြန်ခဏ၊ ကြင်ယုယချင်
ပင်မရင့်သန်၊ ဖူးတံငုံပွင့်
ပြုံးဆင့်တိုးထွက်၊ ညွန့်ကိုင်းခက်တို့
ချစ်မက်ပြေခဲ၊ ချစ်မရဲခဲ့
စွန့်ခွဲရက်မှ၊ ရောက်လွတ်ရသော
ဘဝချုပ်ငြိမ်း၊ ဇာတ်ဆုံးသိမ်းရာ
တိမ်းမူးနီးစပ်၊ လမ်းခုလတ်မှ
မျက်ပြတ်လမ်းစ၊ ကျွန်ပြန်ရ၏
ကြွေကျလေလွင့်၊ နှင်းဆီပွင့်တူ
သခင့်ရင်ခွင်၊ တိုးခွေ့ဝင်၍
ပွေ့အင်စိတ်နှင့်၊ တစ်ခန်းလင့်ပြန်
ရဲရင့်မနိုင် ဝေသေးသည်။ ။

*မြဝတီ၊ ၁၉၆၂၊ ဩဂုတ်*

* * *

## ပုံပြောမယ်

အမေရေ ဟောဝန်တော
သစ်ကျားဆင်တွေပေါတဲ့
ပုံပြောမယ်ဆို။

စကားပိုမို
ဟိုးရှေးခါ တစ်ပါး။

ရွှေယုန်ရွှေကျားတို့
ကောက်လျှင်ဆန် ငါးပိဆားနဲ့
ထမင်းထုပ်ပါပြီလားဟရို့
မီးခတ် တံစဉ်ဓား စုံပ့ါ
သက်ကယ်ရိတ်သွား။

အမေရေ ရှုမငြီး
ခြေချင်းလက်ကောက်ပုတီးနဲ့
ရွှေစည်းပုံ ရွှေလက်စည်းနဲ့
နတ်သမီးပုံ ပြောမယ်ဆို။

စကားပိုမို
ဟိုရှေးခါ တစ်ပါး။

ရှင်ဘုရင် ဆင်စီး
စိမ့်ကြီးငယ် မြိုင်ချောင်မှာ
မျက်စိယောင်မှား သစ်ညိုရိပ်ကြားမှာ
ပန်းထဘီ ခြုံထည်ပါးနဲ့
နတ်သမီးလှည့်ဖြား။

အမေရေ ရှည်တောင်ဝှေးနဲ့
နှုတ်ခမ်းမွေး ပါးသိုင်းမွေး
မုတ်ဆိတ်မွေး တသောသောနဲ့
ဖေဖော်ဂျီလူချော
ပုံပြောမယ်ဆို။

စကားပိုမို
ဟိုးရှေးခါ တစ်ပါး။

သူယောင်မယ် ဝေဆာသီးတဲ့
တောကြီးငဲ့ အလယ်မှာ
ဒေါနသွယ် တကယ်သင်းချိန်မှ
သလင်းဖြူမှုန်ကျောက်မှာ
ဦး မန္တာန် သူငေါက်လို့
တောင်ဝှေးထောက်ကာလွှား

ပုဆိုးအနီ တဖားဖားမို့
ခါးတောင်းကျိုက်ပေ့ါ တကြားကြား
ယောက်ျားဟဲ့ဘသား
မမေ့းမမှိတ်အားရှာလို့
ဆေးကြိတ်ပါသဗျား။ ။

*ရှမ၀၊ ၁၉၆၉၊ စက်တင်ဘာ*
* * *

## ထွေပြားသူ

တစ်နေ့ပေါ်လျှင်
ပျော်ရွှင်လိုလို၊ တစ်နစ်အိုခဲ့
ချိုညြသြနှင့်၊ စကားသင့်ခဲ့
ချစ်လင့်ထံပါး၊ စကားကြွယ်မြဲ
ခိုတွယ်သမီး၊ အိမ်ကြီးခြံဝတ်
နင်းဆွတ်နင်းဆီ၊ ဝါနီညိုနက်
ရှိုက်သက်မွှေးပျံ့၊ လာဖရန့်(စ်)နှင့်
ရည့်ညှံ့ယွန်းအိုး၊ ညော့ခန်းစိုးခဲ့
သွန်းဖြိုးဖိတ်စာ၊ ပွဲတကာရောက်
ညစာသန်းယံ၊ ယစ်ရည်လျှံလည်း
ဟန်လုပ်ပြုံးဝေ၊ ပဝါရွှေခြည်
ခြေမြင့်ဖိနပ်၊ မြလည်ကပ်ပြိုင်
ဆံညှပ်ပုလဲ၊ စိန်ပြာတွဲချယ်
ဖဲပိုကာဝိုင်း၊ နေ့ညတိုင်းဒေါင်း
မာကျောင်းလူစော့၊ မိတ်ဆွေတွေ့ခဲ့။

တရေးနိုးချိန်
မိုး၏မီးအိမ်၊ ဝင်းပြည့်ထိန်သော်
စိန်ကြယ်သေးညွှန့်၊ မိုးလုံးလွန့်သော်
ခင်းဖြန့်ပန်းလွှာ၊ ဝရန်တာ၏
တစ်ရာသီအေး၊ တစ်ညမွှေး၌
ပူဆွေးယှဲ့ပန်း၊ ဘာမှန်းမသိ
ထိုင်မိထိုင်ရာ၊ နာရီကြာလည်း
ကြာသည်ကိုမေ့၊ မချမ်းမြေ့ဘူး။

ခပ်မေ့မေ့ပင်
တွေ့ဖူးသလို၊ မျက်နှာအိုလျ
ငယ်ကမှတ်ထင်၊ ပဋ္ဌင်တေးနွဲ့
ပဲ့တင်ရိုပ်ပြန်၊ ညိုးညိုးညံ့သည်
မှန်စဖန်ကွဲ၊ ပစ်ကြဲလိုက်ဟန်
အသံနှင့်ရုပ်၊ ထွေရှုပ်ဝိုင်းလာ
ညှံ့ထိုင်းအိလေး၊ ဝေးမှနီးလာ
မောလှပါဘိ၊ ကျောကဖိလာ
တွယ်ငြိမြွေးဖြူ၊ ရစ်ပတ်ကူလာ
ဘယ်သူစိတ်လျှင် လွတ်သလဲ။

ဟိုဘက်အိမ်မှာ
ထိန်ပြောင်ဝတ်စား၊ ရွှင်အားရွှရွှ
ရင်အပ်ကဆဲ၊ ဖိုမတွဲတို့
ထပ်လဲနစ်မြှိုက်၊ ဆက်တိုက်ဓာတ်ပြား
စကားသောသော၊ ရယ်မောနေနေ
ရွှေငွေမှုန့်ကြဲ၊ ဖဲပြားသီန
ခရုစီလိမ်၊ ဖွဲ့အိမ်တွဲလဲ
ကြိုးဆွဲပန်းပြောက်
ရက်ဖောက်ခေါင်းလောင်း
သောင်းပြောင်းကြယ်ချွန်၊ ရှင့်တမန်ရုပ်
မှန်ကွက်ပွင့်ကြာ၊ ပဒေသာပုံ
စိမ်းပြာညိုမြင်၊ ထင်းရှူးပင်အောက်
သခင်ယေရှု မွေးသဘင်။

ခဏချင်းတွင်
ဖြူလင်းဝတ်ရုံ၊ သိုင်းရစ်ခြုံသူ
ကြံ့ကြိုက်မြင်တွေ့၊ ပင်ကွေ့အနား
ဘွားခနဲလက်၊ ပြိုးပြိုးပြက်၏
ဆူးခက်မှကျွတ်၊ နှောင်တည်းလွတ်ခဲ့
ဆိုရှုတ်ဓမ္မ၊ ရှင်သန်ထမြောက်
အေးမြမြေမှာ၊ ခြေရာထပ်သွား
ရုပ်ပွားရိပ်သွင်၊ မြတ်သခင်ပင်
ရောက်ချင်ရာရာ၊ ကိုယ်တော်လာသည်
ဘယ်မှမဆိတ်၊ ဂီတသိပ်သည်း
တိတ်ဆိတ်သောည၊ တရားည။

လူ့စိတ်ဝမ်းကို
ချမ်းမြေ့စေလျှင်၊ ဓမ္မပင်တည့်
ကြင်နာသူသည်၊ ဘုရားမည်၏
လောကီသားတို့၊ ပျော်အားသည်ကို
နစ်လိုခွင့်လွှတ်၊ ကြည့်တတ်သူသာ
မေတ္တာရည်လဲ့၊ ဖျန်းပါလှဲ့ဟု
နွဲ့မောဆိုတွတ်၊ တီးတိုးရွတ်ဆဲ။

မပျော့ညွှတ်လွယ်
ကြည်ဆွတ်အေးသန့်၊ စိတ်တည်တံ့သော
ကျယ်ပြန့်သဘော၊ လွန်ချစ်မောမြဲ
သောကပြေပျောက်၊ မောင်လာရောက်ပြီး
`ကြောက်နေလားကွယ်၊ ပန်းဖျားမယ်စိုး´
ပြန့်ကျယ်ပခုံး၊ မှီအုံးပွေ့ထွေး
သိုးမွေးယုယ၊ ခြုံပေးထမှ
စိမ့်မြမျက်ရည်၊ တစ်ပေါက်ကြည်ကို
ဖြူခြည်ပဝါ၊ အသာတို့သုတ်
ရုက်ရုပ်ဝှက်သိမ်း၊ စိတ်ဝမ်းထိန်း၍
ပြာစိမ်းလဲ့မောင်း၊ ကျောက်ဖယောင်းတိုင်
ညွှန်ပြောင်းလောင်မြိုက်၊ ပူဇော်ကြိုက်ဝယ်
အမြိုက်တရား၊ ဖြေဖျောက်ကြားဟန်
ကိုယ်ဖျားရှေ့မှောက်၊ ဝပ်တွားရောက်ရ
ပန်လျှောက်သစ္စာ၊ မြင်ခဲ့တာမှန်

ပြန်လည်မှန်းထင်၊ စိတ်လွမ်းကျင်ခဲ့
ဆို့ နင်ကြေကွဲ၊ လက်ချင်းတွဲဆုပ်
ကြင်သဲ(သည်း)နီးစပ်၊ ရပ်မိပြန်သည်။ ။

*ရှုမဝ၊ ၁၉၆၉၊ အောက်တိုဘာ*

* * *

## ကလေးတို့မိုး

မိုးပုလဲ မိုးပုလဲ
ဓာတ်ကြိုးတန်းမှာလည်း တွဲလဲ
မြရွက်ချွန်းမှာလည်း ခိုဆွဲ
ဇာချဲ့ ပြာလဲ့
နွဲ့တဲ့ မိုးပုလဲ
မိုးပုလဲလုံး မပွိတပီ
အပ်နဲ့ပိုးချည် ထိုးကောက်သီ
တစ်လုံးစီ နှစ်လုံးစီ
ရွေးကြစို့ ကိုကိုညီညီ
ပါးအို့နီနီ ညီမပုတူး
လှတဲ့ ဝတဲ့
က,တဲ့ မပုတူး
လည်တိုင်ဆင်လို့ ရပါဘူး။

မိုးပုလဲ မိုးပုလဲ
အိမ်ရှေ့လမ်းထဲ ပြန့်ဖြာကြဲ
မြကျောက်မျက်ရွဲ ပန်းသလဲ
တစ်ခဲ နှစ်ခဲ
သုံးလေးငါးခဲ
မိုးသီးပူးတွဲ စားမြုံ့ချင်
လက်ဝါးဖောင်းမို့ ဖြန့်လို့တင်
ငါးပြားတန်ထင် ဆယ်ပြားတန်ထင်
မချိုမချဉ်
အင့်ဟင် အကြင်သကြားလုံး
ဘယ်မှာ ဝါးလို့ စားလို့ ရသည်တုန်း။

မိုးပုလဲ မိုးပုလဲ
ဖွဲရာမှသဲ
သဲရာမှမဲ
ပြတင်းပေါက်မှ သွန်းချဆဲ
ပင်လယ်ဆီလဲ(လည်း) လှိုင်းထန်မြဲ
ခြေလှမ်းကျဲနဲ့ ကဲဝင်လာ
စစ်သားခြေထောက်တောင့်ပမာ
ရာထောင်သိန်းသန်း ရွာဖြန်းဖြန်း
တပ်မကြီးနဲ့ ချီလာစမ်းကွ
အမေ့ထီးတစ်ခြမ်း ဆီးလို့ကာ
ပုသိမ်ထီးပျက် မလုံရက်ပါ
ဝရန်တာမှာ အတော်လာတဲ့မိုး
ဂျိုးဂျိုးဂျိမ့်ဂျိမ့် သိမ့်တဲ့မိုး
အကျီင်္ချွတ်ပြီး ရေထွက်ချိုးစို့
ကိုအေး၊ ကိုထွေး၊ ပူတူး၊ ကိုတိုး။ ။

*ရှုမဝ၊ ၁၉၆၉၊ နိုဝင်ဘာ*

* * *

## ညှိုးထန်သူ

တငင်ငင်ပင်
ကြင်ချစ်နွမ်းလျ၊ လွမ်းတမ်းတဟန်
ကမ်းစမြိုင်စပ်၊ သစ်ရွက်ညပ်သော
တပ်မက်မောရာ၊ တောခန်းသာမှ
ငှက်ပြာမောက်နီ၊ မြကျေးအီ၍
ပလီနွဲ့ချီ၊ တောင်ယှက်မှီကြ......
ပီပြင်ပွင့်နှစ်၊ စံပယ်သစ်လည်း
ကိုင်းဆစ်မြကြား၊ ငွေကြယ်ပွားပင်
ချော့ဖြားသွေးယူ၊ လိပ်ပြာကြူမွှေး
စိတ်တူချစ်ဆင့်၊ နှောင်စိတ်ရင့်ခဲ့......
သခင့်မေတ္တာ၊ မယုံသာသော
ကြမ္မာဖင့်လေး၊ နမထွေးမူ
နှုတ်နေးစိုးရွံ့၊ မမေးဝံ့ဘူး
ပြောအံ့မူးမူး၊ ကြည်နူးစကား
အားနွဲ့ထစ်လှ၊ တစ်ခွန်းစတိုင်း
နှုတ်ဟဟပင်၊ ဆိုချင်ခဲခက်
နေ့ညဥ့်ရက်ဆက်၊ တင်းမာရက်ခဲ့
ပင့်သက်ကြာထွေ၊ လက်ချောင်းရေ၍
ပြေပြစ်နားလည်၊ သိမြင်မည်လား
မကြည်လင်ပြန်၊ ညှိုးထန်မည်လား
စောင့်ရည်ဘဝ၊ ကိုယ်ထီးတသ
မာနကိုးလဲ(လည်း)၊ ရင်လှိုက်လှဲ့ရ
ဆင်းရဲနာသစ်၊ အချစ်ဖြစ်သည်။ ။

*ရှုမဝ၊ ၁၉၆၉၊ ဒီဇင်ဘာ*

* * *

## မာနကိုပေးခြင်း

ကြည်လင်ရပ်သွင်၊ ကျွန့်သခင်သည်
ငြိုငြင်ဆင်းရဲ၊ ဝမ်းစာခဲခက်
ဖုန်သဲလိမ်းကပ်၊ ညှိုးပန်းရပ်၌
ပါးလုပ်နွမ်းရုံ၊ မကုံလုံမြဲ
ကြုံလှီမွတ်သိပ်၊ ရောဂါထိတ်လန့်
ရိပ်ခိုနားရာ၊ အိမ်ရာကျဉ်းမြောင်း
ပြောင်းလဲစိတ်လျော့၊ ကိုယ်ကျင့်သော့သွမ်း
ကျော့ဖြားမှောင်နစ်၊ ဘဝညစ်လွယ်
လူဖြစ်မနပ်၊ ဆုံးရှုံးရပ်၌
ခြေထပ်လှည့်လည်၊ သွားတတ်သည်တည့်
ကြည်လင်ရပ်သွင်၊ သခင်လာလျှင်
မေတ္တာမွန်နှင့်၊ သွန်သင်နှုတ်ဖျား
စကားယုယ၊ အေးချမ်းမြသား
စောင်မတွဲယူ၊ နူသူကိုပင်
ကြင်နာနူးညံ့၊ ဆန့်တန်းလက်ကမ်း
ချစ်ကျွမ်းပေါင်းသင်း၊ သနားခြင်းနှင့်
ပြင်းထန်အနာ၊ ပညာတရား
ဆေးဝါးကုသ၊ သန့်ရှင်းပလိမ့်
ဘဝသစ်စင်၊ ယုံကြည်မြင်တတ်
ကြည်လင်ရပ်သွင်၊ သခင်လာသည်။

ကြည်လင်ရပ်သွင်၊ သခင်မွန်ကို
ချစ်လွန်မြတ်နိုး၊ ကျွန်ရှိခိုး၏
မာန်ခိုးသခင်သို့ ကင်းရပါလိုသော။ ။

*ရှမဝ၊ ၁၉၇၀၊ မတ်*

* * *

လေ့မျှောတက်မဲ့၊ လည်ချင်းနွဲ့မို
တစ်လှည့်စီမွေး၊ လက်ချင်းထွေးဆုပ်
ငှက်တေးချိုပျား၊ ပန်းစကားကို
ပြောကြားမဆုံး၊ နှစ်ယောက်လုံးပဲ
အပြုံးလှယ်ကြ၊ ရယ်မောကြနှင့်
တစ်ဘဝမျှ နေချင်သည်။ ။

*ရှမ၀၊ ၁၉၇၀၊ ဇူလိုင်*
*('မြန်န္တာပြောချင်သေးသည်'မှ)*

* * *

**မျှော်လင့်ခြင်း**

ပြတင်းဝမှ
ညနေငှက်ပြာ၊ မောင်နံ့လာပြီး
ယှက်ဖြာလွန့်လူး၊ ထင်းရှူးရွက်ကြား
စကားတိုးတီး၊ ပြောမပြီးဘူး
နှုတ်သီးတေ့ဆက်၊ လည်ချင်းယှက်ဆဲ
တစ်ရက် တစ်ရက်၊ လှည့်စားရက်ခဲ့
ချစ်သက်ကျွမ်းဝင်၊ နေလိုက်ချင်လည်း
သခင်နမ၊ နှင်းဆီမြပွင့်
အလှပျက်မည်၊ စိုးနှောင့်သည်ကြောင့်
နှုတ်ခြည်မလွန်၊ မောင့်တာဝန်ပင်
မပန်ဆင်ရက်၊ မတပ်မက်ရဲ
သစ်ရွက်ကြွေတော၊ အင်းလျားကြော၌
မမောပန်းသော၊ ရေပြင်လျောစီး

## နှုတ်နေးခဲ့သည်

မောင်နှင့်တွေ့လျှင်
ချမ်းမြေ့ပျော်လဲ၊ သူ့ဝမ်းနဲ(နည်း)ပြန်
မသဲမကွဲ၊ နစ်ယောက်ထဲပင်
မိုးဖွဲနုညက်၊ ဆံနွယ်ခက်ကြား
တစ်စက်တစ်စက်၊ လျောသက်တွယ်ခို
ညိုညိုလွဲ့မှောင်၊ ကော့မျက်တောင်မှ
ဝေ့ယောင်သီဝဲ၊ မျက်ရည်ပဲလား
မသဲမကွဲ၊ မိုးရေပဲလား
ဆိုရဲခက်ခက်၊ မမေးရက်လို့
ပင့်သက်ပူနွေး၊ မှိုင်မောငေးဆဲ
နွဲ့ထွေးနှမ၊ ပြုံးအေးမြတော့
နောင်တ နောက်ကျ ရပြန်သည်။ ။

*ရွှမဝ၊ ၁၉၇၀၊ ဇူလိုင်*
*('မြန်န္တာပြောချင်သေးသည်'မှ )*

* * *

## သမီးအလိမ္မာ

မမွှေးထုံ၊ မမွှေးထုံ
ပါးကွက်ကျားနဲ့ နပ်ခါးမှုန်
မမွှေးထုံ ဘာကြောင့်မွှေး
ရှင်တောင်နပ်ခါး လိမ်းလို့မွှေး။

မမွှေးထုံ၊ မမွှေးထုံ
စံပယ်ကုံးနဲ့ ဆံထုံးပုံ
မမွှေးထုံ ဘာကြောင့်မွှေး
တောစံပယ်သေး ပန်လို့မွှေး။

မမွှေးထုံ၊ မမွှေးထုံ
နှုတ်ခမ်းပါးနဲ့ ကွမ်းဝါးငုံ
မမွှေးထုံ ဘာကြောင့်မွှေး
စမုံကွမ်းအေး ဝါးလို့မွှေး။

မမွှေးထုံ၊ မမွှေးထုံ
နှုတ်ချိုအေးတဲ့ မမွှေးထုံ
မမွှေးထုံ ဘာကြောင့်မွှေး
လိမ္မာခြားရေး သတင်းပြေး
သမီးမြကျေး ကြာညိုသွေး
စိတ်တည်ကြည်လို့ နာမည်မွှေး။ ။

*ရွှမဝ၊ ၁၉၇၀၊ ဇူလိုင်*
*(`မြန်န္တာပြောချင်သေးသည်´ မှ)*

* * *

## မေ့သားလိုချင်သည်

နှုတ်ခမ်းချိုပျား
မွေးစကားနှင့်
မေ့သားရေချမ်း
ဘာကိုလွမ်း။

မေ့သားရေချမ်း
စားချင်စမ်းငဲ့
ထမင်းဆီဆမ်း
ရွှေလင်ပန်း။

ဖိုးလငွေခြမ်း
ပေးပါတမ်း။

ကြယ်ပွင့်လက်ဝါး
ပွင့်အာကားဖြန့်
မေ့သားရွှေမောင်း
ဘာကိုတောင်း။

မေ့သားရွှေမောင်း
ပေးပါတောင်းသည်
ဖိုးအိုဆန်ထောင်း
ယုန်ဝပ်အောင်း။
နားရွက်ထောင်နှင့်
ယုန်ကောင်တောင်း။

မျက်ညိုဝန်းလျား
အို့နီပါးပြင်
မေ့သားငွေရေး
ဘာကြောင့်ငေး။

မေ့သားငွေရေး
အိပ်ချင်မေးသည်
မေ့ရင်ချိုမွေး
နို့ရည်ပေး။

ဝမ်းဝပြည့်အေး
အိပ်ပြီလေး။ ။

*ရှမဝ၊ ၁၉၇၀၊ ဩဂုတ်*

* * *

## ၂၀ ရာစုနှစ် အလွမ်းသစ်

အို....လမင်း
မြဝင်းလဲ့ရီ၊ ငွေမှုန်ခြည်သည်
ကြည်စင်ဖန်ရွှေ၊ ပုနွေးဝေဝေ
နေမင်းပေးသည့်၊ ရောင်ပြေးမျှသာ
ပြန်ဟပ်လာသတဲ့။

အို....လမင်း
ပြည့်တင်းပြန်ငဲ့၊ နွံခြမ်းပဲ့ပြန်
လှည့်ပတ်မြေဝန်း၊ အေးရိပ်ယွန်း၍
ဖိတ်ရွှန်းရသည်၊ ကွယ်ရသည်တဲ့။

အို....လမင်း
ဝပ်စင်းယုန်အောင်း၊ ဖိုးဆန်ထောင်းဟန်
မြစ်ချောင်းကမ်းစောက်၊ ချိုင့်ဂှမ်းဖောက်ထွင်း
ခြယ်ပြောက်လွှင်ပြင်၊ တောင်ရိပ်ထင်သတဲ့။

အို....လမင်း
ချဉ်းနင်းကျော်လွှား၊ ငါလူသားဟု
ဆွဲအားမှထွက်၊ စက်ယာဉ်မှဆင်း
လ မြေနင်းခဲ့။

ပျက်ယွင်းအလှ
လွမ်းညပြီးဆုံး၊ အိပ်မက်သုဉ်းခဲ့
ဆုံးရှုံးသည်လော အောင်ပွဲလော။ ။

*ရှမဝ၊ ၁၉၇၀၊ ဒီဇင်ဘာ*

* * *

## တရားသခင်

ကြည်လင်ရုပ်သွင်၊ သခင်လာသည်ကို
ကြည်ညိုမြတ်နိုး၊ ကျွန်ရှိခိုးဆဲ
မာန်ငြိုးကင်းစင်၊ ဆုထူးမြင်ဆဲ
သင်မိစ္ဆာလား၊ သမာလား
မေးအားရက်လှသည်။

ကြည်လင်ရုပ်သွင်၊ သခင်ဟူသည်
တစ်ဆူဂေါ်သဲမှ၊ ရှင်ဗုဒ္ဓလား
ထမြောက်ပြန်သစ်၊ ခရစ်တော်လား
ကျော်လွင့်လူ့ရွာ၊ အလ္လာဟုလား
စကားမွန်မြတ်၊ ကွန်ဖြူးရှပ်လား
ကားလ်မတ်၊ အိန်ဂျယ်
လယ်နင်၊ စတာလင်လား။

ကြည်လင်ရုပ်သွင်
သခင်မွန်ကို၊ ကျွန်ရှိခိုးလည်း
လူကို ရှိမခိုး၊ တရားကို ရှိခိုး၏
စိုးစဉ်းချွတ်ယွင်း၊ ခေတ်နှင့်မလျင်းက
ခြွင်းချက်ဖြင့်ပူဇော်၏။

ကြည်လင်ရုပ်သွင်၊ သခင်တို့သည်
သူမှီတင်းသော၊ လူ့ခေတ်ပြောကျယ်
လိုက်လျောကျင့်ဝတ်၊ ပညတ်မြဲရှင့်။

ဖြူ ဖြောင့်ချစ်တတ်၊ အပြစ်ခွင့်လွှတ်
နားလည်ညွှတ်ပျောင်း
လွတ်မြောက်ကင်းလျက်
အသက်လှူရက်၊ ဆင်းရဲဖက်ခဲ့
ကိုယ်ပျက်ပြုစု၊ နူသူကိုပင်
ကြည်ဖြူလက်ကမ်း၊ ဖက်ယမ်းပေါင်းသင်း
သနားခြင်းဖြင့်၊ တရားမင်းဟု
စစ်မှန်ခြင်းတည်ရာ၊ သခင်လာသည်
နာမည်မရှိ၊ အသိဝေဌ
အလှတရားမျှဖြစ်၏။ ။

*ရှမဝ၊ ၁၉၇၁၊ ဇန်နဝါရီ*

* * *

## မွန်းနစ်စိမ်းကား

အချစ်ဦးကို
ယစ်မူးတမ်းတ၊ တွေ့ရလို၍
မြူခိုသီဝေ၊ လေပြင်းပြေးလွှား
စကားမွှေးပွင့်၊ နေခြည်လင့်သော
နှင်းသင့်နံနက်၊ နတ်တော်ရက်မှာ
သီးရက်ပတ်ထွေး၊ လက်ဖျားအေးစက်
အတွေးနို့နို့၊ ခေါင်းစိုက်ငုံ့၍
ချစ်တုံ့မတင်၊ မကြင်သာသည်
ခွဲခွာခဲ့သူ၊ သူတစ်ယောက်တည်း
လမ်းလျှောက်လေသော၊ ဆည်းပြာတောမှာ
စိတ်စောရင်ခုန်၊ တွေ့ကြုံတတ်ငြား
အင်းလျားနဖူး၊ ကန်ဘောင်ဦးသို့
ကိုယ်ထူးလွင့်ပါးခဲ့၏။

မုန်သားချပ်မျှ
ငြိမ်ဝပ်တိတ်ဆိတ်၊ ရေပြင်ရိပ်ထင်
သစ်မြိတ်မြဖူး၊ ချုံနွယ်ကူးယှက်
နှင်းလူးမြက်ပင်၊ ပုလဲဆင်သ
မျက်ရှင်စိန်စ၊ ကြယ်သေးရွသို့
နိုးထမည့်ဆဲ၊ ဝန်းကျင်မဲ(မည်း)မှောင်
ဝမ်းနည်းစိတ်လျော့၊ တစ်ကျော့အိပ်ပြန်ကြ
သစ်ရိပ်ကျယ်ပြန့်၊ ရေပေါ်ဖြန့်ခင်း
ကြွေဆင်းရွက်ဝါ၊ သာယာကျွန်းငှူ
ဒိုက်တောထူသော၊ လူဝေးစွာ၌
ပြာဖန့်စိမ်းညို၊ မှော်ပွင့်ခိုဆဲ
မဖို သားချင်း၊ အုပ်သင်းဖွဲ့မြူး
မြောက်စူးစူးမှ
မြားဦးသဏ္ဍာန်၊ လေကိုဆန်၍
တွန်မည်ညံစာ၊ ပြန်လာရစ်ဝဲ
တောဘဲအုပ်တို့
တစ်သုတ်နှစ်သုတ်၊ အတောင်ရုပ်သိမ်း
ဖြုတ်ချည်းဖြန့်ချ၊ တရွရွနှင့်
ဝကွက်ဇာကျော့၊ လှိုင်းကော့ကော့၌
စီးဖော့ငြိမ့်ငြိမ့်
နိမ့်တုံမြင့်တုံ၊ လှိုင်းနှင့်ခုန်ကြွ
ပလုံတန်းစီ၊ မြီးဖျားသီခဲ့
လည်တံရကောက်၊ နဖူးမောက်နှင့်
ညိုပျောက်နှုတ်ခွေ၊ ဝမ်းဗိုက်ရွှေနှင့်
ရေအောက်အသော့
ငုပ်ပျောက်လျော့ပါး၊ မြုပ်ကွယ်သွားကြ
ငါးဖမ်းဆန်းကြယ်၊ ငှက်တံငါနွယ်တို့
ရေစံပယ် နှင်းငွေ့ကြား၌။

မြက်လဲ့လဲ့ခင်း
သလင်းသဲဖြူး၊ ဆောင်းရက်ဦး၌
ညွတ်နူးဘိခြင်း၊ ရွက်မွေးသင်းသော
ပင်ရင်းကျောမှီ၊ စိတ်တည်တံ့ခဲ့
မင်ပြန့်ခရမ်း၊ မှောင်စခန်းမှ
ရွှေလျှမ်းတိမ်လွှာ၊ ဖြူလင်းသာဆဲ
လာရောက်ခဲလှ၊ သူ့ကိုတ,သော
သမုဒယ၊ သက်သာရခဲ့
လမ်းပြပြမှ၊ သွားကြလာကြ
လုပ်ငန်းစသော၊ ဘဝတစ်နေ့
ရွေ့လျားကြသူ၊ လူသံဗလံ
ဟွန်းဆူညံသော၊ ကားမှန်လက်လက်
တစ်ချက်တစ်ချက်၊ ဝေးမှပြက်ခဲ့
ငှက်ပျံလွှားတို့
ကွေ့သွားပျံခိုက်၊ ရေရှပ်တိုက်မျှ
ပြေးလိုက်ဖြတ်ကူး၊ လေ၌လူးခဲ့
နေခြည်ဦးလည်း
ကွန့်မြူးသွန်ကျ၊ နင်းစစ၌
စိမ်းမြသစ်ရွက်၊ မှုန်မှုန်ပြက်မှ
သရက်ခက်ကြား၊ လျှိုတွားလွန့်လွန့်
အကန့်အကန့်၊ ရွှေသက်တန့်သို့
ဖြာကွန့်ရက်ဖောက်၊ မြေသို့ရောက်ပြီ
မေးထောက်ငေးမော
စောင့်စားသောသူ၊ လွမ်းအောင်မြူခဲ့
နွေးပူကိုယ်တွင်း၊ လမ်းလျှောက်ခင်း၌
ကွေကွင်းဆယ်နှစ်၊ ချစ်ဦးသူမူ
လူမရောက်ဘဲ၊ လမ်းရွေးလွဲရှင့်
ကြေကွဲသက်သက်၊ နှုတ်ဆက်နောက်ဆုံး
ပြုံးလဲ့လင်းထင်၊ သူ့ရုပ်သွင်ကို
မခင်ချင်တော့လည်း
မြင်ယောင်ပိုးဝါး၊ စိတ်နွမ်းပါးမိ
စကားဖြည်းညင်း၊ တစ်ယောက်ချင်းပင်
အင်းလျားရင်ခွင်၊ သူ့ရုပ်သွင်ကို
တွန်းနှင်စွန့်ပစ်၊ သူနေရစ်တော့
မွန်းနစ်စိမ်းကား၊ မြုပ်နှံထားခဲ့
ပေ့ါပါးစိတ်သွက်၊ ထိုနံနက်မှာ
ရက်စက်အိမ်ပြန်ခဲ့သတည်း။ ။

*ရှမဝ၊ ၁၉၇၁၊ ဖေဖော်ဝါရီ*

* * *

## သစ္စာသစ်

ပလူပျံများ
တောင်ပံပက်လက်၊ စက်ရဟတ်သို့
ဖျတ်ဖျတ်လှည့်လူး၊ မြူးထူးရွှရွှ
ဖူးမြနီယွန်၊ ဖြူခြည်သွန်သော
မီးပြွန်ပူငွေ့၊ တိုးညှပ်ဖေ့ကြ
ကြွေရွှေ့လျောလည်း၊ လေကြောဆန်၍
ပျံသန်းကြသော၊ ညဉ့်ပုံပြောသည့်
တောစံပယ်ပွင့်လေးများပမာ။

ရစ်လည် ရစ်လည်
ဇာချည်ကြောမျှင်၊ ပန်းရွက်ဆင်တည့်
ငွေသွင်တောင်ပံ၊ ကျွတ်လွင့်ပျံမှ
သမံတလင်း၊ မှုန်မှုန်ခင်းကြ
ခုန်ဆင်းကျန်ရစ်၊ ပလူသစ်မူ
ပြောင်းဖြစ်ဘဝ၊ ပရွက်လှပ
ရွရွပြေးကာ၊ ရှာသစ်ရှာ၏။

ရှေးကဆိုရိုး
ပိုးဖလံမျိုး၊ မီးကိုတိုးသတဲ့
မောက်ဖြိုးရွှေတောင်၊ မြိုက်လောင်ပူနွေး
မီးငွေ့ပေးမှ၊ အသက်ရရှိ
ကျွန်မချစ်မြဲ၊ သံသရာဝဲမှ
ခွဲထွက်ချင်ဘူး၊ တပ်မက်ဦးမည်
စိန်ခြူးကြယ်တန်း
လခြမ်းလဝိုင်း၊ ညတိုင်းမြင်ချင်
ငွေစင်နေဝန်း၊ ဆည်းဆာကွန်းမှ
ပေါ်ယွန်းစေ့စေ့၊ နေ့တိုင်းတွေ့ချင်
ထွေးပွေ့လင်သား၊ သမီးသားမြေး
စကားနှစ်သက်၊ မိတ်ဆွေဖက်ဟု
မက်မောဘဝ၊ တစ်ခဏလည်း
အလှရှာဖွေ၊ အဖြေတွေ့သော်
မွေ့ပျော်ငြိတွယ်၊ သေမျိုးနွယ်လည်း
ရယ်ရွှင်ဝံ့စား၊ ငါလူသားဟု
တရားထွန်းသစ်၊ သစ္စာဖြစ်သည်။ ။

*ရှုမဝ၊ ၁၉၇၁၊ မတ်*

* * *

## လွှတ်မြောက်ခြင်း

တဒေါက်ဒေါက်နှင့်
တံခါးခေါက်သံ၊ ညဉ့်သန်းယံမှာ
ဖိတ်အန်ပဲ့တင်၊ မကြားချင်လည်း
တိုးလျှိုင်အသော့၊ တစ်ကြော့မပြတ်
ထပ်ထပ်ခေါက်သံ၊ ကြားရပြန်၏
မှန်ပြတင်းမှ၊ ဖျင်စခန်းဆီး
နီးကပ်လက်လှမ်း၊ မှန်းဆမြင်ဟန်
မိုးစွန်ကြယ်စ၊ မှောင်ပျပျ၌
လှုပ်ရှုအရိပ်၊ ညိုမှောင်သိပ်သည်း
ထိတ်လန့်တုန်ယင်၊ ရေးရေးထင်သည်
သင်ဘယ်သူလဲ။

တဒေါက်ဒေါက်ပင်
ခေါက်မြဲခေါက်ဟန်၊ အသံကျယ်ခဲ့
ဘယ်မှာပြေးလည်း၊ လမ်းလွှဲမရှိ
ဆွေးရိပျဉ်ပေါင်း၊ ကျပ်ကျဉ်းမြောင်းသော
တောကျောင်းသခ်မ်း၊ နွမ်းပါးသိမ်ငယ်
ပန်းနွယ်သစ်ရိပ်၊ ငါမေ့မိုတ်သော
အိပ်ခန်းဆွယ်သို့
ဘယ်သူလာသလဲ။

တဒေါက်ဒေါက်ပင်
တံခါးခေါက်ဆင့်၊ ပွင့်လု ပွင့်လု
ချိုးဖွင့်တော့မည်၊ သံအက်မြည်ခဲ့
တန့်ဆည်မရဲ၊ မှင်တက်ဆဲပင်
ညိုမြဲ(မည်း)ရိပ်ထိုး၊ စိုးမိုးရိုင်းဆိုး
ယိမ်းထိုးလွန့်က
ဆွံ့အစကား၊ အာစေးထားမှ
အားတင်းချုပ်ငင်၊ မေးလိုက်ချင်သည်
သင်ရန်သူလား။

တဒေါက်ဒေါက်ပင်
ခေါက်ဆဲတံခါးသံ
နားဝလျှံဆဲ
မကြံစည်တတ်၊ မရပ်တည်နိုင်
သည်းမခံနိုင်တော့
မခိုင်လဲလု၊ ခြေလှမ်းစုရုံး
ခုချက်ချင်းပင်၊ ရင်ဆိုင်တော့မည်
လျော့ပြေပွင့်အက်၊ တံခါးရွက်ကို
လက်တုန်ယင်ဆဲ၊ စိတ်အားမဲတင်း
ခွဲဖွင့်လိုက်မှ
တိမ်မိုက်မဲကြား၊ တွားသွားထွက်ပြူ
ဖြူကြည်လဝန်း၊ ရွှန်းမြပြုံးပြက်
ဖိတ်ဖိတ်လက်ခဲ့
စက်ခန်းပြင်မှာ၊ ငါတစ်ယောက်တည်း
ကြောက်မှားမရှိ၊ လွှတ်မြောက်ခဲ့၏ ။

*ရှုမဝ၊ ၁၉၇၁၊ ဧပြီ*

* * *

**ပထမအဆင့်**

ဝေဒနာဟု
ရှည်ကြာထိုင်၍၊ မရွေ့မလျား
စိတ်အပြားတို့၊ တစ်ပါးမလွင့်
တည်ငြိမ်ကျင့်စ
နာနှင့်လေတွေ့၊ ရှုငွေ့ထုတ်ငွေ့
ထိတွေ့ခြင်းသာ၊ မှတ်ရပါ၏။

ထိုဒဂ်သည်
နာရီမိနစ်၊ တွက်စစ်မရ
ကာလပိုင်းခြား၊ စည်းမျဉ်းသားမှတ်
ပညတ်ပျောက်ကွယ်၊ စက်ဝိုင်းနယ်ထင့်
ဘယ်မှာစဆုံး၊ ထုံးမှတ်တိုင်မရှိ
သတိချပ်လျက်၊ ဖြစ်လိုက်ပျက်လိုက်
အသစ်စက်စပ်၊ မရပ်ပြုဆဲ
တစ်ခုထင်မှတ်၊ အချိန်ပိုင်းပြတ်တို့ဖြစ်၏။

ကြာမောလျှင်ပြီ
မထင်မှတ်ရဲ၊ စိတ်မှန်းလွဲတတ်
သဲသဲမဲမဲ၊ ကျဉ်ခဲလာသော
ဆင်းရဲတော၌
နစ်မျောဝဲလည်၊ ကတော့ရှည်ခဲ့
မည်သို့ ရုန်းထွက်ရမည်လဲ။

လေတိုက်သံနှင့်
ဆူညံဖျပ်ဖျပ်၊ သစ်ရွက်ခတ်သံ
ပြန်ဟပ်ပဲ့တင်၊ လျင်မြန်ပျောက်ဆဲ
ကျိတ်ခဲပြင်းစွာ၊ ဝေဒနာကို
ငါအတ္တပျောက်၊ သတိရောက်က
လွတ်မြောက်နည်းဟု၊ နစ်ခုတွေ့ခဲ့ရ၏။

ဝေဒနာကို
လာလော့တွေ့အံ့၊ ကြံ့ကြံ့စိုက်ကာ
နာခံယူက၊ ငြူစူမရှိ
သတိထင်ထင်၊ နာကျင်စင်ကြယ်
ပျောက်ကွယ် ခွာရှဲသွား၏။

ဝေဒနာကို
ကိုယ်မှာထားရစ်၊ မေ့စွန့်ပစ်ပြီး
အသစ်ဘဝ၊ ပြေးလွတ်ရက
ဖိတ်ကျလွင့်စင် သွားပြန်၏။ ။

*ရှမဝ၊ ၁၉၇၁၊ မေ*
* * *

## နင်းဆီရဲ့ အချစ်တရား

လှရုံ လှတယ်လ
မွှေးမြချိုရီတဲ့
နင်းဆီကို ချစ်ပါလှတယ်လို့
နမ တစ်ခါဆိုတော့
မျက်ထားညိုညိုနဲ့
နှုတ်ချိုချို သူက ငြင်းပြန်ရဲ့
စိတ်ချင်းမတူပြီ။

လှရုံ လှပါလို့
မွှေးရုံမြတာပဲ
တဒင်္ဂအလှလျှံ
ကြာရှည်မခံဘု
ကြွေပြန်မယ်၊ ပြယ်လွယ်တဲ့ ပန်းပါတဲ့
ခွန်းဆင့်ဆိုသည်။

လှရုံမကပါဘု
မွှေးမြချိုရီရင်ပဲ
တော်ပြီ မဆိုထိုက်ပါက
မိုက်မဲတယ် ထင်ချင်ထင်တော့
ဘယ်သဇင် မသေဆုံးပါသလဲ့
ရှင်သန်တုန်း လှပမွှေးရီ
နင်းဆီရဲ့ အချစ်တရား။

တဒင်္ဂပေမယ့်
အလှပိုင်ဆိုင်လို့
ကြိုင်လှိုင် ချိုရီမြ
၁၀ နေပျော်ပြီထင့်
နင်းဆီ ကြည်ဖြူခက်သူရဲ့
အပျက်ကိုသာမြင်၍
ခင်မင်တွယ်တာခြင်းကိုလည်း
ငြင်းရက်တယ်လား။ ။

*၁၉၇၁၊ ဇွန်၊ ၁၁*

* * *

## ဟန်ဆောင်သူများ

သည်ဘက်စွန်း၌
နစ်မွန်းပျော်ပါး၊ ငါ့ဝံ့စားစွ
လင်သားအိမ်ထောင်၊ ကျပ်တည်းနှောင်လည်း
ဟန်ဆောင်နှုတ်မှ
ဗုဒ္ဓ၏လမ်း၊ လွတ်မြောက်နန်းသို့
ဖြတ်သန်းလိုပါ၊ တစာစာလျှင်
မုသာဝါဒ၊ စကားမဆိုချင်။

ဟိုဘက်စွန်းသို့
ပြက်ရွှန်းလှမ်းခို၊ သွားရောက်လိုဟန်
ခိုတွယ်အားထား၊ ဘုရား တရား
စကားမျှပင်၊ ကျင်လည်သည်မှာ
လူ့ဘာသာမှ၊ တစ်ဝါရှောင်ရုံ
တစ်ချုံကွယ်လျှိုး၊ သစ်ဝါးတိုးဟန်
ပြန်လာခေါက်ခေါက်၊ ဟိုသည်နောက်၏
လွတ်မြောက်တကယ်၊ စွန့်ပယ်ဝံ့သူ
သည်မှူ မဟုတ်နိုင်တကား။

ငါစွန့်ခွာလျှင်
ပြန်မလာတတ်၊ ကင်းရှင်းပြတ်အံ့
အို.....သူမြတ်တို့
မလွတ်မြောက်ခင်
ခံမင်မြူးကြွ၊ လူ့ဘဝနှင့်
ခဏမြင်ဖူး၊ အသိထူးပြား
ကူးလူးချင်၍
ရှင်သန်ပါရမီ၊ ဖြည့်တင်းသည်ဟု
ယုံကြည်လိုက၊ ယုံကြည်ကြစေ
အရိယဟု၊ အတ္တပြတ်ဟန်
ကြောက်ဖွယ်ဖန်လာ
မာန်မာနသာ၊ ကင်းပစေရှင့်။ ။

*ရှမဝ၊ ၁၉၇၁၊ ဇူလိုင်*
*ဤကဗျာကို ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလထုတ် ရှမဝမဂ္ဂဇင်းတွင် "စွန့်ဝံ့သည်" အမည်ဖြင့် ထပ်မံ ဖော်ပြခဲ့ဖူးပါသည်။*

* * *

## စံပယ်နီးသောအတိတ်

ကျောင်းဖွင့်ကာစ
သမီးမြကျေး၊ သူငယ်ချင်းပေးသည့်
ဖွေးနုရွရွ၊ စံပယ်လှပွင့်
မြပွင့်ကြယ်ပွင့်၊ ငွေပွင့်နှင်းဖြူး
သင်းမူးယစ်ဝေ့၊ ညှော်ခန်းကွေ့မှာ
`မေမေ့....မေမေ့´၊ ခေါ်၍ဝင်လာ
ရင်မှာပိုက်ပွေ့၊ ဆွေ့ဆွေ့ခုန်မြူး
ပျော်ကြူးမဆုံး၊ ပြုံးလှစ်ဟာဟာ
သီချင်းစနှင့်၊ ချိုမြနှုတ်ခမ်း
စံပယ်ပန်းနှင့်အပြိုင်။

`စံပယ်ပွင့်တစ်ရာ
နှစ်ရာ သုံးရာ၊ မကပါဘူး
မိုးရာသီဦး၊ စံပယ်ဦးရှင့်
ဦးဦးဖျားဖျား၊ ရူးဆွတ်အားခဲ´
စကားတီတာ၊ ချစ်စရာနှင့်
လှဲပြာဖိတ်ရွှန်း၊ ငွေလင်ပန်း၌
ကြဲဖျန်းပုံဆင့်၊ စံပယ်ပွင့်များ

လက်နှင့်ထိခက်၊ မကိုင်ရက်ပြန်
မျက်စိအတူ၊ ချစ်ကြည်ဖြူသော
ဖေတူသမီး
အပျော်ကြီး ပျော်နေသည်။

စံပယ်ဖြူများ
သဲ့ယူနမ်းရှိုက်၊ သမီးလှိုက်လှဲ
ရယ်ပွဲဖွဲ့ရွှင်၊ ကလေးသွင်တည့်။

ရင်ခုန်တိတ်တိတ်၊ အတိတ်ဝေးဝေး
ငယ်ရွယ်သေးက
ပြစ်မှေးမတင်၊ ဖြူစင်ဆဲကို
ခွဲခွာရသူ၊ ချစ်ဦးသူဟု
ပူပြင်းနေခြည်၊ ထိမိသည်ကို
ပြန်လည်စိုးရွံ့၊ မတွေးဝံ့ဆဲ
ပျံ့မူးစံပယ်၊ သမီးငယ်မူ
ပြုံးရယ်တည့်တည့်၊ လှမ်းကာကြည့်ပြီး
မသိပျော်မြူးဆဲပင်။ ။

*ရှမဝ၊ ၁၉၇၁၊ ဩဂုတ်*

* * *

တိမ်ငှုပ်ဂိုက်မှို၊ နေဝန်းနီမှ
ယစ်ရီညှို့မြွေး၊ စံပယ်မွှေးမှ
ဒီပြေးချောင်းရေ၊ ကမ်းအိုင်ဝေမှ
ဗေဒါနှင်းသင့်၊ ပန်းခွံပွင့်မှ
သခင့်နှုတ်ခမ်း၊ အနမ်းတစ်ရာ
မှီသာရင်ခွင်၊ နှီးထစင်ပြေ
ပါးပြင်ပျက်ပြယ်၊ နပ်ခါးခြယ်မှုန်
လယ်တောအဝင်၊ သူခေါ်ငင်ကွယ်
တံစဉ်ယူစို့၊ မြူအကွဲမှာ
လက်တွဲနွေ့သစ် စတင်ရအောင်။ ။

*ရှမဝ၊ ၁၉၇၁၊ ဒီဇင်ဘာ*

* * *

## လယ်တော၏ အချစ်တေး

လရိပ်သိပ်၍
ကွေးအိပ်စုငုံ၊ နွဲ့ခိုလှုံသော
ဝတ်မှုန်သိမ်းဆည်း၊ လျော့ရည်းဝါလွှာ
နေကြာမောပြေ၊ နေပုန်းလျှိုးသို့
မိုးပြာဖဲအိ၊ ကြယ်အပြည့်အောက်
ထွေးငြိမှီဖုံ၊ ကောက်ပုံကော်ဇော
နှင်းဆွတ်နောလည်း
ကြည်မောကြင်ဖော်၊ ခေါ်ချင်ပါလှ
တစ်ည မွှေ့လျော်ရအောင်။

မိုးသောက်နိုးလည်း
မနိုးချင်သေး၊ လူနှင့်ဝေးရာ
တရေးချစ်ရေး၊ တိတ်ခိုးမေးမည်
ငြိမ်းအေးချိုးမြူ၊ လေးတွဲ့ကူမှ

## လရိပ်ပြုံးမြ

မပျော်သောည
မြသားပိုးရှန်၊ မိုးယံပျော့ညက်
ကတ္တီစက်ရာ၊ ရွှန်းပြက်ဖိတ်ဖိတ်
မအိပ်လန်းဆတ်၊ ကြယ်မျက်ခတ်ဆဲ
ငွေသတ်ဆွတ်လွှာ၊ တိမ်ဇာအုပ်ဆိုင်း
လ,မှန်ဝိုင်း၌
ရိပ်မှိုင်းသမ်းရီ၊ မပီပြင်လည်း
ထင်သောမျက်နှာ၊ ချစ်သူပါပဲ။

အရိပ်ထင်လည်း
မမြင်သာဘူး၊ နွေညမူးရီ
ထန်းဦးသောက်ဟန်၊ လွှမ်းယစ်လျှံမှ
ကံဖန်ဆုံးရှုံး၊ ပုန်းဝှက်တွယ်ငြိ
ရေညှိလှိုင်းဆန်၊ ဒဏ်သင့်ထိသို့
မသိစေရက်
သိမ်းခက်မျက်ရည်၊ စိမ်းလဲ့ကြည်တို့
ဖွဲ့မှီခေါင်းအုံး၊ လုံးစုံသိသည်

မချိမျက်ကွယ်၊ သူ မကယ်သာ
နာလွယ်သူမှ၊ ကံညှိုးခဲ့
နွမ်းလျတွေးတော၊ မောင့်စိတ်စောလည်း
ရောနှောနှုတ်ခမ်း၊ နမ်းမွှေ့ရင်ခွင်
ပါးပြင်အပ်မှီ၊ မချော့နိုင်ပြီ။

လ,ရိပ်ခို၍
ငိုယိုသောသူ၊ မဝံ့မူကို
တွဲယူခေါ်ငင်၊ လိုက်ချင်မယ်လား
ယုံမှားတစ်ဝက်၊ ရှက်လည်းကြောက်ရှက်
ခက်ခဲတုံ့လှူင်၊ ဝမ်းနည်းချင်ပြန်
မကြင်သာမြဲ၊ ကံဆင်ဖဲချပ်
စွဲငြိဘဝ၊ တစ်ချပ်ချပစ်
ဝေ၄သမျှ၊ မလှုပါဘူး။

တစ်ရံခါတော့
ကြမ္မာကွက်ပြောင်း၊ သစ်လောင်းဆင်က
ငွေစင်ကြာငုံ၊ လက်ချောင်းစုံနှင့်
မြိုတ်ပုံထုံးကြော့၊ မောင်ပြေလျော့မှ
ပျော့ပျောင်းဆံပင်၊ ပြေစင်လိမ်မှ့မည်။ ။

*ရှမဝ၊ ၁၉၇၂၊ ဇန်နဝါရီ*

* * *

## ဆေးရုံစောင့်၏ မှတ်တမ်း

ပြာသိုညများ
အေးမြဟန်မှာ၊ သွေးအန်လူနာ
တစ်ရာပြည့်တော့မည်။

ထိုလူနာသည်
မျက်နှာပြာဖျော့၊ သတိလျော့ပျက်
သွေးပွက်မြှုပ်ထွေး၊ ထွေးခံပြည့်မျှ
မောချိကုန်းဟိုက်၊ သက်ရှိုက်ဆန်ပျို့
သွေးတုံးဆို့တတ်
မွဲတို့ရောဂါ၊ ချောင်းသွေးပါဟု
ငါတာဝန်ကျ၊ ဆေးရုံဝဌ
လများစွာည စောင့်ခဲ့ဖူး၏။

ညမှောင်မိုက်၌
ဆိုက်ကားရောက်က၊ ပွေ့ချီချဆဲ
လူနာ့ပစ္စည်း၊ သိမ်းရဆည်းရ
နောက်မြီးပါးရှပ်၊ ခုံဖိနပ်တစ်ရံ
လက်ပြတ်စွပ်ကျယ်၊ လည်ပြဲတစ်ထည်
ချည်ကြမ်းလုံချည်၊ နီညိုတစ်ကွင်း
ပြာစင်းကန့်ဖက်၊ မျက်သုတ်ပဝါ
ခေါင်းပေါင်းလာသည်
လက်မှာဆုပ်ကျစ်၊ ဝတ်ညစ်ထုပ်ပတ်
ကျပ်တန်နှစ်ရွက်၊ အကြွေဖျက်ထား
ဆယ်ပြားစေ့ ၄၊ ဆေးပေ့ါလိပ် ၂
မီးခြစ် ၁ ဟု
ခင်းသစ်ခုတင်၊ လူနာတင်ဆဲ
အစဉ်ရေးမှတ်၊ စာရင်းအပ်ရ။

သန်းယံအေးက
ဆေးရုံလုံးညံ၊ ချောင်းဆိုးသံလွှမ်း
သွေးအန်ပြန်ပြီ၊ ဝိုင်းကူညီပါ
ထဘီနီဆရာမ၊ မနားရဘူး
တစ်ညယံတွင်း၊ သွေးပုလင်းများ
ပြေးသွားယူလာ၊ ဆယ်ခါထင်ရဲ့
အပြင်မှာလည်း၊ လက်တွန်းလှည်းသံ
ဆွဲချလူသေ၊ သေတ္တာရှည်စိမ်း
တရွေ့ဖြစ်စေ၊ စိတ်မညစ်သာ
အသစ်ဆရာဝန်၊ အားသွန်ချိန်မှာ
ရိုးပိန်လူနာ၊ ရောင်နီဖြာမှ
မသာအလောင်း၊ တဖြစ်ပြောင်းတတ်။

ဆေးသုံးမျိုးလုံး*
မတိုးတော့သော၊ လူနာတော၌
ကျောတွန့်ချမ်းကြောက်၊ တီဘီခြောက်ခဲ့

ပျောက်ခဲ့ရောဂါ၊ သူငွေးနာစွဲက
ဝတ်မွဲသူမှာ၊ ကယ်လာသူမရှိ။

မှိုက်ပုံထပ်သော
ကျပ်သိပ်အိပ်ရာ၊ မြို့စွန်ရွာမှ
လူနာလာမြဲ၊ နာရှည်လဲသော
မိမွဲဖအို၊ ချောင်းစိုချောင်းခြောက်
မြေးသို့ရောက်သည်
အူခြောက်ဝမ်းပိန်၊ ဆေးမနိမ်နိုင်
သိမ်နပ်ရပ်ကွက်၊ သွေးအန်ဖက်မြဲ။

နတ်တော်စိမ့်မြ
ပြာသိုတစ်ည၊ ဆေးရုံဝဍ္ဍ
အဘမောတယ်၊ ကယ်ကြကွယ်ဟု
ညလယ်မှောင်မိုက်၊ လကွယ်ခိုက်ကို
ဆိုက်ကားရောက်က၊ ပွေ့ချီချဆဲ
လူနာ့ပစ္စည်း၊ ငါသိမ်းဆည်းခဲ့
ထိုညပြီး၍၊ နေ့လယ်နားအိပ်
စိတ်အေးသက်သာ၊ တစ်နေ့တာမှ
ခွန်နာရီကျော်၊ တာဝန်ခေါ်သံ
ဆေးရုံခြံဝင်း
ပြန်ရောက်ရောက်ချင်း၊ ခုတင်ရှင်းရ
စာရင်းမှတ်သူ၊ ငါ့ကိုလှူကြ
လူကွယ်ပျောက်ပြီး၊ ကျန်ပစ္စည်းမှာ
နောက်မြီးပါးရှပ်၊ ခုံဖိနပ်တစ်ရံ
.................................။ ။

* Streptomycin, pas, Isoniazid
*ရှမဝ၊ ၁၉၇၂၊ ဖေဖော်ဝါရီ*

* * *

## သူ

သူ့ကိုမြင်လျှင်
ရင်ဒိတ်ဒိတ်တိုး၊ တစ်မျိုးမရိုး
စိုးထိတ်ဖွယ်လဲ(လည်း)၊ မရှိဘဲနှင့်
တင်းဆဲရှက်ကြောက် တုန်ယင်တတ်သည်။

သူက ပြုံးရယ်
ဆန်းကြယ်ကြည့်မှား၊ အနားတိုးကပ်
တပ်မက်မူရာ၊ သည်းထန်လာလျှင်
ဘယ်မှာ ပြေးပုန်းရမည်လဲ။

ရင်တလှပ်လှပ်၊ ထပ်ထပ်မောမိ
မြကြောယှက်ထင်၊ ပွင့်စင်ရှန်းတင့်
ပန်းပွင့်ကျွန်မ၊ ဖြစ်ပါရစေ
ငွေလရည်ဆမ်း၊ အနမ်းသွန်းဖျန်း
ယစ်မူးကြမ်းက
ရှက်ယမ်းခေါင်းငုံ့၊ မြခက်နွဲ့ကြား
လျှိုတွားဝှက်လျှင်၊ လွတ်မည်ထင်သည်။ ။

*ရှမဝ၊ ၁၉၇၂၊ မတ်*

* * *

## ကျန်ရစ်သူအတွေး

သူသွားတော့မည်
ပွေ့ချော့ထွေးလည်း၊ ဝမ်းနည်းရှုံ့မှု
မှုန်ဝါးမျက်နှာ၊ မျက်ရည်ကာဆီး
ပြန်လာပါဦး၊ ခွဲချင်ဘူးကွယ်
မူးယစ်ဝေညှ၊ မွှေးထုံသဆဲ
ခဏတွေ့မော၊ ရင်ခုန်ရောယှက်
ပြောချင်စကား၊ မေးခွန်းများစွာ
မေ့ကာထားပြီး၊ ပြန်ချိန်နီးမှ
ငိုညည်းတစ်ဝက်၊ မမီလက်ကမ်း
နှုတ်ဆက်ပိုးဝါး၊ ပြေးထွက်သွားမှ
တံခါးရပ်မှီ၊ ငေးခဲ့ပြီ။

သူချန်ရစ်သော
မူးယစ်ဝေညှ၊ မွှေးထုံမြခဲ့
အလှမပီ၊ နွမ်းလျသီသော
နှင်းဆီဝါဝါ၊ ငုံပြေအာစ
ရင်မှာခြွေလွင့်၊ ပွင့်ဖတ်နုကို
ယုယခုပင်၊ စုဆောင်းကောက်ယူ
နမ်းရှိုက်ရှူမွှေး၊ သူလာခဲ့သော
လွမ်းပုံပြောသည်၊ စိတ်မောသက်သေ။

သူ့စကားမှု
ချော့ဖြားပလီ၊ သီရီတတ်သော
နှုတ်မိန့်ယ်လို၊ ပိုမိုဟုတ်ဘူး
မေ့မူးရစ်ဝေ့
သူ့ကိုယ်ငွေ့မွှေး၊ နွေးပူတတ်သည်
မျက်ရည်ပုလဲ၊ သဲ(သည်း)ဖိုငိုသည်
ညိုမှောင်ဝင်းလျှပ်၊ မျက်တောင်ခတ်သည်
ရှုပ်တိုက်ရွှေ့လျား၊ တိမ်လွင့်ပါးသို့
ပြန်သွားတတ်သူ သာတကား ။ ။

*ရှမဝ၊ ၁၉၇၂၊ ဇွန်*

* * *

## ကျွန်မမိတ်ဆွေများ

ဟိုဘက်ကမ်းမှ
ကြမ်းတမ်းခရီး၊ ရေစီးဒီကျ
လှိုင်းထလေထန်၊ မိုးပြင်းသွန်ဆဲ
သမ္မန်ကူးတို့၊ လှော်ခတ်ပို့မှ
မြို့စွန်ကမ်းနား၊ မြစ်ချောင်းခြားရာ
ငှက်ဖျားဝမ်းဖော၊ ပန်းနာမောနှင့်
သောသောညစ်ပွမ်း၊ ငှါးဆေးခန်းသို့
လမ်းပြကြမြဲ၊ လူမစဲဘူး။

ပင်နီစလင်
နေ့စဉ်သုံးရက်၊ ဆေးဆက်ထိုးမည်
စကားတည်ခဲ၊ ချိန်းတိုင်းလွဲတတ်
မရဲပြန်လာ၊ သပြာမယူ
ဆေးကုလှူလျက်၊ မကူညီနိုင်
လှိုင်မြစ်လမ်းဆိုး၊ လှေဖိုးတစ်မတ်
အိတ်မကပ်သာ၊ ပေါင်နှံစရာဟူ
ရှုပ်ပြာတစ်ထည်၊ ဆုံးခဲ့ပြီပင်
ခါလည်ကျော်မှ၊ ပစ်လိုက်ရသော
သားလှသတင်း၊ ပြောရင်းမျက်ရည်
သုတ်ရှာသည် သူ။

ဆန်ကြမ်းစား၍
သားငါးငတ်သော၊ (ကွာရှာကော)*ဟု
ဖောသွပ်အားပြတ်၊ မွတ်သိပ်ရောဂါ
အာဖရိက၊ ဟိုမှစတင်
လူ့ဘဝမြတ်၊ ဖြစ်မနပ်သည့်
မတ်တပ်မပြေး၊ ခြေထောက်ကွေးခွင်
ကလေးလူနာ၊ မကုသာဘူး
ရက်ကြာဆေးရုံ၊ လွှတ်ဖို့ကြုံခဲ့
ကုန်ခန်းချက်ချင်း၊ သွေးသစ်သွင်းမှ
မှျဉ်းမှျဉ်းနေ့ရက်၊ သက်ဆက်ရသူ။

စပါးလှေ့ချိန်
လေမွေ့ဖုန်ထူ၊ ကောက်မှုန်ရှူ၍
သည်းအူမောလန်၊ ဆို့ပြန်နာဝ
အဆုတ်ပွသော
လယ်သမားနာ၊ ဆေးတောင်းလာသူ။

သွေးချောင်းဆိုး၍
ဆေးဖိုးကုန်ခက်၊ ဆေးရုံတက်လည်း
အိမ်ဖျက်ရောဂါ၊ သူဌေးနာတည့်
နို့ဝါကြက်ဥ၊ နထွတ်အသဲ(သည်း)
အမဲသွေးဓာတ်၊ မတတ်နိုင်ပြီ
မောမှိုင်ငိုချင်၊ စတြက်တိုမိုင်စင်
နေ့စဉ်မထိုး၊ ဆေးမတိုးတော့
ပုဆိုးဖွာကျဲ၊ ပြာမွဲနာသူ။

သူငယ်ချင်းမွန်တို့
ရွှံ့နွံညစ်ပွက်၊ ကြက်ဝက်မွေးကျောင်း
နံ့ဆိုးဟောင်းဟောင်း
ဘဲထောင်သောင်းနှင့်
ခေါင်းရင်းခြေရင်း၊ ရောနှောတင်းကုပ်
ဝါးခင်းမျောထောက်၊ ဒီရေမောက်လျှံ
မြွေဟောက်ဝင်လျှိုး၊ အိမ်ထဲတိုးတက်
ကံဆိုးရွာမှ၊ အေးချမ်းမြရာ
ဝမ်းဝအိမ်သား၊ နာဖျားစင်ရာ
ခံမင်တစ်ရက်၊ ဘဝဆက်အံ့
ပြိုးပြက်ဖိတ်လက်၊ မြို့သစ်တက်အံ့
သက်တန့်တံတား၊ ရွှေလမ်းသား၍
ကျော်လွှားဖြတ်ကူး၊ ပူးပေါင်းကြစို့။ ။

* (Kwarshorkor အာဖရိက ဆင်းရဲသားများ၌ ဖြစ်တတ်သော ညှံ့ဖျင်းသည့် ပရိုတိန်းခေါ်
အသားဓာတ်သာ ရသဖြင့် အာဟာရ မလုံလောက်သော ဖောသွပ်ရောဂါ)

*ရှမဝ၊ ၁၉၇၂၊ မေ*

* * *

## မြို့လယ်လမ်း

တစ်နွေပူဆဲ
လူထူထပ်သော၊ ကွန်ကရစ်တောဟု
စေးချောမြို့လမ်း၊ သစ်ရိပ်နွမ်းလျ
စီတန်းရုပ်ရှင်၊ ဆူညံယာဉ်ပြေး
ဆင်ဝင်ရှေ့ပေါက်၊ တွန့်ကောက်မြွေပတ်
လက်မှတ်တိုးရောင်း၊ ပေါင်မုန့်တောင်းကြ
သောင်းပြောင်းရုတ်ရုတ်၊ စိတ်ရှုပ်ဒေါသ
ထိုးကြ ကြိတ်ကြ၊ ရဲသားစောင့်ရသည်။

တရုန်းရုန်းပင်
ပခုံးထမ်းတန်း၊ လက်တွန်းလှည်းတို့
မုန့်ပဲသွားရည်စာ၊ ခေါ်အော်ဆာပူ
စားပါဝယ်ပါ၊ သည်ကိုလာနော်
လက်မှာလင်ပန်း၊ အင်္ကျီနွမ်းနှင့်
မရမ်းချဉ်စပ်၊ ဆီးထုပ်ထပ်၍
ကွန်းရုပ်ငါးမုန့်၊ ချိုမြုံ့သကြား
ဆားပဲလှော်ရွှ၊ လစက္ကူကြည်
ဖျော်ရည်သီးချဉ်၊ ခွက်ချင်ရောင်းဆဲ
မွန်းလွဲထိန်ညီး၊ ချွေးဒီးဒီးယို
မီးလိုဝမ်းစာ၊ အေးချင်ရှာကြ။

ဘတ်စ်မှတ်တိုင်၌
ညောင်းထိုင်ခဲ့ပြီ၊ လူစည်ကားလှ
ကားတစ်ခြမ်းစောင်း
တွဲလောင်းစီးလာ၊ ငါးသေတ္တာသို့
လူတစ်ရာမက၊ မတ်တတ်ထလိုက်
ကတ်ကြေးကိုက်နှင့်၊ ခါးပိုက်နှိုက်မှ
ခုန်ချလှမ်းတက်၊ လုယက်အားခဲ
သွားမြဲခရီး၊ နေ့တိုင်းစီးလည်း
မညည်းညူသာ။

သူတောင်းစားမှ
ငါးပြားဆယ်ပြား၊ ပေးပါလားရှင်
သနားကယ်ပါ၊ စွန့်ကြဲမှာလား
ဆာလောင်ထမင်း၊ မျှော်ငေးရင်းက
ရိုးကြွင်းဟင်းကျန်၊ တောင်းမည်ကြံစည်
တေးသီဆိုကြ၊ နူဝဲပြစား
ဘိုးဘွားခါးကျိုး၊ ဆိုးမျက်ကန်းရွဲ့
လက်တန်းရွတ်သူ၊ ဆုပေးသူတို့
ပေးလှူမလောက်၊ ရောက်လာကြမြဲ။

တိုက်နံဘေး၌
အုတ်ဆွေးရေစိမ့်၊ မြေအက်နိမ့်စောင်း
ရေပုပ်မြောင်းဟောင်း
ယင်တလောင်းလောင်း
လဲလျောင်းမိန်းမော၊ သေငယ်မြောသူ
ရောဂါကပ်မြေး၊ ဆေးနှင့်ဝေးစွ
လမ်းဘေးမှာပျောက်၊ အလောင်းကောက်မှ
ရောက်ခဲ့ဆေးရုံ၊ ရင်ခွဲရုံသို့
စုန်ဆန်တွင်းပြင်၊ ကြောသေးမျှင်တို့
နေ့စဉ်ခွဲစိတ်၊ ဆေးကျောင်းသိပ္ပံ
အဖိုးတန်ခဲ့။

ထိုခဏ၌
လှပဖိတ်လက်၊ မှန်ပြိုးပြက်နှင့်
ကားထက်ပြေးဝင်၊ စက်အေးချင်ထင့်
ပေါင်းပင်ချုံကြား၊ နတ်မယ်ဖွားသို့
သွေးသားရောင်းသူ၊ ပြုံးညို့မှုနှင့်
လူစုံသည့်ဘား၊ စပျစ်ခါးကျွန်းမှ
ပန်းနနွတ်လွှာ၊ မျက်ရစ်ပြာနှင့်
ကျဖြာမြိတ်ထုံး၊ မြည်ကုံးနှင့်
သလုံးဖြူစို၊ ထဘီတိုနှင့်
ကိုယ်ဟန်ကျော့ရှင်၊ ရင်ချီချီနှင့်
ပစ်မှီထိုင်ခုံ၊ အိညံ့တုန်မှ
သက်လုံနွဲ့နွဲ့၊ မောပြေခဲ့ဟန်
ခေတ်ရဲ့ပန်းချီ ရေးခဲ့သည်။ ။

*ရှုမဝ၊ ၁၉၇၂။ ဇွန်*

* * *

## ဒုတိယည

စိတ်ကူးလှေငယ်
ပင်လယ်သို့မျော၊ ဖော်မနှောဘူး
ငြိမ့်လျောအသာ၊ မိုးဖြူသာဆဲ
လာခဲ့ လိုက်ခဲ့၊ သဲ့သဲ့ခေါ်သံ
ရံဖန်ကြားရ၊ အမတပဟု
ခန်းမမြတ်ဆောင်၊ သောင်ကမ်းဝသို့
ခဏရောက်ချင်၊ ပြန်လာချင်သေး
အမျှင်စေးကပ်၊ ဘဝချေးညှော်
လုံးထွေးရစ်ပတ်၊ ညစ်ထပ်ထပ်နှင့်
မရပ်နားသော
ဘဝတောရိုင်း၊ နက်ရှိုင်းရှိုင်းမှ
တစ်ည တိတ်တဆိတ်ခွာခဲ့၏။

ပင်လယ်ဝဋ္ဌ
မိုးပြတိုက်မြင့်၊ လှမ်းလင့်ဆီးတား
မျက်ထားညိုညို၊ မလိုမသာ
မောင့်မျက်နှာထင့်
ပြာလဲ့ပြတင်း၊ မှုန်မလင်းမှ
ရုတ်ချင်း(ခြည်း)မိုးမောင်း
သွန်းလောင်းလျှင်လျှင်၊ သံယောဇဉ်တည့်
ခင်မင်သဘော၊ သူလိုက်လျောလည်း
မျက်ကြောမပြတ်၊ နောက်မှကပ်လိုက်
လမမိုက်ဘဲ၊ ပူပန်လွဲ၏။

ကမ်းနှင့်ဝေးစွ
ရေးရေးမိုးပြ၊ သနားလှလည်း
တစ်ညထွက်ခွာ၊ ခွင့်လွှတ်ပါလှဲ့
ငွေလွှာခြမ်းပဲ့၊ မြမြလဲ့သား
မောင်ရဲ့မီးရောင်၊ ပူရှိန်လောင်ခဲ့
ရာထောင်ဆမျှ၊ အေးငြိမ်းမြပြီ
စိန်စဂယက်၊ ပုလဲမျက်ရှင်
ပြိုးပြက်ငွေခြည်၊ ရက်ကန်းရှည်၏။

ရုတ်တရက်လျှင်
တိုးထွက်ရေလည်
ကျောက်ဆောင်တည်ထွန်း
ဝေစည်ညွှင်းလွှင်၊ ရေသူထင်ရဲ့
ညို့ငင်သာယာ၊ မာယာတိုင်းပြည်
မှိုင်းရီချုံနွယ်၊ သစ်သီးကြွယ်ချို
ငယ်ကတပ်မက်၊ နှင်းနံ့သက်လို့
တေးငှက်ဂီတ၊ တို့ထိစခဲ့
လှပငှက်ညို၊ နှုတ်ဆက်ပိုမို
ခိုဝင်ငြိတွယ်၊ နေပျော်မယ်လား
စကားချိုပျား၊ သောက်ငုံမှားဖွယ်
ဖြားယောင်းတုပ်နှောင်၊ သွေးယူဆောင်ကြ

ထိုခဏ၌၊ ထကြွမုန်တိုင်း
ရေလှိုင်းတောင်မောက်၊ ဝဲပေါက်ကတော့
ကြမ်းသော့အော်သံ၊ မာန်မာနနှင့်
အတ္တရုပ်လွှာ၊ ငါ များစွာဟု
လာကြတစ္ဆေ၊ ခြောက်လှန့်ပွေခဲ့
ငွေကြယ်ဖြူလင်း၊ မျှော်လင့်ခြင်းလည်း
စိတ်ညှဥ်းညှိုးရှို့၊ မမြင်ဝံ့ဟန်
ကြည့်ပြန်မှိတ်တုတ်၊ ရှောင်ကွယ်ရုပ်သိမ်း
တွန့်ဆုတ်လေ့လူး၊ ရူးသွပ်ချောက်ချား
ယောင်မှားသံပင်၊ မဖန်ရက်လည်း
ချော်ပြုက်ရယ်မော၊ နာမ်ပွားများပြောသံ
တသောသောကြမ်း
မောပန်းယဲ့ယဲ့၊ သမာဓိပဲ့ထိန်း
လွတ်ခဲ့ပြန်မှ၊ မျက်ရည်စနှင့်
ဒုတိယညယံ၊ သာယာပြန်၏။

မလွတ်သေးပြီ
ပြေးလိုက်ခဲ့သည့်၊ လမ်းတည့်ပြည္ဆွန်
သတိဉာဏ် ဟု
ဆွေမွန်ငွေလွှာ၊ လ ခမျာလည်း
ပြာရီဖျော့တော့၊ မကြော့နိုင်တော့
တိမ်စိုင်တစ်ခဲ၊ မောဟမဲပုပ်
ခိုစွဲစွန်းငြိ၊ ပန်းခဲဘိနှင့်
မသိမသာ၊ နေရစ်ရှာခဲ့
သံသာနှောင်ခွေ၊ ကြိုးမှဖြေအံ့
လေ့ငယ်ရေးရေး၊ ပြေးမျှောဆဲပင်။

အမိုက်တိုက်ဟု
ပိန်းရိုက်မှောင်သော၊ တောမြိုင်ငယ်သို့
လွယ်ကူလှမ်းမိုး၊ စိုးကြောက်အားသွန်
မလွန်ဆန်နိုင်ပြီ၊ ရှုံးတော့မည်ထင့်
ရှည်နှစ်တစ်သက်၊ ကြည်ချစ်ဖက်ဟု
ရက်စက်ပိတ်ဖုံး၊ နောက်ဆုံးမှောင်ကို
လွတ်အောင်အားသစ်၊ လော့်တွင်းနစ်လည်း
သစ်သားပျဥ်စ
နွမ်းလျခိုလှုံ၊ မသေရုံမှာ
အရုဏ်လင်းခြည် သန်းခဲ့သည်။

မမျှော်လင့်ဘဲ
ကြာပွင့်မွှေးကြူ၊ စံပယ်တူသား
သဲဖြူခင်းနှင့်၊ အပြည့်ဖွင့်သည်
တင့်မောခေမာ၊ သောင်ကမ်းသာဟု
ငါလျှင်ရောက်လာ၊ မကြောက်တော့ပြီ
ချော့ချီယုယ၊ ပွင့်ဖတ်လွလွ
သင်းမြခင်းညက်၊ မွေ့ရာထက်မှာ
ညှံ့သက်မောစွ၊ လဲလျောင်းချခဲ့
မနိုးထချင်၊ မပြန်ချင်ပြီ
ခိုမှီချင်ပြီ၊ ယခင်ဆီက
အတိတ်ကချစ်သူ၊ ကျန်ရစ်သူတို့
အတူရောက်ခဲ့စေချင်တော့၏။ ။

*ရှမဝ၊ ၁၉၇၂၊ ဇူလိုင်*

* * *

## သံသရာချစ်သူ

ငါသေဆုံးလျှင်
တောင်ကုန်းနံဘေး၊ ရိပ်မြအေးသော
မွှေးသင်းလဲ့ရီ၊ သရဖီပွင့်
မှီအိမ်ကိုင်းခက်၊ ငှက်တေးဆိုဆဲ
မြေးညိုတိမ်လွှာ၊ နေပျော့သာဆဲ
ဘာသာနွမ်းရီ၊ သူမသိဘဲ
ညှို့အိမြက်ကြား ခိုမည်လား။

သို့မဟုတ်ဟူ၍
ချစ်သူရင်ခွင်၊ ပူပင်သမ်းညှိုး
မိုးပေါက်မျက်ရည်၊ သွန်းစွေညိုးညံ
လေပြင်းထန်ဆဲ
ပြည့်လျှံမှလျော၊ ရေကျမျောနှင့်
သရောဒိုက်နွယ်၊ ပင်လယ်ချဉ်းသို့
သက်ဆင်းပျောက်ပျက် ကျေမည်လား။

ညမိုးညို့၌
ကြယ်တို့အလယ်၊ တင့်တယ်ထယ်(ထည်)ဝါ
ရှည်သွယ်အမြီး၊ ပြိုးပြက်ညီးလင်း
မီးပြင်းလျှံသွန်၊ ကြယ်တံခွန်သို့
လွန်မြောက်ဘဝ၊ တရားလှနှင့်
တောက်ပထွက်ခွာ သွားမည်လား။

တောင်ကုန်းမှီသော
သရဖီမြ၊ ဖြစ်ပါရစေ
နွမ်းလျဘာသာ၊ ငှက်တေးသာဆဲ
မြေမှာလွင့်ပါး၊ ချစ်သနားသူ
စကားကြည်ဖြူ၊ ငုံ့ကောက်ယူပြီး
ညည်းညူနှလုံး၊ ခေါင်းအုံးဇာနား
ဝှက်ထားမွှေးညက်၊ မောင်နမ်းရက်က
ကြွေသက်စောမည် မပူပြီ။ ။

*ရှမဝ၊ ၁၉၇၂၊ ဩဂုတ်*

## ချစ်သူလိုက်မယ်လား

နှင်းဆီပြာပေါ်သည့်နှစ်မှာလ
နေရစ်ကွယ် ဘယ်သူ့တားနဲ့တော့
စွန့်စားတယ် ဆိုချင်ဆို
ဖိုဝင်မီ ဇော်ဂျီတို့ကွန်းလိုပ
ခိုချင်ပြီ ပျော်မည်ထင်တဲ့ကျွန်းဆီသို့
အိပ်တန်းဝင်ချင်ရှာတဲ့
ခြေကျရာ ပျော်သည့်ကြက်လိုပ
အပြီးအစွာ ခက်တာမို့
ခရီးတစ်ခါထွက်မယ်ပြင်။

တောင်ဖြူတန်း
မြူသန်းရီဝေတဲ့
တောအခြေ မြေတစ်ကွက်
ထင်းရှူးပင် ရင်ပေါင်ယှက်ပါလို့
နေခြည်မှာ သစ်ရည်တက်ချိန်၌
ငှက်ဖော်ကွဲ ဆွေကြင်ခေါ်သတဲ့
မှည့်ပျော် ချုံနွယ်သီး
ချောင်းဆုံမှာ ပုံငယ်တီးသလိုပ
ရေပလုံ ခုန်ပျံစီးရှာတဲ့
ရွက်နွမ်းကြွေ ရေစပ်အနီးမှာ
ကျူဝါးအိမ်ငယ် မှီးတော့မယ်
ဆီမီးခွက်ဆင်။

ချစ်သူလိုက်မယ်လား
အကြိုက်စံပယ်ရုံ၌
တစ်နေကုန် တုံ့လှယ်စကားတွေနဲ့
အနားမခွာချင်ဘု
မြေလွင်ပြင် ခြေလျင်လျှောက်ကာဖြင့်
ရေညှိမှုန် ဆူးချုံနောက်သော်လည်း
လာလမ်း ဘယ်မပျောက်ပါဘု
ဆည်းဆာချိန် အိမ်ပြန်ရောက်မှာပ
ဖျောက်ဆိပ်ကြဲ ဖဲပိုးမိုးပြင်
အိပ်ရာဝင် ပွေ့ထွေး။

တစ်လ တစ်ခါတစ်ရံ
မြဝန်းငွေခြည်လျှံမှ
ပုရစ်ညံ ရင်ကွဲတို့
မစဲအောင် နွေကြိုယူတော့
ရင်တွင်းဆူပူလိမ့်
ကျန်ရစ်သူ ဆွေငယ်ချင်းတို့
စကားတင်း ဆိုလေပြီထင့်
သူတို့ဆီ သာကြည်အေးပါစ
ခြားပင်လယ် ဘယ်လိုမေးရပ့်
မလာချင်လျှင် တကယ်ဝေးပေမယ့်
လာချင်လျှင် အလွယ်ကလေး
ခရီးနာရီ နှစ်ဆယ့်လေးသာပဲ

ကံဖန်လျှင် ပြန်လည်ပြေးချင်လိမ့်မယ်
မျက်ရည် ပါးပြင်နွေးလျှင်တော့
ချစ်သူကို ပြစ်မယူကြေးပါရှင့်
စိတ်တည်ငြိမ် သိမ်မွေ့အေးသူက
နှုတ်ခမ်းလှှာ နမ်းတစ်ရာမွှေးရယ်နဲ့
ချော့တော့ကွယ်လေး။ ။

*ရှမဝ၊ ၁၉၇၂၊ စက်တင်ဘာ*

* * *

## အိမ်ပြန်ချင်သူ

တစ်ညလည်(လယ်)၌
ဆောက်တည်မရ၊ စိတ်နွမ်းလျလု
ယုယမည့်သူ
ပူပင်ကင်းမဲ့၊ အိပ်ပျော်ခဲ့ထင့်
ဇာလဲ့အိပ်ရာ၊ ထလာဖြေးဖြေး(ဖြည်းဖြည်း)
မြူမှေးရစ်သန်း၊ လူတိတ်လမ်း၌
ပက်ဖျန်းငွေမှုန့်၊ နေးတုံ့လ,မျှင်
ညှိုးသမ်းမြင်ခဲ့
သစ်ပင်ရိပ်ပြောက်၊ နှင်းမိုးပေါက်ကြား
ချောက်ချားတစ်ဝက်၊ ပူလောင်မျက်ရည်
အိပ်မက်ကြေကွဲ၊ ထွေးပတ်ဆဲမှာ
မရဲတရဲ လျှောက်ခဲ့မိ၏။

ငယ်ရွယ်သေးပင်
ပူဆွေးသောက၊ နားလည်ရဟန်
မိဘစိတ်ကွဲ၊ လမ်းခွဲခဲ့ဟန်
ကြင်ဖွဲ့မောင်ငယ်၊ သေပျောက်ကွယ်ဟန်
တွယ်ငြိမိတ်ဆွေ၊ ကွေကွဲဖောက်ပြန်
လွတ်မြောက်ချမ်းသာ၊ အချစ်၌ရှာသည်
ဘယ်မှာမတွေ့၊ လမ်းမှာကွေ့ကောက်
ရောက်ရာဘဝ၊ ကံပစ်ချရာ
မာနချိုးနှိမ်၊ စိတ်ညှိုးသိမ်ခဲ့။

တွယ်ငြိခြင်းသည်
ဆင်းရဲအစ၊ သံသာရဟု
ချမ်းမြသိလဲ၊ တွယ်ငြိမြဲပင်
ရဲဝံ့သည်လား၊ ကြောက်သည်လားဟု
ငြင်းပွားစိတ်ထွေ၊ အဖြေခက်သည်
တပ်မက်မှိန်တွဲ့၊ မောဖြေလှည့်ဟု
မောင့်ရဲ့ခေါ်သံ၊ သဲ့သဲ့ညံမှ

ပြန်လာတဲ့လျှင်၊ အိမ်ပြန်ချင်တဲ့
ရင်ခုန်စိုးထိတ်ခဲ့ပြီတကား။

*ရှုမဝ။ အောက်တိုဘာ*
*ဆေး-၂၊ ၁၉၇၂*

* * *

## ငယ်ကမွေးမြေ

ကြမ္မာနှမ်းထင့်
လွမ်းရုံလွမ်းသော၊ ချစ်ဇာတ်မျော၌
လျောတိုက်လွင့်ပါ၊ ဆင်းရဲတာရှည်
ရာသီခြောက်ဆယ်၊ မပျက်ပြယ်ခဲ့
ငယ်ကပျံ့မွှေး၊ မေတ္တာနွေးခဲ့
တရေးရေးမြင်၊ သူ့ရုပ်သွင်ပင်
တလွင်လွင်ကြား၊ သူ့စကားသံ
ခံစားထိတ်ထိတ်၊ သူ့စိတ်နူးညံ့
မူးပျံ့ဆွတ်ကြည်၊ သူနားလည်ဟန်
ခိုမှီချင်လှ၊ သူယုယဟန်
အလှကဗျာ၊ ဂီတသာသော
တမ်းရာဘဝ၊ လွဲခဲ့ရ၍
ညယံညှိုးငယ်၊ နေ့လယ်ညည်းငွေ့
တမြေ့မြေ့တွေး၊ ဘယ်နေ့ဝေး၌
ပူဆွေးပြေလျော့၊ မေ့ပျော်မည်လဲ။ ။

*ရှုမဝ၊ ၁၉၇၂၊ နိုဝင်ဘာ*

* * *

စိတ်ရေပြင်ကို
ဝိုင်းဆင်သီရစ်၊ ငယ်ကဖြစ်သည့်
အချစ်မုန်တိုင်း၊ ဆိုးရိုင်းနောက်က
မေ့ပျောက်ခဲ့သော
ဗေဒါရောနော၊ အိပ်မက်တောမှ
လေ့မျောရေဝင်၊ လှိုင်းရိုက်တင်၍
ရင်ခွင်နင်းတက်၊ သစ်ကျိုးပျက်တို့
နက်ရှိုင်းဝင်နစ်၊ တစစ်စစ်နှင့်
စူးခြစ်ဒဏ်ရာ၊ ဖန်လာထပ်မိ
မြေ၏ သမီး၊ ဆင်းရဲကြီးမြဲပင်
သည်းခံရတော့မည်တကား။ ။

*ရှမဝ၊ ၁၉၇၂၊ ဒီဇင်ဘာ*

* * *

## ဘဝကမ်းစပ်

ဆည်းဆာမှိုင်းက
စိတ်လှိုင်းဂယက်၊ ရိုက်ပက်ကမ်းစပ်
ငါလျှောင်းဝပ်ဆဲ
သပ်ရပ်မြက်ခင်း၊ မေ့ပျော်ခြင်းကို
ခြေနင်းမွမွ၊ ရက်စက်လှ၏။

ငါ့ရင်ခွင်မှ
တိုးထမြင့်မား၊ သစ်ပင်များလဲ
သားသမီးတူ၊ စကားညည်းညူခဲ့
မကူညီတတ်၊ သစ်ရွက်ညွတ်မှ
စိုစွတ်နှင်းသောက်၊ မျက်ရည်ပေါက်တို့
တစ်ပေါက်ချင်းသာ၊ ကျဆင်းလာ၏။

## ပထမအမြင်

ဆောင်းညစော၍
တွေးမောပြတင်း၊ မှန်ဇာရင်းမှ
နှင်းဖတ်မပီ၊ ပိတ်ဆို့ရီဝေ
မိုးရေဟုတ်ပဲ၊ မြူသွန်းဖွဲစ
ချောရွှဲလမ်းမ၊ ပျံ့ပျူးစရှင့်
ရွှရွှပုသေး၊ အောက်အဝေး၌
တိုးပြေးဖြတ်သွား၊ ကားပုတီးစေ့
သီကုံးကွေ့ဝေ့၊ ရွေ့လျားဟန်ကို
မိုးပျံတိုက်မြင့်၊ နှစ်ဆယ်ဆင့်မှ
ဒဏ်သင့်ယှဲ့နွမ်း၊ စိတ်မောပန်းလျ
အိမ်လွမ်းပြေနိုး၊ ရိပ်မိစိုးခဲ့
စီးမိုးကြည့်ငေး၊ လက်ဖျားအေးစက်
ဘယ်နွေးနိုင်ပြီ၊ ပျော်ပဲမှီခို
ချီကာဂိုမြို့၊ မီးပွင့်ပျို့လျှံ
မိုးပျံတိုက်မြင့် တောကြမ်းတွင်း၌။

ဒီဇင်ဘာဟု
ယေရှုသခင်၊ မီးသန့်စင်ချိန်
မိခင်၏သား၊ ဟောကြားဓမ္မ
တေးလှုပခဲ့
ယစ်မြချိုနွေး၊ မွှေးသက်ရှုနှင့်
မျက်စမှိတ်လင်း၊ ထင်းရှူးမီးပင်
ကြယ်ပွင့်ရှင်မျက်၊ လက်ဆောင်ဆင်လည်း
ခုံမင်ချစ်မွေ့၊ အိမ်သားစေ့ငှ
တွေ့ကြဆုံမြဲ၊ အိမ်ပြန်ပွဲ၌
ကြေကွဲဖုံးဝှက်၊ ငါချည်းသက်သက်
အိမ်လွမ်းခက်လှ
မျက်ရည်လျှံဆူ၊ ရင်တွင်းပူလှ
လူနှင့်ဝေးရာ
ခြေဖြေး(ဖြည်း)ညင်သာ၊ မသိသာအောင်
ရှဲ့ခွာလွင့်ပါးခဲ့၏။

သစ်ပင်တန်းလည်း
ယှဲ့ပန်းခြောက်သွေ့၊ အိပ်မေ့မြောလွန်
သေဆုံးဟန်ထင့်
ရိုးတံပြိုင်းပြိုင်း၊ သစ်ကိုင်းခြောက်မဲ(မည်း)
ဖွာကြဲခက်ဖြာ၊ ရွက်ရှင်းကွာခဲ့
မြက်ဝါမည်းညို၊ မစိုပြည်ဘူး
နေခြည်လွင့်ပြယ်၊ နေ့ကုန်လွယ်သော
စိတ်ငယ်ညှိုးပျက်၊ ညကုန်ခက်သော
ကြယ်ပြက်မမြင်၊ လ ဖဲကျဉ်သော
မိုးမင်ပြာအောက် ရောက်ခဲ့၏။

တဖွဲဖွဲမှ
သဲမဲပိတ်ထူ၊ မှန်တိုင်းမြူထင့်
လေယူတွန်းရာ၊ စောင်းရွှေ့ဖွာလွင့်
နှင်းလွှာဇာဖတ်၊ ထူထပ်ချက်ချင်း

မိနစ်တွင်းမှာ
နှင်းခင်းလမ်းမ၊ ဖွေးရှုပိတ်ဖုံး
နှင်းမြူမှုန်း၍၊ ဆိတ်သုဉ်းနှင်းဆို့
မြို့လုံးနှင်းမြုပ်၊ နှင်းတောငုပ်ခဲ့
ရုပ်ဆင်းမပီ
တိုက်ရှည်မြင့်မား၊ မှုန်ဝါးပြယ်သည်
သေးငယ်လူစ၊ ခဏကွယ်သည်
ခိုတွယ်ကင်းမဲ့၊ ကိုယ်ထီးကျန်ခဲ့၏။

ဘီလူးကြီးမား
လက်ဝါးကြမ်းနှင့်၊ လွှဲယမ်းရိုက်နက်
လေစောင်းထက်က
မှန်ရွက်ပြတင်း၊ ရှန်းရင်းမြည်သံ
နံရံညည်းညူ၊ ဆူငိုကြဟန်
ကြားပြန်လျှံဆဲ၊ မင်မည်းပြာသော
သတင်းစာရွက်၊ လေလွင့်ပက်၍
စက္ကူခွက်စုတ်၊ ဆိုးယုတ်ညစ်ပေ
သေရည်အန်ဖတ်၊ တိုပြတ်ဆေးလိပ်
လမ်းထိပ်ဝဲ၍၊ အမှိုက်ထွေရာ
နှင်းပြာဖုံးဖိ၊ ကွယ်ဝှက်လိုက်၏။

လမ်းမညပ်ရှုပ်
နှစ်မြုပ်နှင်းကြား၊ ဓားသွားရှဟန်
အဖုံးလန်ဖွာ၊ တံဆိပ်ပြာနှင့်
ဘီယာဘူးခွံ၊ နှင်းတောကျုံခဲ့
မြခွျန်ပြတ်ဖန်၊ ပုလင်းမှန်ကွဲ
ထိပ်ပြဲဖိနပ်၊ ဆင်းရဲရပ်ကွက်
ရောဂါပျက်ထူ၊ ရုပ်ဆိုးမှုမှ
ရယ်ဆူလူသံ၊ တစ်ပွဲညံတတ်
သန်းတန်ကလပ်*၊ လူမကပ်ဝံ့
အမြတ်ဆုံးဟူသည်၊ ဒေါ်လာမည်၏။

စိန်စီငွေကွက်၊ ပြိုးပြက်ပြတင်း
ဆိုင်ခင်းကျင်းသော
မီးလင်းတိုက်ချွန်၊ တိမ်လွန်ဖြတ်လည်း
ချစ်မြတ်မိတ်ဆွေ၊ မရှာဖွေနှင့်
ဝေငှကြည်ဖြူ၊ တူညီမရှိ
မည်း၏ဖြူ၏၊ ဝါ၏ခွဲခြား
ခိုးသားမုဒိမ်း၊ သေနတ်ဟိန်းသံ
ရန်ပြန်မုန်းတီး၊ ဒေါသမီးရိုင်း
တွေမှိုင်းလူသား၊ ဆေးခြောက်မှားနှင့်
တရားမဲ့ကင်း၊ ညစ်ပတ်ခြင်းကို
နှင်းခင်းဖုံးကွယ်၊ နိုင်ငံကျယ်စွ
ကြွယ်ဟန်ဆောင်သည်
နှင်းမှောင် ကန္တာရတကား။ ။

*Millionaires´ Club

*ရှမဝ၊ ၁၉၇၃၊ ဇန်နဝါရီ*
*ဆေး-၁၊ ၁၉၇၂-၇၃*

* * *

## မောင့်တောအုပ်မှာ

မောင့်တောအုပ်မှာ
ငှက်ပြာဝတ်ရည်၊ သောက်ရစ်ရီတတ်
နှင်းဆီဖြူလွဲ့၊ ပျံ့သင်းဖွဲ့တတ်
ဝါသွဲ့ရွက်ကြွေ၊ လိပ်ပြာပွေတတ်
မြစ်ရေချောင်းစ၊ တေးညင်းမြတတ်
မိန်းမလှသူယောင်၊ မျက်တောင်ခတ်တတ်
ကျမ်းတတ်ဇော်ဂျီ၊ ဖိုဝင်မှီတတ်
ကြံ့စည်သမျှ ဖြစ်မြောက်ရသည်။

မောင့်တောအုပ်မှာ
လာလှည့်နေလှည့်၊ အိပ်မက်လှည့်ဟု
သဲ့သဲ့ခေါ်ငင်၊ မပီပြင်လည်း
ထင်ထင်ကြားလိုက်၊ တိမ်းမူးခိုက်ဝယ်
မိုက်မှားကြမ္မာ၊ တွန်းပို့ရာသို့
ထွက်ခွာလွင့်ပါး၊ ရပ်တစ်ပါး၌
ရွှေ့လျားရာသီ ထပ်ခဲ့သည်။

မောင့်တောအုပ်မှာ
ချမ်းသာအေးမြ၊ နေချင်လှလည်း
လမ်းစပျောက်ပျက်၊ ရှာပြန်ခက်ပြီ
ပင့်သက်မောတွေ၊ မျက်ရည်ဝေဆဲ
မနေပျော်နဲ့၊ လာလိုက်ခဲ့ဟု
သဲ့သဲ့ခေါ်သံ၊ ကြားရပြန်၏။

မြဲမြံနွယ်နှောင်၊ လူတို့ဘောင်၌
ယောင်မှားညှော့သည်၊ မပျော်ကြည်ဘူး
မဆည်နိုင်တော့၊ နွမ်းပျော့ခွေညှိုး
လမ်းမှားတိုးဆဲ၊ တိုးတိုးတစ်မျိုး
ချိုးငယ်ပြောသည်၊ မောင့်တောအုပ်မှာ
ငှက်ပြာဝတ်ရည်၊ သောက်ရစ်ရီသတဲ့
နှင်းဆီဖြူလွဲ့၊ ပျံ့သင်းဖွဲ့သတဲ့
ဝါသွဲ့ရွက်ကြွေ၊ လိပ်ပြာပွေသတဲ့
မြစ်ရေချောင်းစ၊ တေးညင်းမြသတဲ့
မိန်းမလှသူယောင်၊ မျက်တောင်ခတ်သတဲ့
ကျမ်းတတ်ဇော်ဂျီ၊ ဖိုဝင်မှီသတဲ့
ကြံ့စည်သမျှ ဖြစ်မြောက်လှသတဲ့
နှမ မသိရှိမည်လား။ ။

*ရှုမဝ၊ ၁၉၇၃၊ ဖေဖော်ဝါရီ*

* * *

နိုးပြေသောခါ
ဖြူလွှာပွင့်လှစ်၊ ဘဝသစ်ရှာ
အခါများစွာ၊ သေဆုံးပါလည်း
မြေမှာမပစ်၊ မွေးဖွားသစ်ခဲ့
ချစ်သက်ပါလှည့်၊ ကြင်နာလှည့်ကွယ်
မောင့်ရဲ့သစ္စာ၊ မြင်ခဲ့ပါပြီ။ ။

*ရှမဝ၊ ၁၉၇၂၊ ဒီဇင်ဘာ*

* * *

## သိမြင်ခြင်း

မောလိုက်တာကွယ်
တစ်နာရီလောက်၊ ဆင်းရဲပျောက်ရာ
ဘယ်မှာဖြစ်ဖြစ်၊ အချစ်မဲ့ကင်း
နာကျည်းခြင်းလည်း၊ မယဉ်းမမာ
ဒုက်ရာမရ။ မထနိုးတမ်း
အိပ်စမ်းချင်လှ။

အိပ်ပြန်ပါလည်း
မောင်သာလွှမ်းမိုး၊ ဝမ်းနည်းညှိုးငယ်
စိုးရွံ့ပူပင်၊ ရိပ်ညှို့ထင်ခဲ့
အပြစ်မြင်မည်၊ ခွင့်လွှတ်မည်လား
စဉ်းစားနှစ်ခွ၊ စိတ်မချသော
သောကအိပ်မက်၊ ဂယက်မနှောက်
မချောက်ချားချင်။

## ခွန်အားသစ်

အို....ရှင်ဘုရား
လားခဲ့သောခါ၊ သာသနာဟု
ရောင်ဝါသိမ်းခဲ့၊ မိန်းမနွဲ့တို့
ချို့တဲ့နိမ့်ကျ၊ နင်းရက်လှ၏
မျှတ မှန်ကန်သည် မထင်မိ။

အို....ရှင်ဘုရား
လမ်းမှားတိုးနစ်၊ မနေရစ်ချင်
လမ်းသစ်ခုတ်ထွင်၊ အလင်းမြင်တွေ့
ကြင်နာလှည့်ကြည့်၊ လက်ကမ်းဘိလော့
သိမြတ်တရား၊ စားသုံးချင်လှ
ကျွန်မ လိုက်ပါရစေ။

အို....ရှင်ဘုရား
ခြေဖျားခလုတ်၊ လှုပ်လီနုနယ်
သနားဖွယ်ဟု၊ အားငယ်မိက
ကျွန်မ ဝန်ရှိ၊ သိတတ်ပါ၏
တွယ်ငြိသည်မှာ၊ ကျွံနစ်ရာမှ
လာလှည့်ခေါ်က၊ စွန့်စားရအံ့
လုံ့လရည်မွန်
ခွန်အားအသစ် ဖြစ်ရမည်ပင်။ ။

*ရှုမဝ၊ ၁၉၇၃၊ မေ*

* * *

မောင် မထင်မှတ်ပါဘဲ
ပွင့်ဖတ်ငွေလွှာနှင့်
သစ်ခွပြာရဲရင့်
ဘယ်နတ်မောင် ဆောင်ပင့်လို့
သစ်ငုတ်တို ခိုတွယ်ပွင့်ပါလိမ့်
မောင့်ဉယျာဉ် သရေတင့်ပါဘိ
နမ်းဆင့်ပိုကဲ။ ။

*ရှုမဝ၊ ၁၉၇၃၊ ဒီဇင်ဘာ*

* * *

## ပွင့်သစ်

မောင့်ဉယျာဉ် ခြံတောင်ပို့ တွေ့မို့ထင့်
နွဲ့နှင်းဆီ ညိုးခွေညို့လေတော့
မီးရှို့လို့ ပြာတိုက်လိုက်သည်။

သစ်စိမ်းချိုး
မီးခိုးတအူအူနဲ့
မျက်ရည်ပူဆူတော့
ငြူစူမိသည်။

ရေစင်ဖျန်းလိုက်မှ
ပြာနမ်းနက်မှောင်တဲ့
မြေညက်ညီညီ
မြေဆီနှစ်ရှာဆဲ။

## စကားသင်ချင်သည်

နံနက် ရောင်နီဝေးသေးစွ
သပိတ်လွယ်နက်ထယ် ငှက်ကလေး
သီချင်းဘယ်သူ သင်ပေးပါသလဲ
လူကလေးရေ ထ...ထ
သူငယ်ချင်းအထွေးရေ ထထ...နဲ့
မရမက နှိုးတတ်သည်။

ကြည်လင်မြ
ဝကွက်...ဂယက်ပလုံစီနဲ့
ပလီတီတာ လို့
ယာပြင် တောင်ညိုအကြား
တောအုပ်လယ် ဖြတ်သွားတဲ့
ချောင်းငယ် မြောင်းငယ်ရဲ့စကား
ငွေရည် ငွေစက် ကစားလေတော့
သံလွင်ချူငယ် အလားပမာရှင့်
ဘယ်ဇော်ဂျီ သူယောင်ကြားပါလိမ့်
နားဝ လွင်စည်။

ပန်းနှင့်လိပ်ပြာ
အများ မကြားသာတဲ့
စကားထာ တစ်ဖြာလှလိမ့်မယ်
မြပြာတိမ်လိပ်တို့
တရိပ်ရိပ် လွင့်ပါးညိုးညံ့
ကောင်းကင်တေးသံပေါ့
ကြယ်ခြံရံ အခွံလခြမ်း
စိန်ပြောင်းသွယ် နဂါး ငွေ့တန်းမှာလည်း
ဆန်းပြားပဠင်ရှိပေလိမ့်
ထင်စားမိ တလည်လည်
လွန်မိသည် ချစ်ကြွေး။

နမပြုံးသော်လည်း
မျက်ခုံးမျက်တောင်ကော့
ညွှတ်ကျော့တုန်ရီလို့
မျက်လွှာသီသီပင့်
နှုတ်ခမ်းက မပွင့်တပွင့်နဲ့
စိတ်ထင့်ရုံ လက်တစ်ကမ်းမှာမို့
ရင်ခုန်သံ ကာရန်ဖမ်းနိုင်ဘု
အလှမ်းမမီရက်ပြီလား
ခူးခဲ့သည့် ကံ့ကော်ငွေရွက်
နမ ကေသီ ညိုညက်မှာ
ပန်ဆင်ရန် ပန်တော်ဆက်ချင်ခဲ့လို့တောင်မှ
တစ်ခွန်း ကဗျာမဖက်နိုင်ဘု
အလှစကား သင်ယူတက်ချင်လှ
ပြောခက်ပြီလေး။ ။

*ရှမဝ၊ ၁၉၇၄၊ ဇန်နဝါရီ*
*ဆေး-၂။ ၁၉၇၃-၁၉၇၄*

* * *

ဝန်ချပျောက်ကွယ် ကြောက်ဖွယ်မရှိပြီဆိုလျှင်
ချစ်ကြင်လွမ်းမော မိတ်ဆွေပေါ်စွ
ငှက်တေးသံ စီညံပြောသည့်
မြတောမြိုင်ငယ်ရပ်သို့
ပြန်တတ်ချင်လှပါသည်။

*(ဒီ နေ့ရေးတဲ့ ကဗျာကို အဆုံးမသတ်ချင်ဘူး။ အဆုံးသတ်လို့လဲ မရဘူး။ ဒါကြောင့်*
*လေးချိုး မဟုတ်။ ပထမ အချိုးကိုပဲ ရေးပေးလိုက်တယ်)*
*၂-၄-၁၉၈၈*
*ပေဖူးလွှာ၊ ၁၉၈၈၊ ဇွန်*

* * *

**တစ်ပိုင်းတစ်စ အဆုံးသတ်မရသည့်ကဗျာ**

အခါ တစ်ပါးမှာ
ဗျာများတယ် သည်ဘဝ
တိုင်းပြည်ရေးမှ အစ
ဝမ်းရေး၊ ချစ်ရေးပါ မလှတလှမို့
ပုထုဇဉ် ခင် ကျွန်မ
မဆင်ခြင်နိုင်စွ
ဘဝင် ယခင် မခိုင်လှခဲ့
မိုက်မဲ ပြစ်မှားမိခဲ့သမျှနှင့်
အလုံးစုံ ရန်ဘယတို့

## လန်ဒန်အခါတစ်ပါး

(ချစ်ဆွေဂျွန်သို့)

သတိမှောက်မိခဲ့
ကွယ်ပျောက်နမြော
တစ်ယောက်သောချစ်သူကို
ညှို့မြွေးမြူမှောင်ရိပ်
စွန့်ပစ်ခဲ့သည့်အတိတ်မှာ
ရင်တဒိတ်ဒိတ်ခုန်ဆဲ
လွမ်းဆဲ...မေ့ပျော်ခဲလှ
စွဲမက်စဉ် ငယ်ခလေ့
ဝေးသူကို ထွေးယူပွေ့ချင်ငဲ့
ပြန် တွေ့ချင်တတ်သေးသည်။

သူဘယ်မှာလဲ(လည်း)
သူတွယ်တာဆဲလား
စိတ်မဖြေနိုင်ပါဘဲ
ရှာဖွေဝံ့ ရဲခဲ့
မြသဲဖြူ ပင်လယ်စခန်းမှာ
သူစောင့်စား မျှော်မှန်းသည်လား
စိမ်းလန်းနွေဦးဆီမှာ
သူတိမ်းမှန်း ဝေမူးပြီလား
စိတ်ကူးပန်းချီ မြို့င်တောမှာ
လွမ်းတေးသီ သည်ဥသြသို့
ကိုယ်တည်း ပူပင်ပြောဆိုခက်ခဲ့
အိပ်မက်မောကြည်။

ရှည်ကြာစွ
အလှ အဖန်ဖန်ဖွေရှာ၍
ဘဝ အဖြေမှန် တစ်ခါတွေ့ပြီထင့်
တစ်ကွေ့ တစ်စခန်းသဖွယ်
မြို့ကြီး နီယွန်ခြယ်ခဲ့
သိုးဆောင်းနွယ်ရပ်ခြား
လန်ဒန် အခါတစ်ပါးမှာ
ထူးခြားဆန်းကြယ်ပါဘိ
ကံကြမ္မာ ဖန်လာပြီပြန်တော့
ဘယ်သူအထင်အမှတ် မရှိပါဘဲ
အတူယှဉ်ရပ်မိ ပန်းခြံအလည်(လယ်)
နင်းဆီဝါ တစ်ရာမွှေး။

ယုံနိုင်ခက်နေဆဲ
ယူလက်တွဲပါလို့
ဝမ်းသာဝမ်းနည်း

ပူမျက်ရည်ဝဲပေမယ့်
သူမှတ်မိရဲ့တာပဲ
ခွဲခွာခဲ့သော
နှစ်များစွာမောလည်း
စကားနာ ဘာမပြောလို့ဘု
နှစ်မျောဆုံးရှုံး
ဘဝတစ်ဝက်သုဉ်းခဲ့
ရှုန်းကန်အားသွန်
ဘဝအသစ်ဖန်ဦးစို့
အိမ်ပြန်မယ် ဖွယ်ရာနှုတ်ခမ်းနဲ့
သူကြင်နာ ညင်သာနမ်းပြန်ငဲ့
ရှုက်ရမ်းထူပူ မနွေးသာဘု
နွမ်းသူကို ဖမ်းယူသွေးလေတော့
ဆည်းဆာသာယာအေးပြီထင့်
ဖုန်းသက်တိုင် သူက ထွေးမယ်တဲ့
ရှုန်းခက်နိုင်ရေး။ ။

*ပေဖူးလွှာ၊ ၁၉၈၈၊ ဒီဇင်ဘာ*

* * *

**ငါလူသား(၁)**

(၁)
လူ့ဘဝဆိုသည်
တိုတောင်းသည်လား
ရှည်လျားသည်လား
များပြားစက္ကန့်၊ ဆွဲဆန့်နိုင်၍
အတွေ့အကြုံ၊ ထောင်သောင်းစုံလျှင်
ယုံကြည်နှစ်သက်၊ စွန့်စားမက်လျှင်
ခက်ခဲတစ်ကွေ့၊ တွေ့ဆိုင်ရက်လျှင်
အသက်တစ်ရာ၊ မနေသာလည်း
တစ်ရာ နှစ်ရာ၊ ရှည်ကြာဟန်ပင်။

(၂)
အပြင်ပဋ္ဌ
ငှက်မြတေးသွန်၊ ဖိတ်အန်နေရည်
လျောဖြည်ပွင့်မွှေး၊ စံပယ်သွေးဆောင်
သေးကွေးပုရစ်၊ ပွားဖြစ်မြည်ညံ
ဖန်တီးမြေမှာ၊ သတ္တဝါစုံ
တွယ်တာမျိုးဆက်၊ အသက်ထပ်ဖြစ်
ဘဝချစ်ကြ၊ မိနစ်စက္ကန့်
အချိန်ကွန့်မြူး၊ ထူးခြားခဏ
ထိုတဒင်္ဂမှာ၊ အလှမြင်တွေ့
မေ့မောသက်ဝင်၊ ယုံကြည်ချင်ခဲ့
အကြင်တစ်နာရီ၊ ရပ်တည်ရှည်လျား
မရွေ့လျားပြီ၊ တစ်နာရီသည်
နာရီများစွာ၊ တစ်ရာ နှစ်ရာ
ထင်ရပါ၏။

(၃)
ကိုယ်စိတ်ဒဂ်ရာ
ရုံခါမောပန်း၊ ညှိုးနွမ်းနာကျင်
ပူပင်မျက်ရေ(ရည်)၊ သွန်းလျှံဝေလည်း
မတွေဝေအား၊ မကြောက်မှားနိုင်
ခြေခိုင်တင်၍၊ ရင်ဆိုင်တွေ့သေး
အဝေးမနေး၊ ထွက်မပြေးဘူး
ထွေးပွေ့ဖေးမ၊ မယုယကြလည်း
ထိုးထအားသစ်၊ လော့်တွင်းနစ်က
ညစ်ညူးကြာပြီ၊ တစ်နာရီသည်
ရပ်တည်ရှည်လျား၊ မရွေ့လျားပြီ
စွန့်စားယခု
အမှုတစ်ရာ၊ တစ်ရာ နှစ်ရာ
တွေ့ကြုံလာ၏။

(၄)
လူ့ဘဝဆိုသည်
တိုသည်ရှည်သည်၊ မပီပြင်ဘူး
သင်ယူကြားတတ်၊ မရပ်နားဘူး
တရားဝင်ပြီ၊ စဉ်းစားသိမြင်
ကိုယ်၏ကြမ္မာ၊ (ရုံဖန်ရုံခါ)
ကိုယ်သာဖန်တီး
(ရုံဖန်ရုံခါ)၊ ကြမ္မာပစ်လျော
နှစ်မျောလူးလိမ့်၊ လှိုင်းကြမ်းလိမ့်တတ်
နှစ်သိမ့်မှန်သော ဒဿန။ ။

*ပေဖူးလွှာ၊ ၁၉၈၉၊ ဖေဖော်*

* * *

## ငါလူသား(၂)

(၁)

လူသာမန်ပင်
အိမ်ဝင်ပွားစီး၊ သားသမီးနှင့်
မြေကြီးကောက်နံ့၊ စိုက်ပျိုးသန်မှ
ရက်ဖန်ဝတ်ထည်၊ ကတ္တီပန်းရွှ
ခြယ်သဆင်တတ်၊ သွပ်ချပ်အုတ်သစ်
ဖန်မှန်ဖြစ်ခဲ့၊ မြို့သစ်ဆောက်ဦး(ဦ)
ပူးပေါင်းနေပျော်၊ မိုးကျူးကျော်သော
မိတ်ဖော်မြဲသော၊ စကားပြောတတ်သော
အဲ့ဖွယ် လူသတ္တဝါ။

(၂)

ငါလူတစ်ယောက်၊ ငါအောင်မြောက်ခဲ့
ဖြိုးမောက်တက်ကြွ၊ စိတ်မာန်ထတတ်
အလှမြင်တွေ့၊ ဘဝင်မွေ့တတ်
တိမ်ကွေ့တောင်စောက်
ခြေထောက်တက်တတ်
နှစ်သက်ကြင်နာ၊ စာနာသနားတတ်
အမှားအမှန်၊ သိမြင်ဝေဖန်တတ်
ကျန်ရစ်ခဲ့သော၊ သတ္တလောက
တောတိရစ္ဆာန်၊ မတော်လှန်နိုင်။

(၃)

လူရင့်မာဟု
ဘဝတာဝန်မှန်၊ ယုံကြည်ပြန်၍
ချန်ရစ်ချင်သော၊ တွေးတောချက်များ
စကားကဗျာ၊ စာပေတို့ရှည်
ပန်းချီရုပ်ထု၊ ပန်းရံနုသစ်
ချစ်မက်ဂီတ၊ လှပတေးလွှာ
သင်္ချာဆန်းပြား၊ စက်သွားတီထွင်
မိုးခွင်လွန်မြောက်၊ လဝန်းရောက်ခဲ့
နောက်ထပ်လွန်းပျံ၊ စကြာဝဠာကျွံခဲ့။

(၄)

သည်ကမ္ဘာမြေ
ရေပတ်ဝန်းကျင်၊ အသက်စတင်၍
သစ်ပင်သတ္တဝါ၊ နှစ်များစွာပြီး
ရောက်လာလူသား၊ သူခမ်းနားစွ
ခြားနားနေထိုင်၊ ပြိုင်ဆိုင်တိုးတက်
အသက်စက်ဝန်း၊ ဆက်လက်ထွန်းခဲ့
ရွှန်းပဝင်းတောက်၊ လူ့ဦးနှောက်ဟု
ပြောင်မြောက်ခဲ့လေ ကမ္ဘာ့သမိုင်း။ ။

*ပေဖူးလွှာ၊ ၁၉၈၉၊ မေ*

* * *

## ငှက်နှင့်လူ

၁၊
အို- ငှက်ကလေး
ပန်းရည် စုပ်ယူ မွှေးတယ်လား
ဝတ်ဆံ ကိုက်ငုံ ကြွေးတယ်လား
ပျံပြေး ကူးသန်း
ညွန့်ဆန်း ဖူးပုရစ်ခွေ
ဖြန့်ကြဲ သစ်ရွက်ပွေအကြား
ဖော်ဆွေ လည်ယှက်
ချစ်ကြင် ဖက်ခဲ့
ဖောက်ယက်ကောက်သေးမျှင်
အသိုက်လုံခြုံ ဆင်ပြင်ခဲ့
မိုး မဝင်ခင် နွေနုမှာ
ငွေဥ ညိုပြာ တစ်ပွေ့နှစ်ပွေ့ကို
လူမလေ့ နို့ချို ပြင်သလို
ငှက်မိခင် အပူငွေ့ ပေးမယ်ပ
ငှက်ဖခင် ကူပွေ့ ထွေးမယ်
ဖြူမွေ့ နွေးသည် တောင်ပံကြားမှာ
သားဖောက်ဖို့ ပြင်ခဲ့ပြီ။

၂၊
ကုဋေ ကုဋာ
နှစ်များစွာ ရှည်ကြာဖြတ်သန်း
သည်ကမ္ဘာ မြေစခန်းသည်
ထွေဆန်း ပတ်ဝန်းကျင်
ဘုရား ဖန်ဆင်းသည်ပင် ထင်ကြ
ဆင်မြင်း ကျားသစ် တိရစ္ဆာန်
သက်ဝင် လှုပ်ရှား ပွားများဟန်နှင့်

ပန်းမန် သစ်ပင် ဩကာသနှင့်
သက်ရှိ သတ္တလောကတို့
နောက်ဆုံး ပျက်ပြုန်း သင်္ခါရဟု
သုံးပါးသော လောက
ဖြစ်က ပျက်မြဲ မှန်ပါလည်း
အစဉ်အမြဲ ကတော့ဝဲ လိုပ
အိုဆဲ နာဆဲ သေပျောက်ဆဲမှာ
အသစ် တစ်ဖန်ဖန်
ဖြစ်ပြန်ရဲသည့်
မရပ်စဲသော အသက်စက်ဝန်း
သံသရာမှာ လည်သည့် စခန်းမှာ
ချစ်ကျွမ်း မဖို
မြချို အိမ်ရာ ဖက်နွေး
အလှ-အို- စိန်ပြာ ငှက်ကလေးတို့
သားမြေး အစဉ် ရှည်ကြာ ဆက်ချင်လို့
အသိုက်ရက် ဖောက်ချည်။

၃၊
(ကျွန်မ တရားမမဲ့ပါဘု
ခြားနားခဲ့ပြီ မထင်လွန်နှင့်
အမှားအမှန် ဆိုသည်မှာ
ထိုတစ်ခေတ်တစ်ခါ ယုံကြည်ချက်သာပဲ)
တောနက် ကျောက်တောင် မြစ်ချောင်း
ငွေတံခွန် ဖန်ရည်လောင်းပြန်တော့
ကောင်းကင် တိမ်မြမိုးဆီက
ဖြိုးသွန်း စီးတွေတွေ
ဓာတ်ငွေ့မျိုးစုံ ပွေ့ထွေးသဖြင့်
မြေပြင် အသက်ပေးပေသော
နေခြည် နွေးသည့်ပင်လယ်ရေပဲ
သက်တန့် ရွှေ ပြာမြေ နှောသည့်
ယာတော ကောက်ပင်ကြားမှာ
မြေ၏ သမီးသား
ပိုးမွှား မရေတွက်နိုင်
သားငါး ဖားမြွေ ထွေထွေလှိုင်ခဲ့
သတ္တဝါဟု အခြေခိုင်ခဲ့
ဘဝ အဆင့်ချင်း ပြိုင်လျှင်မူ
နိုင်သည့်သူ ငါလူသားပါပဲ
ထောက်မြင့်ခြေဖျား
ဦးနှောက်အင်အားနှင့်
စကား ကဗျာ စာပေ ထွင်လို့
ကား, ရထား, ရေယာဉ်, လေယာဉ်နှင့်
အဆောက်အဦ တိမ်ခွင်ဝင်လို့
လဝန်းကိုပင် ခြေတင်ခဲ့
မြေသခင် လူစင်စစ် ဖြစ်ခဲ့သည်
မည်သူ တော်လှန်နိုင်မလဲ(လည်း)။

၄၊
ငှက်ကလေးပေမို့
အရွယ် နုနယ် သေးကွေးသော်လည်း
ခင်မင်ဖွယ် ညီငယ်ထွေးပါလား
ယဉ်ကျေးသည် လူသား
မြတ်ဗုဒ္ဓ မှန်တရားပင်
သနား ကြင်နာခြင်းနှင့်
မေတ္တာ စင်ကြယ်စွာ ချဉ်းမည်
(ညှံ့ဖျင်း ကြမ်းတမ်း ရမ်းကား
လူ့လက်နက် သေနတ် ယား၍
ကစား အပျော် ပစ်သတ်အားလျှင်
မိုက်မှား မဆင်ခြင် ကျင့်သည်မို့
တရားခွင်တွင်ပင် စီရင်သင့်သည်ထင့်)
ရင့်မာ ဉက ဖောက်သည်

တောင်နရောက် ငှက်ကလေးငယ်
သနား နှစ်လို့စဖွယ်ကို
ငှက်မောင်နံ့ တာဝန်ဖလှယ်လို့
နှုတ်သီး ကိုက်သယ်
အစာကြွယ် ခွံ့ပေလိမ့်
ဘဝ တွယ်တာ ယုံကြည်ဝံ့ပါပေ့
စွန့်စား တိုးတက် အမြဲအစဉ်
ငှက်ငယ် အသက်စက်ဝန်း လည်ဝင်ခဲ့ပြီ
သည်မြေခွင် ကမ္ဘာ့သမိုင်းမှာ
မြေရိုင်းနှင့် သစ်ကိုင်းစွန့်ပစ်
အတောင် အောင်မြင် ရောက်သစ်လို့
ရစ်ဝဲ တိမ်စွန် ကူးလူး
မိုးလင်းကြယ်-ပွင့်သွယ်ဖူးတို့ကို
ကိုက်ချီ သယ်ယူ ရူးခဲ့ကြ
နှစ်အသချေ တစ်ခါထူးစဉ်က
ငှက်က လူထက်ဦးခဲ့
ဝေဟင်တွင် ပျံမြူးခဲ့
လူကို ကျော်ကြူးခဲ့သည်မှာတော့
ဦး ညွှတ်ဖွယ်ပဲ။ ။

* * *

**အသိုက်ဖျင်း**

ပြတင်းဇာသ၊ မိုးလင်းလှပ
နိုးထမျက်စင်၊ ကြည်ရွှင်မြင်တွေ့
လေမွှေ့လွင့်လျော၊ ရွှေရည်မျောသွန်
ရောနှောပြုံးပြက်၊ နေပွင့်ယှက်သန်း
သစ်ရွက်ဖူးပန်း၊ ပေါ်နွေဆန်းခဲ့
မြယွန်းခရမ်းလှစ်၊ ပွင့်ဦးသစ်လည်း
ပုရစ်တချို့၊ စိမ်းနီပြို့ဆဲ
ပြာညို့မင်ပြောက်၊ ဥမှပေါက်မည်
သက်ရောက်ငှက်ငယ်၊ ဘဝတွယ်ငြိ
နွယ်ခွေကောက်ရိုး၊ သိုက်တွင်းတိုးဝှေ့
တစ်ပွေ့နှစ်ပွေ့၊ ကိုယ်ငွေ့ပူနွေး
ထွေးမွေးသားနု၊ သုံးလေးဥမှ
ပုလုကွေးလေး၊ ငှက်ကလေးဖြစ်ခဲ့
ချစ်နှုတ်တီတာ၊ ဖွင့်ခဲ့အာကြ
ပျံလာဖန်ခါခါ၊ မိဖလာလျှင်
အစာလုယက် တောင်းကြသည်။

ဘဝမွေ့၍
အမေ့သမီး၊ တွယ်တာကြီးစွ
ကြီးလတ်ငယ်ထွေး၊ ဝေးခဲ့ပြန်ပြီ
လွမ်းမျက်သီဝေ၊ စိတ်လေလွင့်ထွေ
နွေဦးရက်၌
ငှက်တေးချိုသာ၊ သိုးဆောင်းရွာ၌
ဝေးကွာခြားလွန်၊ ကူးပြောင်းဖန်သစ်
ဝဲရစ်လွန့်လွန့်၊ လိပ်ပြာကွန့်သော
ပန်းညွှန့်ရာထောင်၊ မွှေးမြဆောင်အိမ်
ကြောင်ငယ်ဖော်ပြု၊ ပျော်ဟန်ယုယလည်း

သမုဒယ၊ ကိုယ်ထီးတသ
ဥမှပေါက်ထွက်၊ တောင်ရောက်ငှက်တို့
ပြာဖက်မိုးစွန်၊ နွေသစ်ဖန်က
ပျံလွန်လျင်းသို့
သားချင်းသမီးချင်း၊ ကြီးပြင်းခွဲခွာ
ပြန်မလာပြီ
အစာလုယက်၊ နှုတ်သီးယှက်တင်
ပိုက်ဖက်ရင်ငွေ့၊ မမွေ့တော့ပြီ
ကြော့သီညံ့စာ၊ နှုတ်မအာပြီ
ဟာလာဟင်းလင်း အသိုက်ဖျင်းခဲ့ပြီ။ ။

၂၈-၄-၉၁
*ရှုမဝ၊ ၁၉၉၁၊ ဒီဇင်ဘာ*

* * *

## အိပ်မက်မောသူ

ကြင်သူဝေး၍
တွေးတောနှမ်းလျ၊ ခွဲခွဲ့ရသည်
ပန်းမြနန္ဒာ၊ တစ်စောင်စာမျှ
မလာရောက်ခက်၊ မေ့လျော့ရက်၏
ဝေသက်ပျောင်းညွတ်၊ စွဲလမ်းတတ်သော
ဆွတ်ပျံ့ရွက်သိပ်၊ အင်းလျားရိပ်မှ
စိတ်စောရသူ၊ တစ်ယောက်သူ
ကူလာပါဘိ၊ ကြည့်လှည့်ပါဦး
ကြည်နူးမူးယစ်၊ အချစ်သစ်နှင့်
မြစ်ပင်လယ်ပြာ၊ ချောင်းသစ်ရှာ၍
အိမ်ရာအသစ်၊ ပြောင်းဖြစ်သည်လား
ကျီစားပြက်ရယ်၊ ပြောလွယ်ပြီထင့်
မွှေးရီငုံလွှာ၊ နှင်းဆီရာထောင်
စိမ်းပြာလိမ္မော်၊ ရွှေရော်ညိုညက်
ချောကလက်ပွင့်၊ သက်ပွင့်မူးဝေ
ပွင့်ဖူးတွေကြား
လေလွင့်သေဆုံး၊ ဆုံးရှုံးခဲ့သော
ခွေနွဲ့ပျော့ပျောင်း၊ နမအလောင်းကို
လက်မောင်းကြားမှာ၊ ထွေးပွေ့လှာရ
မသာအိပ်မက် မက်တတ်သေးသည်။ ။

* * *

ကြာနုတ်မွှေးထုံ၊ နှုတ်ခမ်းငုံနှင့်
လမ်းကြုံတစ်လှည့်၊ နမ်းဖြေဘိကွယ်
သတိပျက်ထွေ၊ လျော့ချွေညှိုးပန်း
အိပ်ခန်းကိုတည်း၊ တသည်သည်းသံ
သန်းယံအိပ်မက်၊ မမက်ဘူးလား
မဖြားယောင်းရက်၊ လွမ်းရခက်ခဲ
ရော်ပျက်နွမ်းချွေ၊ လေသက်မြေခ
ကြွေရွက်အတူ လူးတော့သည်။ ။

* * *

**တမ်းတစိတ်**

စိတ်နွမ်းပါး၍
စကားဟဟာ၊ မဆိုရဘူး
ဂီတကဗျာ၊ နားမသာဘူး
ပေစာဖတ်မွှေ့၊ မပျော်မွှေ့ဘူး
တွေ့ချင်နေဆဲ၊ မျှော်လင့်ရဲဘူး
ခွဲခွာလွင့်ပါး၊ ထွက်ခွာသွားရက်
ဆောင်းပါးစာချွေ၊ ပို့လေမလား
စကားဖြောင့်စင်း၊ သနားခြင်းနဲ့
ပြင်းပြအနာ၊ စိတ်ဒဏ်ရာကို

## ဆည်းဆာစကား

ကိုယ်ထီးငါလျှင်
ပြာဖန့်တစ်ဝက်၊ ပန်းဆီယှက်စပ်
လှိုင်းခက်တိမ်နွယ်၊ ခရမ်းခြယ်ခဲ့
ပြန့်ကျယ်ကောင်းကင်၊ အလှဆင်ဆဲ
ဘဝင်နှစ်သိမ့်၊ ငြိမ့်ငြိမ့်ယုယ
ဆည်းဆာလှမှာ
ခဏလိုလို ထိုင်ခဲ့၏။

ဟိုဝေးဝေးမှာ
ရေးရေးမှုန်သီ၊ သစ်တောစည်ပင်
နေနီစက်ဝန်း၊ ခက်စွန်းရွက်စိပ်
သစ်ကိုင်းထိပ်မှ
ရိပ်ရိပ်မြန်စွ၊ လျောဆင်းခဲ့၏။

ပတ်ဝန်းကျင်၌
နွယ်ပင်ချုံအုပ်၊ လှုပ်ရှားရုတ်ခြည်း
ကိုင်လှုပ်ဆော့ကြည်၊ နေလင်းခြည်မှာ
ရွှေရည်စုံသောက်၊ ရွှေစင်ပြောက်ဆဲ။

လှပဆည်းဆာ
လှိုင်းပြာဝါရွှေ၊ ငေးတွေစိတ်မော
မောလျခဲ့မှ
အလှ၏ကွန်၊ တဏှာညွှန်၌
လွှန်ခဲ့မိသော၊ သံသာတော၌
နစ်မျောလွှင့်ပါး
စကားကိုယ်ထီး၊ ဆိုညည်းခဲ့သည်။

တပ်မက်ရသော
ဘဝစကား၊ တရားမဲ့ကြောင်
နှောင်ဖွဲ့ကြင်သူ၊ ချစ်ဦးသူသာ
ကြည်ဖြူဖွင့်လှစ်၊ ပြောထွက်ဖြစ်ခဲ့
ချစ်သူအပ၊ တစ်လောကလုံးကို
ရှက်စပြုံးနှင့်၊ ငါဖုံးကွယ်သည်
ဘယ်သူအပြစ် တင်မည်လဲ။ ။

* * *

## မေ့မည်ထင်သည်

မောင့်လွမ်းဘက်သို့
နံနက်စောသီ၊ နှင်းရီညိုမှုန်
သစ်ဆုံနုသစ်၊ ပုရစ်ငုံလဲ့
ရွက်နွဲ့ကြားမှ
စကားတွတ်တီ၊ ငှက်တေးသီလျှင်
ပီပြင်လှသော၊ မအုံ့သြနှင့်
မောင့်တောအုပ်က လွတ်လိုက်သည်။

လှဝင့်ဝါရွက်
နန္ဒာနမ၊ ကိုယ်တည်းညဦး
ပပဌေရည်၊ မြခြည်လက်ရွှန်း
ပက်သွန်းယိုကျ၊ ပြတင်းဝ၌
နှင်းထပက်ဖျန်း၊ မြူခိုးသန်းက
ချမ်းမြလွန်းသည်၊ လွမ်းခက်မည်လို့
ညွှန်ချည်ခန်းဆီး
ဇာမြီးပြာခက်၊ မကာရက်နှင့်
ပင့်သက်ငွေ့လွင့်၊ မောင်လွှင့်သည်ပင်။

နေရှိန်ဝင်းဝင်း၊ နေ့ကြည်လင်းမူ
ဖန်ဆင်းလိုက်သော၊ နှင်းဆီတော၌
မက်မောရိပ်သာ
မောင်လာချင်လဲ(လည်း)၊ လာခက်ခဲ၏
လက်တွဲသိမ်းပွေ့၊ ကြင်မွေ့ခေါ်ငင်
မက်မောခင်မည်၊ မထင် ဝံ့စား
စကားမသွက်၊ ဖွင့်ဟခက်ခဲ
မြေအက်ကြားမှ၊ မြက်ပွင့်မျှသာ
နမတစ်နေ့ မေ့ရစ်မည်။ ။

* * *

## နှုတ်ဆက်သွားသူ

`သွားစို့ကွယ်´လို့
ငယ်ချစ်အလှ၊ ပြုံးရက်မြနဲ့
နှုတ်ရွပန်းလျှ၊ သက်ပြင်းချနဲ့
စတင်ခေါ်မှ၊ သတိရတတ်
နှမနင့်ဝေး၊ ပြန်ပြောင်းတွေးမိ
နထွေးပွင့်ငုံ၊ နှုတ်ခမ်းစုံကို
ကြုံလျက်မနမ်း မွှေးမိသည်။

`သွားတော့မယ်´လို့
ပြုံးလှယ်မြဲကို၊ မျက်ရည်စိုစွတ်
ရင်ဖိုမောလှိုက်၊ နှုတ်ခမ်းကိုက်ပြတ်
မိုက်မဲလွမ်းခက်၊ ဟန်မပျက်ပင်
နှုတ်ဆက်ထွက်သွား၊ မောင့်ကိုထားခဲ့
မေ့မှားမတား ဖြစ်မိသည်။

သွားတော့ပြီလား
ဘယ်ဆီမှာလဲ(လည်း)၊ မဝေခွဲတတ်
သဲသွန်ရေပေါက်၊ ရှာခဲ့ပျောက်ခဲ့
မှုးနောက်ရမ္မက်၊ ပူပြင်းခက်လို့
နင်းရွက်ညှံ့အိ၊ အလှကြည့်ဆဲ
မြေညှိနှံ့သက်၊ သဇင်ခက်နွမ်း
သူ့လက်ကြွေလင့်၊ မဆုံးသင့်ဘဲ
ကြာလင့်တွေးဆ၊ မောင်နောက်ကျခဲ့
နမအလျှင်လိုတော့သည်။ ။

* * *

## ရာသီပြောင်း

တစ်ခါတစ်ရံ
လေသံမိုးပေါက်
လက်နှင့်တောက်ဟန်
ရက်ဖောက်ကဲဝင်
မြေ့ဩဝင်က
ကြင်သူလာဘိ
ခေါ်လှည့်နှင့်ကြုံ
ချမ်းလုံတိုးဝင်
နွေးခုန်ရင်ကြား
ပဋ္ဌင်တောင်ပံ
မိုးဆိုသံနှင့်
တေးကျန်ရောနှော
ဆိုရသည်။

ရံတစ်ခါတော့
လေသာခေါ်ချွန်
တိမ်တိုက်ပြန်ငွေ့
ထပ်ဖန်ရက်ဖောက်
လက်နှင့်ထောက်ဟန်
နှင်းပေါက်ကြဲစင်
မြေ့ဩဝင်လည်း
ကြင်သူမှုန်က
မရွှင်ပြတတ်
ရွဲကျဉစင်
ဆောင်းငိုချင်နှင့်
ပါးပြင်ရောနှော
ငိုရသည်။ ။

* * *

## ယုံမှားသူ သံသရာ

နင်းတွဲလေးအိ
ထွေးညီလျောနွယ်၊ တောပရိယာယ်၌
ကြောက်တယ်ညည်းလဲ(လည်း)၊ အားတင်းဆဲကို
ပြန့်ကြဲပန်းရွက်၊ မနမ်းရက်ဘူး
ကျေးငှက်တေးခွံ့၊ မငုံ့ဝံ့ဘူး
ခြေရှုံ့မှန်းဆ၊ ဆည်းပြာမြ၌
ရေစမြက်ပင်၊ လမ်းဖောက်ထွင်ဆဲ
သစ်ပင်တီးတိုး၊ ဒိတ်ဒိတ်တိုးခုန်
မိုးတိမ်ကွက်ကြား၊ သစ်ရွက်ပါးလျ
ရှစ်လွှားရွက်ဆင်၊ မောပန်းမြင်ရ
ပွဲ့တင်ရိုက်အက်၊ ကြားတစ်ချက်နှင့်
ဖိုသက်လှိုက်အင်၊ မျက်ရည်စင်နှင့်
ကြင်သူလာလှည့်၊ ခေါ်ဘိသဖွယ်
စောင့်တယ်သူ့ကို၊ ပြောလိုဘိဟန်
မြိုင်စွန်ဝံ့ခန်း၊ ကျောက်ငြိစွန်းမှ
မှန်းရပ်မျှော်တွေး၊ သူနေသေးလား
စကားလုံးသီ၊ ပြုံးကြည်သည်လား
ဖြားယောင်းသွေးခေါ်၊ ချော်မှော်ဝေ့တွယ်
တောစံပယ်နံ့၊ မူးယစ်ပျံ့လွင့်
အဲ့သြလှည့်ဖျား၊ နတ်ဖမ်းစားထင့်
မှားကျွံမည်စိုး၊ တုံ့ချေတိုးချေ
လျော့ညှိုးဝမ်းနည်း၊ မဖြေရဲဘူး
ထိုင်လှဲမောထွေ ဝေမိတယ်။ ။

* * *

## တရေးနိုးသူ

မောသက်သက်ပင်
ညဥ့်နက်လွှာတွန့်၊ ညဥ့်ဦးဖြန့်စ
ကိုက်ညွန့်ပန်းငုံ၊ ရွက်ပွေ့လုံ၍
ငှက်မြုံသိုက်ညံ၊ တစ်ဖန်လန့်ထိတ်
ရုတ်ခြည်းဆိတ်စဉ်၊ စိတ်ကျဉ်းကျပ်နှင့်
ခန့်မသင့်မြဲ၊ ချင့်တွက်မရ
ဘယ်မှာခသော၊ လှပရက်ဟန်
ရေးခြယ်ဖန်လည်း၊ သဏ္ဍာန်မပီ
ရုပ်မပီနှင့်၊ မကြည်ညစ်ပျက်
ဟိုသည်ကွက်စွန်း၊အိပ်မက်တစ်နွယ်
ကမ်းဆွတ်တွယ်ပြီး၊ နိုးလွယ်မည်ထိတ်
ချော့ဖျားသိပ်ခဲ့၊ မေးမိုတ်တွယ်ခ
ရှိရသေးသည်။

တွေးမေးမက်ခဲ့
ရက်ကန်းချည်မျှင်၊ လက်မဝင်ချင်
အဆင်ရောရာ၊ ညှံ့သွေးချာလို့
မြည္ဟာစိမ်းရီ၊ နီပြေပန်းယှက်
ခရမ်းခက်သော၊ ချစ်မက်စရာမဟုတ်ပါဘူး။

မျက်လွှာဖန်စပ်
မျက်တောင်ခတ်နှင့်၊ လန့်ဖျပ်အလာ
နာရီသံများ၊ တညံညံပင်
ခုတင်ခုမည်၊ ကြားမိသည်ထင်
နှင်းရည်စက်စက်၊ သစ်ရိုင်းရွက်ကြား
တောနက်ထဲရောက်၊ လမ်းစပျောက်ပြန်
ကျွေ့ကောက်မြစ်ကြောင်း၊ တောင်ကျချောင်း၌
လောင်းလှေထီးတည်း၊ ရေစီးမျောပြန်
နှင်းတောတောင်ဖျား၊ ပတ်ကြားအက်ကွဲ
ရေခဲပြင်ဖြူ၊ ဘယ်သူမရှိ
မသိမြင်ကန်း၊ လမ်းလျှောက်သွားပြန်
ပြင်းဖျားပန်းလို၊ ပူပန်ငိုချင်
ဆိုရွတ်တွေးတော၊ မြင်မောသမျှ
အိပ်မရတိုင်း၊ ဖွင့်ဟချင်လိုက်။

တစ်မိုက်ညမျှ
ယုယမျှတ၊ ဘယ်သူထ၍
ပြောပြချင်းရာ၊ နားထောင်မှာလည်း
ဘာသာညည်းရ၊ ငိုက်မြည်း(မျဉ်း)ယောင်ယမ်း
အိပ်မက်ကြမ်းနှင့်၊ မောပန်းတစ်ဝက်
မလွန့်ရက်ဘဲ၊ မေးစက်ရလျှင်
မနိုးရှင်ပါ
အိပ်ချင်မျက်စိ ပေးလှာဘိ။ ။

---

## တရေးနိုးသူ

မိုးတိမ်ပြယ်ဆဲ
ကြယ်ပြောက်လေးဖင့်၊ လခြမ်းလင့်တုံ
တညဥ့်နက်သန်၊ တလည်ယံ၌
မှန်ပြူတင်းဝ၊ ခြင်ဇာပွယောင်း
အေးရှလေချမ်း၊ ဘယ်မမှန်းလဲ
ပင်ပန်းကြားမြင် ထမိလျှင်သည်။

မြင်ရသေး၏
ကောက်ကွေးစောင်းထောင်၊ စွန်ကြယ်ပြောင်လဲ
တိမ်ခေါင်ခိုနား၊ စက်မြိတ်ကြားမှ
ကစားတွယ်တာ၊ သတ္တဝါလို
မြီးသာပြရက်၊ ခေါင်းကိုယ်ဝှက်ခဲ့
အနန်းရွက်ညိုမြ၊ မိုးတစမှာ
ခဏာမြင်လိုက်၊ မိုးနှင့်ငိုက်သည်
ထိုးစိုက်နစ်ဝင်၊ လတမျှင်ခြမ်း
မရွှင်မြေ့မူ၊ ဝမ်းပြုံစူနှင့်
ရှုတူမှုန်ပြ၊ ထွက်ခဲ့ရလည်း
ဒဂ်ပဟာန်၊ မိုးသောက်ပြန်က
စိတ်မာန်မပြေ၊ ပြေးပုန်းလေမည်
နေခြည်နှင့်မျော တိမ်နှင့်ရောလိမ့်။

မောသက်သက်ပင်
ခြုံနက်လွှာလွန့်၊ ညဥ့်ဦးဖြန့်စ
ကိုက်ညွှန့်ပန်းငုံ၊ ရွက်ပွေ့လုံ၍
ငှက်မြုံသိုက်ညံ၊ တဖန်လန့်ထိတ်
ရုတ်ခြည်းဆိတ်စဉ်
စိတ်ကျဉ်းကျပ်နှင့်
ခန့်မသင့်မြဲ၊ ချင့်တွက်မရ
ဘယ်မှာစသော၊ လှပရက်ဟန်
ရေးခြယ်ဖန်လဲ၊ သဏ္ဍာန်မပီ
ရုပ်မမှီနှင့်၊ မကြည်ညစ်ပျက်
ဟိုသည်ကွက်စွန်း၊အိပ်မက်တနွယ်
ကမ်းဆွတ်တွယ်ပြီး၊ နိုးလွယ်မည်ထိတ်
ချော့ဖြားသိပ်ခဲ့၊ မေ့မိုတ်တွေစ ရှိရသေးသည်။

တွေးမေ့မက်လဲ
ရက်ကန်းချည်မျှင်၊ လက်မဝင်ချင်
အဆင်ရောရော၊ ညှံ့သွေးချာလို့
မြည္ဘာစိမ်းရီ၊ နီပြေပန်းယှက်
ခရမ်းခက်သော၊ ချစ်မက်စရာမဟုတ်ပါဘူး။

မျက်လွှာဖန်စပ်
မျက်တောင်ခတ်နှင့်၊ လန့်ဖျပ်အလာ
နာရီသံများ၊ တညံ့ညံ့ပင်
ခုတင်ခုမြည်၊ ကြားမိသည်ထင်
နှင်းရည်စက်စက်၊ သစ်ရိုင်းရွက်ကြား
တောနက်ထဲရောက်၊ လမ်းစပျောက်ပြန်
ကွေ့ကောက်မြစ်ကြောင်း၊ တောင်ကျချောင်း၌
လှောင်းလှေထီးထီး၊ ရေစီးမျောပြန်
နှင်းတောတောင်ဖျား၊ ပပ်ကြားအက်ကွဲ
ရေခဲပြင်ဖြူ၊ ဘယ်သူမရှိ
မသိမြင်ကန်း၊ လမ်းလျှောက်သွားပြန်
ပျင်းဖျားဖမ်းလို၊ ပူပန်ငိုချင်
ဆိုရွတ်တွေးတော၊ မြင်မောသမျှ
အိပ်မရတိုင်း၊ ဖွင့်ဟချင်လိုက်။

တစ်မိုက်ညမှျ
ယုယမျှတ၊ ဘယ်သူထ၍
ပြောပြချင်းရာ၊ နားထောင်မှာလဲ
ဘာသာညည်းရ၊ ငိုက်မြည်းယောင်ယမ်း
အိပ်မက်ကြမ်းနှင့်၊ ပန်းမောတဝက်
မလွန့်ရက်ဘဲ၊ မေ့းစက်ရလျှင်
မနိုးရှင်ပါ
အိပ်ချင်မျက်စိ ပေးလှာဘိ။ ။

*မြဝတီ၊ ၁၉၆၁၊ ဖေဖော်ဝါရီ*

* * *

## အချည်းနှီးပိတောက်

လှလိုက်တာကွယ်
ဝင်းဝါထိန်ရဲ၊ ဆုပ်ခဲရွှေငုံ
စုပြုံပွင့်ကြ၊ ပေါ်ဦးစရှင့်
လှ လှပါဘိ၊ နှုတ်ခမ်းဖိကပ်
နမ်းမိ ချစ်မိ၊ ပိတောက်နွယ်။

ပိတောက်ဦးမို့
ယစ်မူးတသ၊ နမြောလှရဲ့
ဘဝချစ်သူ၊ မိုက်မှားသူထင့်
မလှူရက်ဘူး၊ တပ်မက်ဦးမည်
ဆုထူးမဆင်၊ ဘုရားမတင်။

ပိတောက်ပွင့်နွယ်
ရင်ဝယ်ပွေ့ပိုက်၊ ဝမ်းမြောက်လှိုက်လှဲ
အိမ်ထဲပြေးခဲ့၊ ကြည့်ပါလှည့်ဦး
မောင့်ရဲ့အနား၊ စကားစလည်း
ပြုံးမြလျက်ပင်၊ မောင်မမြင်။

မောင်မမြင်၍
ငိုချင်ထွက်ခဲ့၊ ငဲ့မကြည့်တော့
ညွတ်ကော့မြိတ်စက်၊ အိမ်ပြင်ထွက်၍
သင်းညက်ပျံ့လှိုင်၊ ပိတောက်ခိုင်တို့
ပွေ့ကိုင်ရပ်ဆဲ၊ မိုးဖွဲဖွဲမှ
သဲမဲရိုင်းကြမ်း၊ မုန်တိုင်းရမ်းလည်း
မဆန်းကြယ်ဘူး ထင်မိ၏။

* * *

## စံပယ်မနာလိုတော့မည်

နံ့နက်မွှေးခဲ့
နုထွေးစံပယ်၊ သေးငယ်ပွင့်စ
မြလှဲ့ရွက်ကြား
သနားစရာ၊ ချစ်စရာရှင့်
အသာခူးလိုက်၊ မောင်ကြိုက်တတ်ရဲ့
မပြတ်အေးကြည်ချင်တတ်သည်။

မောင်ကကြိုပြီး
ချီနူတ်ခမ်းပွင့်၊ လှမ်းယူလင့်လည်း
စိတ်ထင့်စရာ၊ ယွန်းပြာပန်းအိုး
ပိုးနရွှေရွက်၊ ကျောက်ညှိခက်ကြား
လက်ဖျားယုယ၊ စိုက်ထိုးသခဲ့
အလှကြည့်ချင်ဟန်တူပြီ။

စိတ်မှာတမ်းမိ
နမ်းကြည့်ပါဦး၊ စံပယ်ဦးရှင့်
ခူးဆွတ်ရွရွ၊ မွှေးမြချင်ဖွယ်
ရင်ဝယ်ခုန်ပြီ၊ သတိရနိုး
စောင်းငဲ့ခိုးကြည့်၊ ရှက်မိလျက်ကို
ပြုံးသက်သက်နှင့်၊ လက်ကမ်းလင့်မှ
သခင့်ရင်ခွင်၊ မက်မောဝင်က
စံပယ်ငြင်ပြို၊ မနာလိုတော့မည်။ ။

* * *